စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန
လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# စိုက်ပျိုးစီးပွားသတင်းလွှာ

## (၂၀၂၂ ခုနှစ်၊ မေလ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် - ၁၇ မှ ၂၀/၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၇ / ၂၀၂၂)                    ၂၀၂၂ ခုနှစ်၊ မေလ(၅) ရက်

| ၅-၅-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၉၆၀.၁ |
| စင်္ကာပူဒေါ်လာ | ၁၃၄၂.၇ |
| စတာလင်ပေါင် | ၂၃၂၃.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၄၂၆.၂ |
| တရုတ်ယွမ် | ၂၇၉.၅၉ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၇၀ |
| အိန္ဒိယရူပီး | ၂၄.၂၅၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၆.၉၆ |
| မလေးရှား ရင်းဂစ် | ၄၂၅.၄၃ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၃၁၇ |
| ထိုင်းဘတ် | ၅၄.၂၉၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၅၈၉ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ၂၀၃၀ ပြည့်နှစ်တွင် ပြောင်းစိုက်ပျိုးထုတ်လုပ်မှု ၃ ဆအထိ တိုးတက်ထုတ်လုပ်ရန် São Paulo ပြည်နယ်အစိုးရက စီမံကိန်းဖြင့်ဆောင်ရွက်

➢ ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံအရောင်းအဝယ်ဖြစ်မှုများ အေးစက်ခဲ့သဖြင့် ဘရာဇီးလ်သီးနှံဈေးကွက်တွင် ဈေးနှုန်းပြောင်းလဲမှုနည်းပါးခဲ့

➢ ဆန်စပါး အာမခံအစီအစဉ်အတွက် ဘတ်ငွေ(၁.၉၂) ဘီလီယံကို သဘောတူခြင်း

➢ မုံညင်းဆီတင်သွင်းမှုအပေါ် အကောက်ခွန်လျှော့ချပေးရန် အိန္ဒိယလုပ်ငန်းရှင်များက အစိုးရထံ တောင်းဆို

➢ ကမ္ဘာလုံးဆိုင်ရာ ဆီထွက်သီးနှံပြတ်လပ်မှုကြောင့် ကာနိုလာဈေးနှုန်းမြင့်တက်မှုက ဩစတြေးလျ စိုက်ပျိုးသူများအတွက် အကျိုးဖြစ်ထွန်းစေခြင်း

➢ ဗီယက်နမ်နိုင်ငံသို့ ဩစတြေးလျ ကျွဲ၊ နွားအရှင် တင်ပို့မှုနှေးကွေးနိုင်ကြောင်း ခန့်မှန်းထားခြင်း

➢ အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီတင်ပို့မှု တားမြစ်ချက်ကို အရှိန်မြှင့်လိုက်ခြင်း

- **အထွေထွေသတင်းများ**

➢ ဩစတြေးလျနိုင်ငံ၏ စီးပွားရေးဆိုင်ရာ သတင်းများ

➢ ဂျာမနီနိုင်ငံရှိ Machinery and Equipment ကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းကဏ္ဍများ

- လျှော့ချတင်သွင်းရမည့် ကုန်စည် ၁၀၂ ခုအား အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနက ဖော်ထုတ်
- မတ်လတွင် ပြည်ပပို့ကုန်တင်ပို့မှု စံချိန်တင်မြင့်မားခဲ့ခြင်း (ထိုင်းနိုင်ငံ)
- လွန်ခဲ့သည့်ခြောက်လအတွင်း စက်ရုံသစ်ပေါင်း(၁,၀၀၀) ကျော်တည်ထောင်ခဲ့ကြခြင်း (ထိုင်းနိုင်ငံ)
- ဟောင်ကောင်ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော်လည်း ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် ဟောင်ကောင်၌ အလုပ်လက်မဲ့နှုန်းဆက်လက်မြင့်မားလျက်ရှိမည်ဟု ဟောင်ကောင် ဘဏ္ဍာရေးဝန်ကြီးကပြောကြားခဲ့ခြင်း

## ၂၀၃၀ ပြည့်နှစ်တွင် ပြောင်းစိုက်ပျိုးထုတ်လုပ်မှု ၃ ဆအထိ တိုးတက်ထုတ်လုပ်ရန် São Paulo ပြည်နယ်အစိုးရက စီမံကိန်းဖြင့်ဆောင်ရွက်

ဘရာဇီးလ်နိုင်ငံတွင် ပြောင်းအမြောက်အများစိုက်ပျိုးထုတ်လုပ်သည့် ဆောင်ပိုလိုပြည်နယ်တွင် နှစ်စဉ်ပြောင်းတန်ချိန် ၃.၃ သန်းအား စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်၌ ပြောင်းတန်ချိန် ၁၁ သန်းအထိစိုက်ပျိုးထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေးကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း Ribeirão Preto မြို့တွင်ကျင်းပပြုလုပ်သည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းပြပွဲတွင် ပြည်နယ်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါအခမ်းအနားသို့ ပြည်နယ်စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဦးစီးဌာန၊ Brazilian Association of Corn Producers (Abramilho)၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်လုပ်သော ကုမ္ပဏီများတက်ရောက်ခဲ့ကြပြီး ပြည်နယ်အတွင်း ပြောင်းသီးနှံတိုးတက်ထုတ်လုပ်ရေးဆိုင်ရာ စာတမ်းများနှင့် သုတေသနလေ့လာတွေ့ရှိချက်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြထားသည်။

São Paulo ပြည်နယ်တွင် ပြောင်းတိုးတက်စိုက်ပျိုးထုတ်လုပ်ရေးအစီအစဉ် Milho+ SP အား ပြည်နယ်အစိုးရ၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီများပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး São Paulo ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးကုမ္ပဏီများက တောင်သူများထံသို့ ပြောင်းစိုက်ပျိုးမှုဆိုင်ရာနည်းပညာများအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ Milho+ SP အစီစဉ်တွင် ပြည်နယ်အတွင်းရှိစိုက်ပျိုးရေး ကုမ္ပဏီများအပါအဝင် ပြောင်းစိုက်တောင်သူဦးရေ ၁၀၀,၀၀၀ ကျော် ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

Milho+ SP အစီစဉ်တွင် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများပေးခြင်း၊ စိုက်ပျိုးရေးနည်း စနစ်များဖြန့်ဝေခြင်း၊ စိုက်ပျိုးရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ်များသင်ကြားပေးခြင်း၊ ဒီဂျစ်တယ်နည်းပညာနှင့် အဆင့်မြင့်လယ်ယာသုံးစက်ပစ္စည်း အသုံးပြုနည်းများသင်ကြားပေးခြင်း၊ သီးနှံအာမခံထားရှိခြင်းနှင့် ချေးငွေရယူခြင်းစနစ်များ၊ စက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ခြင်းနှင့် သီးနှံရောင်းဝယ်ခြင်းလုပ်ငန်းများ စသည်ဖြင့် အဆင့်များစွာပါဝင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

São Paulo ပြည်နယ်၏ တစ်နှစ်ပြောင်းစားသုံးမှုနှုန်းသည် တန်ချိန် ၈.၉ သန်းခန့်ရှိကြောင်း၊ ပြည်နယ်အတွင်းမှ ပြောင်းတန်ချိန် ၃.၃ သန်းကျော်သာ စိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် အခြားပြည်နယ်များမှ ပြောင်းတန်ချိန် ၅.၆ သန်းခန့်အား နှစ်စဉ်တင်သွင်းနေရကြောင်း၊ ပြည်နယ်အတွင်း

တွင် စိုက်ပျိုးမြေဟက်တာ ၁၅.၈ သန်းကျော်ရှိသည့်အနက် ကြံစိုက်ပျိုးဧရိယာ သည် ၅.၄ သန်းကျော် ရှိနေကြောင်း စိုက်ပျိုးရေးကုမ္ပဏီ Horizon က ပြောကြားခဲ့သည်။

ထို့အပြင် ပြောင်းစိုက်ပျိုးရေးစီမံကိန်း Corn+ SP အစီအစဉ်ကို ပြည်နယ်၏ အနောက် မြောက်ပိုင်းဒေသများတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး လမ်းပမ်းဆက်သွယ် ရေးကောင်းခြင်း၊ စိုက်ပျိုးရေးအတွက်ရာသီဥတုကောင်းမွန်ခြင်းနှင့် ပြောင်းစားသုံးမှုမြင့်မားခြင်းတို့ ကြောင့် အဆိုပါဒေသအား ရွေးခြယ်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

.................................................................

## ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံအရောင်းအဝယ်ဖြစ်မှုများ အေးစက်ခဲ့သဖြင့် ဘရာဇီးလ်သီးနှံ ဈေးကွက်တွင် ဈေးနှုန်းပြောင်းလဲမှု နည်းပါးခဲ့

မေလ ၂ ရက်နေ့တွင် အမေကန်ဒေါ်လာငွေတန်ဖိုး ပြန်လည်မြင့်တက်မှုကြောင့် အမေရိ ကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံအရောင်းအဝယ်ဖြစ်မှုများ အေးစက်ခဲ့ကြောင်း၊ အကျိုး ဆက်အနေဖြင့် ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်များတွင်လည်း ပဲပုတ်စေ့ ဈေးနှုန်းပြောင်းလဲမှုများ အနည်းငယ်သာ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

မေလ ၂ ရက်နေ့တွင် ဘရာဇီးလ်နိုင်ငံ သီးနှံဈေးကွက်များတွင် ဖြစ်ပေါ်ခဲ့သည့် (၆၀) ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုတ်စေ့ (၁) အိတ်တန်ဖိုးသည် Passo Fundo (RS)ဈေးကွက်တွင် ၁၉၉ ဟဲရာဖြင့်လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၂၀၀ ဟဲရာဖြင့်လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၁၉၀ ဟဲရာဖြင့်လည်းကောင်း၊ Cascavel (PR) ဈေးကွက်တွင် ၁၉၀ ဟဲရာဖြင့်လည်းကောင်း၊ Port of Paranaguá(PR) ဈေးကွက်တွင် ၁၉၇ ဟဲရာဖြင့် လည်းကောင်း၊ Dourados (MS) ဈေးကွက်တွင် ၁၈၃ ဟဲရာဖြင့်လည်းကောင်း အသီးသီး ဈေးနှုန်းများတည်ငြိမ်ခဲ့ပြီး Rondonópolis (MT) ဈေးကွက်တွင် ၁၈၀ ဟဲရာမှ ၁၈၁.၅၀ ဟဲရာသို့ ဈေးနှုန်းအနည်းငယ်မြင့်တက် ခဲ့ပြီး Rio Verde (GO) ဈေးကွက်တွင် ၁၇၅ ဟဲရာမှ ၁၇၄ ဟဲရာသို့ ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့ ကြောင်း သတင်းတွင်ဖော်ပြထားသည်။

Agribusiness Trade

မေလ ၂ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ Chicago Commodity Exchange (CBOT) တွင် ဒေါ်လာငွေတန်ဖိုး အတက်အကျလျင်မြန်စွာဖြစ်ပေါ်ခဲ့သဖြင့် သီးနှံရောင်းဝယ်မှုများအေးစက်ခဲ့ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ၏ အချို့မြို့ကြီးများ တွင် Zero Covid မူဝါဒကြောင့် သွားလာမှုကန့်သတ်ချက်များချမှတ်ထားခြင်းကြောင့် ကုန်တင်ပို့မှုများရပ်တန့်လျက်ရှိနေခြင်းနှင့် ပဲပုတ်စေ့အများအပြားစိုက်ပျိုးသည့် အမေရိကန်နိုင်ငံ၏ အချို့ဒေသများတွင် မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိနေသဖြင့် ပဲပုတ်စေ့တင်ပို့မှုများ သိသိသာသာကျဆင်းလျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ကိုင်သည့် အချို့ပြည်နယ်များတွင် မိုးများအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ပြောင်းစိုက်ပျိုးမှုများ ဆိုင်းငံ့ထားရလျက်ရှိပြီး ဆီထွက်သီးနှံများအစားအခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် စဉ်းစားလျက်ရှိကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန (USDA) ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

ဧပြီလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အတွင်း ချီကာဂိုစတော့ဈေးကွက်မှ ပဲပုတ်စေ့တန်ချိန် ၆၀၁,၂၈၂ တန်တင်ပို့ခဲ့ပြီး ဇူလိုင်လအတွက် ပဲပုတ်စေ့ ၁ စည်၏ ကြိုပွိုင့်ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၁၆.၄၅ ဒေါ်လာရရှိခဲ့သဖြင့် ၂.၃၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဩဂုတ်လအတွက် ပဲပုတ်စေ့ ၁ စည်ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၁၆.၀၀ ဈေးနှုန်းဖြစ်ပေါ်ခဲ့သဖြင့် ၂.၁၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပဲပုတ်စေ့ထွက်ကုန်ပစ္စည်း ဈေးကွက်တွင် ဇူလိုင်လအတွက် ပဲပုတ်ခွဲ ၁ တန်၏ ကြိုပွိုင့်ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၄၃၀.၉၀ ဖြစ်ပေါ်ခဲ့သဖြင့် ၀.၃၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဇူလိုင်လအတွက် ပဲပုတ်ဆီ ၁ ပေါင်၏ ကြိုပွိုင့်ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၈၀.၀၉ ဆင့်ဖြစ်ပေါ်ခဲ့သဖြင့် ၄.၈၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ နိုင်ငံခြားငွေကြေးဈေးကွက်တွင် အမေရိကန် ၁ ဒေါ်လာလျင် ရောင်းဈေး ၅.၀၇၂၀ ဟဲရာ၊ ဝယ်ဈေး ၄.၉၆၄၀ ဟဲရာတို့ဖြင့် ဈေးနှုန်းများဖြစ်ပေါ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

……………………………………………………………………………………………..

Agribusiness & Trade

## ဆန်စပါး အာမခံအစီအစဉ်အတွက် ဘတ်ငွေ(၁.၉၂) ဘီလီယံကို သဘောတူခြင်း

အမျိုးသားဆန်စပါး မူဝါဒကော်မတီက ၂၀၂၂ ခုနှစ်သီးနှံရာသီ၏ အဓိကသီးနှံဖြစ်သည့် ဆန်စပါးအာမခံအစီအစဉ်အတွက် ဘတ်ငွေ(၁.၉၂) ဘီလီယံကို(၂၇.၄.၂၀၂၂) ရက်နေ့တွင် သဘောတူအတည်ပြုခဲ့ကြကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Boonyarit Kalayanamit က အဆိုပါအစီအစဉ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စပါးစိုက်ပျိုးသည့်မြေဧက(၂၈.၅) သန်းရိုင်(Rai) ကိုလွှမ်းခြုံထားကြောင်းနှင့် ၎င်း(၂၈.၅)သန်းရိုင်တွင်(၂၈) သန်းမှာ အစိုးရပိုင် လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဘဏ်(BAAC) ၏ ဖေါက်သည် လယ်သမားများပိုင်သည့်မြေများဖြစ်ကြောင်း ကျန်ရှိသည့်မြေဧက(၀..၅) သန်းမှာ အခြားသောလယ်သမားများ ပိုင်ဆိုင်သည့်မြေများဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အာမခံအစီအစဉ်ကို BAAC မှ တာဝန်ယူဆောင်ရွက်ပြီး သဘာဝဘေးအန္တရာယ်(၇) မျိုးဖြစ်သည့် ရေကြီးခြင်း၊ မိုးကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ချမ်းအေးခြင်း၊ မိုးသီးကြွေကျခြင်း၊ မီးလောင်ခြင်းနှင့် တောဆင်ရိုင်းအန္တရာယ်များ ပါဝင်ကြောင်း သိရှိရပါသည်။ အဆိုပါအာမခံအစီအစဉ်ကို ဘေးအန္တရာယ်ကျရောက်မှုအပေါ် မူတည်ပြီး အာမခံပရီမီယံနှုန်းထား(၄) ခုကို မြေတစ်ရိုင်လျှင် ဘတ်ငွေ(၁၀၇) မှ (၂၃၄) ဘတ်အထိ သတ်မှတ်ထားကြောင်း သိရှိရပါသည်။

BAAC ၏ ဖေါက်သည်များအားလုံးနှင့် ဘေးအန္တရာယ်နည်းပါးသော ဒေသများရှိတောင်သူလယ်သမားများအတွက် တန်ဖိုးမြှင့်အခွန်နှင့် ဝင်ငွေခွန်တံဆိပ်ခေါင်းကြေးအပါအဝင် မြေတစ်ရိုင်လျှင် ပရီမီယံကြေး (၁၀၇) ဘတ် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ၎င်းတွင်အစိုးရမှ မြေတစ် ရိုင်လျှင် ပရီမီယံကြေး (၃၉.၆) ဘတ် ထည့်ဝင်ပေးမည်ဖြစ်ပြီး အစီအစဉ်တွင်ပါဝင်မည့် တောင်သူလယ်သမားမှ မြေတစ်ရိုင်အတွက် (၆၇.၄၀) ဘတ် ထည့်ဝင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

အလယ်အလတ်ဘေးအန္တရာယ်ရှိသော ဒေသများရှိ တောင်သူလယ်သမားအတွက် တန်ဖိုးမြှင့်အခွန်နှင့် ဝင်ငွေခွန်တံဆိပ်ခေါင်းကြေးအပါအဝင် မြေတစ်ရိုင်အတွက် အာမခံပရီမီယံကြေးမှာ (၂၁၄) ဘတ်ဖြစ်ကြောင်း၊ ၎င်းတွင်အစိုးရမှ(၇၄.၄) ဘတ် ထည့်ဝင်ပေးမည်ဖြစ်ကာ တောင်သူလယ်သမားမှ(၁၃၉.၆၀) ဘတ် ထည့်ဝင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

ဘေးအန္တရာယ်မြင့်မားသောဒေသများရှိ တောင်သူလယ်သမားအတွက် တန်ဖိုးမြှင့်အခွန်နှင့် ဝင်ငွေခွန်တံဆိပ်ခေါင်းကြေးအပါအဝင် မြေတစ်ရိုင်အတွက် အာမခံပရီမီယံကြေးမှာ (၂၃၄.၃၃)

ဘတ်ဖြစ်ကြောင်း၊ ၎င်းတွင်အစိုးရမှ(၇၅.၇၃) ဘတ် ထည့်ဝင်ပေးမည်ဖြစ်ကာ တောင်သူလယ်သမားမှ(၁၅၈.၆၀) ဘတ် ထည့်ဝင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

ဆက်စပ်သည့်အနေဖြင့် Mr.Boonyarit က ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာ့စျေးကွက်တွင် ဝယ်လိုအားမြင့်တက်လာခြင်း၊ ဘတ်ငွေအားနည်းနေခြင်းနှင့် စပါးစိုက်ပျိုးမှုအတွက် ရေလုံလောက်စွာရရှိခြင်းတို့ကြောင့် ဆန်တင်ပို့မှုအနေဖြင့် တန်ချိန်(၇) သန်းထက် ကျော်လွန်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ယခုနှစ်အတွက် ဆန်တင်ပို့မှုအပေါ် တန်ချိန်(၇) သန်း တင်ပို့နိုင်မည်ဟု ခန့်မှန်းထားပြီး ၎င်းမှာ၂၀၂၂ ခုနှစ်ကထက်(၁၄.၄%) တိုးလာစေရန် ရည်မှန်းထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ယခင်နှစ်က ဆန်ထုတ်လုပ်မှုအနေဖြင့် တန်ချိန်(၄၁.၂) သန်း ရှိခဲ့ရာမှ ယခုနှစ်တွင် ဆန်တန်ချိန်(၅၄၀,၀၀၀) ပိုမိုတိုးတက်လာစေရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

ကမ္ဘာ့စျေးကွက်တွင် ဝယ်လိုအားမြင့်တက်လာခြင်းနှင့် ဘတ်ငွေအားနည်းနေခြင်းတို့ကြောင့် ယခုနှစ်တွင် ပြည်ပတင်ပို့မှုဆန်တန်ချိန်(၈) သန်းကျော်နိုင်ကြောင်း ဝါရင့်ကုန်သည်တစ်ဦးဖြစ်သည့် Chookiat Ophaswongse ကခန့်မှန်းထားကြောင်း သိရှိရပါသည်။

အကယ်၍ ထိုင်းနိုင်ငံအနေဖြင့် လစဉ်ပျမ်းမျှအားဖြင့် ဆန်တန်ချိန်(၇) သိန်းတင်ပို့နိုင်မည်ဆိုပါက ယခုနှစ်အတွက် ပြည်ပသို့ဆန်တန်ချိန်စုစုပေါင်း(၈) သန်းခန့် တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ အသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ဆန်တန်ချိန်(၇) သန်းတင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြကြောင်း သိရှိရပါသည်။

ပြည်ပတင်ပို့မှုတန်ဖိုးအနေဖြင့် ဘတ်ငွေ(၁၃၀) ဘီလီယံခန့် ရှိမည်ဖြစ်ကြောင်း၊ ၎င်းမှာ ယခင်နှစ်ကရရှိခဲ့သော ဘတ်ငွေ(၁၁၀) ဘီလီယံထက် ပိုမိုတိုးတက်ခြင်းဖြစ်ကြောင်း၊ ထိုင်းဆန်မှာ ဘတ်ငွေတန်ဖိုးအားနည်းနေခြင်းနှင့် ဖြစ်ပွားနေဆဲ ရုရှား-ယူကရိန်းပဋိပက္ခတို့ကြောင့် ထိုင်းဆန်စျေးနှုန်းမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိနေကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

## မုံညင်းဆီတင်သွင်းမှုအပေါ် အကောက်ခွန်လျှော့ချပေးရန် အိန္ဒိယလုပ်ငန်းရှင်များက အစိုးရထံ တောင်းဆို

ယူကရိန်း စစ်ပွဲကြောင့် နေကြာဆီတင်သွင်းမှု ဈေးကွက်ပုံပျက်ယွင်းလျက်ရှိပြီး အင်ဒို-ရုရှား နီးရှားနိုင်ငံက ပြည်ပသို့ စားအုန်းဆီတင်ပို့မှုအား တားမြစ်ပိတ်ပင်ခဲ့သည့်နောက် အိန္ဒိယနိုင်ငံရှိ စားသုံးဆီလုပ်ငန်းရှင်များသည် ပြည်တွင်းသို့ ကန်နိုလာမုံညင်းဆီ (canola oil) တင်သွင်းမှုအပေါ် လက်ရှိကောက်ခံနေသည့် အကောက်ခွန်နှုန်း ၃၈.၅% မှ ၅၅.% သို့ လျှော့ချပေးရန် အစိုးရထံ စာရေးသားပေးပို့ တောင်းဆိုခဲ့ကြကြောင်း သိရှိရပါသည်။

စားသုံးဆီလုပ်ငန်းရှင်များက ၎င်းတို့အနေဖြင့် ပြည်တွင်း၌ စားသုံးဆီများရလွယ်နိုင်မှုကို န်းတည်ငြိမ်ရေး ထိန်းသိမ်းဆောင်ရွက်အထောက်အကူပေးရန်နှင့် ဈေးနှုန်း လိုလားလျက်ရှိပြီး ရောင်းလိုအားအပိုင်း၌ ကန့်သတ်ချက်များရှိနေချိန်တွင် သွင်းကုန်အပေါ်ကောက်ခံသည့် အခွန်နှုန်း ထားအား ပမာဏများပြားစွာလျှော့ချပေးခြင်းကသာ ထိုသို့လုပ်ဆောင်နိုင်မည်ဟု ပြောဆိုလျက်ရှိကြသည်။

တမီနာဒူ၊ အန္တရာပရာဒေ့ရှ်၊ တဲလန်ဂါနာနှင့် ကာနာတကာ ပြည်နယ် အိန္ဒိယတောင်ပိုင်းရှိ များ၌ နေကြာဆီကိုသာ စားဖိုဆောင်သုံးအဖြစ် အဓိကသုံးစွဲကြကြောင်း၊ ၎င်းပြည်နယ် ၄ ခု၌ လစဉ် နေကြာဆီစားသုံးမှုမှာ တန်ချိန် ၁၅၀၀၀၀ ခန့်ရှိကြောင်း၊ သို့ရာတွင် ရုရှား-ယူကရိန်း စစ်ပွဲဖြစ်ပွားမှု ကဈေးကွက်သို့ ကုန်စည်ပေးသွင်းနိုင်မှုအပေါ် ဖိအားသက်ရောက်မှုရှိပြီး အိန္ဒိယတောင်ပိုင်း၌ လစဉ် နေကြာဆီ တင်သွင်းနိုင်ရရှိနိုင်မှုမှာ တန်ချိန် ၇၀၀၀၀ သို့ ကျဆင်းခဲ့ကြောင်း၊ သို့ဖြစ်ရာ ၎င်းတို့အနေဖြင့် နေကြာဆီ၏နေရာတွင် အစားထိုးသုံးစွဲနိုင်မည့် ဒုတိယမြောက်စားသုံးဆီကို လက်ငင်းလိုအပ်လျက်ရှိကြောင်း၊ အိန္ဒိယတောင်ပိုင်းရှိ စားသုံးသူများအနေဖြင့် ပဲပုတ်ဆီနှင့် ရိုးရိုးမုံညင်းဆီ (mustard oil) တို့ကို နှစ်သက်မှုမရှိသဖြင့် ကန်နိုလာမုံညင်းဆီကသာ တစ်ခုတည်းသော အစားထိုး စားသုံးဆီ ဖြစ်ကြောင်းဖြင့် အိန္ဒိယနိုင်ငံတောင်ပိုင်း၌ အခြေပြုလုပ်ငန်းဆောင်ရွက်သည့် Gemini Edibles & Fats India စားသုံးဆီလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Pradeep Chowdhry က Economic Times သတင်းဌာနသို့ ပြောကြားပါသည်။

စားသုံးဆီဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်သောSunvin Group မှ အမှုဆောင်အရာရှိချုပ် Mr. Sandeep Bajoria ကလည်း ကန်နိုလာမုံညင်းစေ့ ရိတ်သိမ်းရာသီမှာ ကုန်လွန်ခဲ့ပြီဖြစ်ကြောင်း၊ အကယ်၍ အစိုးရကသာ အကောက်ခွန်နှုန်းလျှော့ချပေးပါက ကန်နိုလာမုံညင်းဆီတင်

Agribusiness & Trade

သွင်းမှုဖြင့် ပြည်တွင်းဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပဲပုတ်ဆီနှင့် နေကြာဆီတို့နည်းတူ ကန်နိုလာမုံညင်းဆီအပေါ် ကောက်ခံသည့် သွင်းကုန်အခွန်ကို ၅.၅% သို့ လျှော့ချပေးသင့်ကြောင်း၊ စားအုန်းဆီများ တင်ပို့မှုကို တားမြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံက ကြေညာချက်ထုတ်ပြန်ချိန်၌ စားသုံးဆီဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ သို့ရာတွင် စားအုန်းဆီကြမ်းတင်ပို့မှုမှာ အကျုံးမဝင်ကြောင်း အင်ဒိုနီးရှားအစိုးရက ရှင်းလင်းချက် ထပ်မံထုတ်ပြန်မှုကြောင့် ဈေးနှုန်းအနည်းငယ် ပြန်ကျခဲ့ကြောင်း၊ ကန်နိုလာမုံညင်းဆီများအား တိုးမြှင့်တင်သွင်းနိုင်ပါက ထိုထက်ပိုမို၍ ဈေးနှုန်းပြန်လည်ကျဆင်းနိုင်မည်ဖြစ်ကြောင်း ပြောဆိုပါသည်။

ဖော်လိုခြင်းမရှိသော စားသုံးဆီလုပ်ငန်းရှင်အချို့က အိန္ဒိယအစိုးရသည် ပြည် အမည်ထုတ် တွင်းမုံညင်းဆီထုတ်လုပ်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိမည်ကို စိုးရိမ်မှုရှိနေကြောင်း၊ သို့ဖြစ်ရာ လုပ်ငန်းရှင်များအနေဖြင့် အိန္ဒိယတောင်ပိုင်းဒေသရှိ ချန်နိုင်း၊ မန်ဂလော၊ ခရစ်ရှ်နာပတ်နမ်နှင့် ကာကီနာဒါ ဆိပ်ကမ်းများမှသာ ကန်နိုလာမုံညင်းဆီများအား တင်သွင်းခွင့်ပြုရေး အစိုးရသို့ တောင်းဆိုထားကြောင်း၊ ထို့အပြင် စားသုံးသူများ၏ လက်ငင်းသက်သာမှု ရရှိစေရေးအတွက် စားအုန်းဆီကြမ်းတင်သွင်းမှုအပေါ် ကောက်ခံသော စိုက်ပျိုးရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး ထပ်ဆောင်းအခွန် ၅% ကိုလည်း သုညရာခိုင်နှုန်းသို့ လျှော့ချပေးသင့်ကြောင်းဖြင့် ပြောကြားပါသည်။ ကန်နိုလာမုံညင်းဆီများအား အကောက်ခွန်လျှော့ချပေးပါက အိန္ဒိယတောင်ပိုင်း ဒေသများသို့ အာရပ်စော်ဘွားများပြည်ထောင်စုရှိ ဒူဘိုင်းမြို့မှတစ်ဆင့် လျင်မြန်စွာမှာယူ တင်သွင်းနိုင်သည့် အခြေအနေရှိကြောင်း သိရှိရပါသည်။

Source: Edible oil industry writes to govt seeking lower import duty on canola oil, 28-4-2022, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

…………………………………………………………………………………………………

Agribusiness & Trade

## ကမ္ဘာလုံးဆိုင်ရာ ဆီထွက်သီးနှံပြတ်လပ်မှုကြောင့် ကာနိုလာဈေးနှုန်း မြင့်တက်မှုက ဩစတြေးလျ စိုက်ပျိုးသူများအတွက် အကျိုးဖြစ်ထွန်းစေခြင်း

သဘာဝဘေးအန္တရာယ်များနှင့် ကုန်သွယ်မှုဆိုင်ရာ တားမြစ်ပိတ်ဆို့မှုများသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆီထွက်သီးနှံဈေးနှုန်းမြင့်တက်နေရာ ဩစတြေးလျ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်စေကြောင်း သိရှိရသည်။

ယူကရိန်းစစ်ပွဲနှင့် ကနေဒါတွင် မိုးခေါင်မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် ကောက်ပဲသီးနှံ ပြတ်လပ်မှုကို ဩစတြေးလျနိုင်ငံ၏ စံချိန်တင်ရိတ်သိမ်းမှုက ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။ Canada Price Index အရ ကမ္ဘာ့ဈေးကွက်တွင် ကာနိုလာတစ်တန်လျှင် ကနေဒါဒေါ်လာ ၁,၁၈၄.၇၀ တန်ကြေးရှိပြီး လွန်ခဲ့သည့်တစ်နှစ်ခန့်က ကနေဒါဒေါ်လာ ၆၈၀ မှ နှစ်ဆနီးပါး မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဩစတြေးလျနိုင်ငံတွင် ဈေးနှုန်းများသည် လွန်ခဲ့သည့် ခြောက်လအတွင်း တစ်တန်လျှင် ဩစတြေးလျဒေါ်လာ ၁,၀၀၀ ကျော်အထိ တောက်လျှောက် မြင့်မားနေသည်။

ဩစတြေးလျ ဆီထွက်သီးနှံများအဖွဲ့ချုပ်မှ အမှုဆောင်ချုပ် Nick Goddard က ကမ္ဘာ့ရောင်းလိုအား ကြပ်တည်းမှုနှင့် ယမန်နှစ်က စံချိန်တင်နိုင်ငံလုံးဆိုင်ရာ ရိတ်သိမ်းမှုတန်ချိန် ၆.၄ သန်းကြောင့် ဩစတြေးလျ လယ်သမားများသည် ယခုနှစ်တွင် ကြီးကြီးမားမား ဝင်ငွေရရှိမည်ဟု ခန့်မှန်းထားသည်။ ယူကရိန်းအခြေအနေသည် ကာနိုလာ ဈေးနှုန်းမြင့်တက်ခြင်း အကြောင်းတစ်ရပ်ဖြစ်သည့်အပြင် ဥရောပနှင့် အမေရိကန်နိုင်ငံတဝှမ်းတွင် ဇီဝလောင်စာဝယ်လိုအား မြင့်မားခြင်းသည် အခြားသောအချက်ဖြစ်ကြောင်း Mr Goddard က ပြောကြားခဲ့သည်။

ပြီးခဲ့သော ၂၂-၄-၂၀၂၂ ရက်နေ့က အင်ဒိုနီးရှားအစိုးရသည် စားအုန်းဆီတင်ပို့မှုကို တားမြစ်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထောက်ပံ့သူဖြစ်သောကြောင့် အခြားဆီထွက်သီးနှံများ ဝယ်လိုအား မြင့်တက်လာမည်ဟု လေ့လာသူများက ခန့်မှန်းကြသည်။ အင်ဒိုနီးရှားနိုင်ငံရှိ စူပါမားကတ်များတွင် ဟင်းသီးဟင်းရွက်ဆီဈေးများ မြင့်တက်လာမှုကိုထိန်းနိုင်ရန် အစိုးရက စားအုန်းဆီတင်ပို့ခြင်းကို တားမြစ်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

စားအုန်းဆီသည် ကမ္ဘာတစ်ဝှမ်းတွင် အသုံးပြုမှုအများဆုံးဖြစ်သည်။ ကနေဒါ၊ ပြင်သစ်နှင့် ကမ္ဘာတစ်ဝှမ်းရှိ ကာနိုလာဆီထွက်သီးနှံ အနာဂတ်မှာ ပဲပုပ်ဆီကဲ့သို့ပင် အခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

လာမည့်လများအတွင်း သြစတြေးလျ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်တွင် ရာသီအလိုက် အခြေအနေများ အားကောင်းမည်ဟု ခန့်မှန်းထားပြီး၊ လာနီနာသည် ဆက်လက်တည်ရှိမည်ဟု ခန့်မှန်းထားသည်။ နယူးဆောက်ဝေးလ်အနောက်အလယ်ပိုင်းရှိ လယ်သမားများသည် ကာနိုလာကို များစွာစိုက်ပျိုးကြလျက်ရှိပြီး၊ စိုက်ပျိုးသူများမှာ လက်ရှိဈေးနှုန်းများကြောင့် ပိုမိုစိုက်ပျိုးလိုကြကြောင်း သိရှိရသည်။ သို့သော်အဓိကသွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာကုန်ကျစရိတ်မှာ ၂ ဆ ခန့် မြင့်တက်နေပြီး၊ လောင်စာဆီကုန်ကျစရိတ်မှာလည်း ကြီးမားလျက် ရှိကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………………

## ဗီယက်နမ်နိုင်ငံသို့ သြစတြေးလျ ကျွဲ၊ နွားအရှင် တင်ပို့မှုနှေးကွေးနိုင်ကြောင်း ခန့်မှန်းထားခြင်း

ယခုသီတင်းပတ်အတွင်း သြစတြေးလျနိုင်ငံ၊ ဒါဝင်မြို့မှ ဗီယက်နမ်နိုင်ငံသို့ နွားအရှင်များ ပထမဆုံးတင်ပို့မှုသည် အရှေ့တောင်အာရှနိုင်ငံများသို့ ကုန်သွယ်မှုအတွက် နောက်ထပ်နှေးကွေးသော နှစ်တစ်နှစ်ဖြစ်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

သြစတြေးလျမှ ဗီယက်နမ်သို့ တင်ပို့သည့် နွားအရေအတွက်သည် ၂၀၂၁ ခုနှစ်တွင် ၁၆၀,၀၀၀ သို့ ထက်ဝက် နီးပါးကျဆင်းသွားခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် ကောင်ရေ ၃၀၀,၀၀၀ နီးပါးမှ ကျဆင်းသွားခဲ့ခြင်း ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသို့ ကျွဲ၊ နွားအရှင် တင်ပို့မှုသည် ယခင်နှစ်များထက် သိသိသာသာကျဆင်းသွားဖွယ်ရှိကြောင်း ကျွဲ၊ နွားအရှင် တင်ပို့သူများနှင့် လုပ်ငန်းကဏ္ဍ ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

ဇန်နဝါရီလမှ စတင်၍ ဗီယက်နမ်နိုင်ငံသို့ နွားကောင်ရေ ၅,၅၀၀ သာ သြစတြေးလျ ဆိပ်ကမ်းများမှ ထွက်ခွာခဲ့ပြီး၊ ၂၀၂၁ ခုနှစ် အလားတူကာလတွင် ကောင်ရေ ၄၅,၀၀၀ ဝန်းကျင်မှ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံက နယ်စပ်များကို ပိတ်လိုက်သည့်အချိန်တွင် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ကျွဲ၊ နွားများ ဗီယက်နမ်နိုင်ငံတွင် အလျှံပယ်ရှိနေပြီး၊ ဘရာဇီးလ်နိုင်ငံမှလည်း ဝင်ရောက်မှုများရှိခဲ့

ကြောင်း သိရှိရသည်။ ထို့အပြင် ဩစတြေးလျနိုင်ငံတွင် နွားဈေးနှုန်းများ ဆက်လက် မြင့်မားနေပါက ယခုနှစ်အတွင်း ဗီယက်နမ်မှ တင်သွင်းသည့် နွားအရေအတွက်ကို ထိခိုက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယခုသီတင်းပတ်အတွင်း အသားနှင့် မွေးမြူရေးထုတ်ကုန်အသင်းက ကျွဲ၊ နွားအရှင်တင်ပို့ကုန်သွယ်မှုအတွက် ပထမဦးဆုံး ကျွဲ၊ နွားအရှင်တင်ပို့မှု ဈေးနှုန်းညွှန်းကိန်း (The Live Export Price Indicator–LEPI) ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ LEPI သည် ဒါဝင်မှ အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့သော ကျွဲ၊ နွားအရှင် ပျမ်းမျှဈေးနှုန်းများကို ခြေရာခံနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

..........................................................................................

## အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီတင်ပို့မှု တားမြစ်ချက်ကို အရှိန်မြှင့်လိုက်ခြင်း

အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီကြမ်းနှင့် အခြားသန့်စင်ပြီးထုတ်ကုန်များ ပါဝင်သည့် ကျယ်ပြန့်သောစားအုန်းဆီတင်ပို့မှု တားမြစ်ချက်ကို စတင်လိုက်ရာ နိုင်ငံတကာဝယ်လက်များကို အံ့အားသင့်သွားစေခဲ့ကြောင်း သိရှိရသည်။

အစောပိုင်းတွင် စီးပွားရေးဝန်ကြီးက တားမြစ်ချက်တွင် သန့်စင်သော၊ အရောင်ချွတ်ထားသောနှင့် အနံ့ချွတ်ထားသော (Refined, Bleached & Deodorized) စားအုန်းဆီ (Palm Olein) များသာအကျုံးဝင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ပြီးခဲ့သည့် ၂၇-၄-၂၀၂၂ ရက်နေ့ နှောင်းပိုင်းတွင် အံ့အားသင့်စရာ မူဝါဒအပြောင်းအလဲအဖြစ် အင်ဒိုနီးရှား အာဏာပိုင်များက စားအုန်းဆီကြမ်းနှင့် အခြားထုတ်ကုန်များပါဝင်မည်ဟု ကြေညာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထုတ်လုပ်သူဖြစ်ပြီး၊ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှု၏ သုံးပုံတစ်ပုံခန့်ကို ထောက်ပံ့ပေးနိုင်သည်။ ယင်းမူဝါဒအပြောင်းအလဲက ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီဈေးအပေါ် ချက်ချင်းသက်ရောက်မှုရှိခဲ့ပြီး၊ ကမ္ဘာ့ဒုတိယ အကြီးဆုံးရောင်းချသူ မလေးရှားနိုင်ငံ၏ စားအုန်းဆီအနာဂတ်ကို ၉.၈ % အထိ မြင့်တက်လာစေခဲ့ကြောင်း သိရှိရသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက “ရှရှားနိုင်ငံက အဓိကသီးနှံထုတ်လုပ်သူ ယူကရိန်းကို ကျူးကျော်ဝင်ရောက်ပြီး၊ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖောင်းပွမှု စံချိန်တင်မြင့်တက်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် စားနပ်ရိက္ခာလုံခြုံမှုရှိစေရေးကို လိုလားကြောင်း၊ ပြည်တွင်းဈေးကွက်တွင် ဟင်းချက်ဆီများ ပေါ်များပြီး၊ တတ်နိုင်သည့် အနေအထားဖြစ်လာစေရန် ဤမူဝါဒကို အကောင်အထည်ဖော်ကာစောင့်ကြည့်အကဲဖြတ်မည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာန၏ စည်းမျဉ်းများအရ ၂၇-၄-၂၀၂၂ ရက်နေ့အထိ အကောက်ခွန် ကြေညာချက် ရယူထားပြီးသည့် ပို့ကုန်လုပ်ငန်းရှင်များ၏ ကုန်စည်များကို တင်ပို့ခွင့်ရှိကြောင်း သိရှိရသည်။ စီးပွားရေးဝန်ကြီးက အင်ဒိုနီးရှားနိုင်ငံတစ်ဝှမ်းတွင် ဟင်းချက်ဆီ အမြောက်အများဈေးနှုန်းသည် တစ်လီတာလျှင် အင်ဒိုနီးရှားရူပီး ၁၄,၀၀၀ (ဒေါ်လာ ၁.၃၅) သို့ ကျဆင်းသွားသောအခါ တားမြစ်ချက်ကို ရုတ်သိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လက်ရှိပေါက်ဈေးမှာ တစ်လီတာလျှင် ၁.၇၅ ဒေါ်လာမှ ၁.၉၃ ဒေါ်လာခန့်ရှိသည်။

တင်ပို့မှုတားမြစ်ချက်ကိုလိုက်နာရန် အင်ဒိုနီးရှားကသရုပ်ပြလိုက်သည့်အနေဖြင့် အဆိုပါစီမံဆောင်ရွက်ချက် စတင်မသက်ဝင်မီ တစ်ရက်အလိုတွင် စာရွက်စာတမ်း ကွဲလွဲမှုများကြောင့် စားဆီအုန်းဆီကြမ်း၊ စားအုန်းဆီ (palm olein) နှင့် မီသနောတို့ တင်ဆောင်လာသည့် ဆီတင်သင်္ဘောနှစ်စင်းကို အင်ဒိုနီးရှား ရေတပ်က သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

နှစ်စီးအနက် တစ်စီးဖြစ်သည့် MT Annabelle ဆီတင်သင်္ဘောသည် စားအုန်းဆီကြမ်း ၁၃,၃၅၇.၄ တန်နှင့် မီသနော (၉၈) စည်တို့နှင့်အတူ ယူအေအီးနိုင်ငံရှိ Shajrah သို့ ပို့ဆောင်ရန် တင်ဆောင်ထားခဲ့ကြောင်းနှင့် အခြားသင်္ဘောဖြစ်သည့် MT World Progress သည် စားအုန်းဆီ (palm olein) ၃၄,၈၅၄.၃ တန် တင်ဆောင်ကာ အိန္ဒိယနိုင်ငံသို့ ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် စားအုန်းဆီတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်ပြီး၊ လစဉ်စားသုံးသော တန်ချိန် ၇၀၀,၀၀၀ ၏ ထက်ဝက်နီးပါးမှာ အင်ဒိုနီးရှားကို မှီခိုနေရလျက်ရှိသည်။ အင်ဒိုနီးရှားစားအုန်းဆီ တန်ချိန် ၃ သောင်းခန့် လစဉ်ဝယ်ယူနေသည့် Gemini Edibles & Fats India ၏ မန်နေဂျင်းဒါရိုက်တာ Pradeep Chowdhry က တန်ချိန် ၁၆,၀၀၀ တင်ဆောင်ထားသည့် ၎င်းတို့သင်္ဘောသည် အင်ဒိုနီးရှားနိုင်ငံ၊ Kumai ဆိပ်ကမ်းမှာ ပိတ်မိနေကြောင်း ပြောကြားခဲ့သည်။

စားအုန်းဆီဝယ်ယူသူများသည် ယခုအချိန်တွင် မလေးရှားနိုင်ငံမှ အလျင်စလို ဝယ်ယူနေကြသော်လည်း မလေးရှားနိုင်ငံသည် ဝယ်လိုအားကို မဖြည့်နိုင်တော့ကြောင်း အိန္ဒိယနိုင်ငံ၊ ဟင်းသီး

ဟင်းရွက်ဆီပွဲစားနှင့် အတိုင်ပင်ခံကုမ္ပဏီ Sunvin Group ၏ အမှုဆောင်အရာရှိချုပ် Sandeep Bajoria က ပြောကြားခဲ့ကြောင်း သိရှိရသည်။

www.abc.net.au
ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

………………………………………………………………………………………………..

## သြစတြေးလျနိုင်ငံ၏ စီးပွားရေးဆိုင်ရာ သတင်းများ

### ငွေကြေးဖောင်းပွမှု မြင့်တက်လာသောကြောင့် အတိုးနှုန်းများ လာမည့်အပတ်တွင် မြင့်တက်လာနိုင်ခြင်း (သြစတြေးလျနိုင်ငံ)

သြစတြေးလျနိုင်ငံတွင် ၂၀၀၀ ခုနှစ်များအစောပိုင်း၌ ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် (Goods & Services Tax– GST) စတင်မိတ်ဆက်ချိန်မှစ၍ စားသုံးသူဈေးနှုန်းများသည် အလျင်မြန်ဆုံးနှုန်းဖြင့် မြင့်တက်ခဲ့သည်။ ယခုနှစ်တွင် လူနေမှုစရိတ်သည် ယမန်နှစ်ကထက် ၅.၁ % တက်လာသဖြင့် အနှစ် ၂၀ ကျော်အတွင်း စားသုံးသူဈေးနှုန်းသည် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ငွေကြေးဖောင်းပွမှု နောက်ဆုံးအကြိမ်သည် ၂၀၀၁ ခုနှစ်၊ ဇွန်လတွင် ဖြစ်ပွားခဲ့ပြီး၊ ယင်းကာလမတိုင်မီလေးတွင် စတင်ခဲ့သော ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် ၁၀ % ၏ အကျိုးသက်ရောက်မှုကြောင့် ဈေးနှုန်းများ ၆.၁ % အထိ သိသိသာသာ မြင့်တက်ခဲ့သည့် အမြင့်မားဆုံး အချိန်ဖြစ်ခဲ့သည်။

သြစတြေးလျစာရင်းအင်းဗျူရို(ABS) ၏ နောက်ဆုံးအချက်အလက်များအရ သြစတြေးလျ စားသုံးသူဈေးနှုန်းများသည် ယခုနှစ် ပထမသုံးလပတ်တွင် ၂.၁ % ခုန်တက်ခဲ့ကြောင်း သိရှိရသည်။ ယခုငွေကြေးဖောင်းပွမှုနှုန်းမှာ Reserve Bank က ရည်မှန်းထားသည့် ငွေကြေးဖောင်းပွမှုနှုန်း အတိုင်းအတာဖြစ်သည့် ၂% – ၃ % ထက်ကျော်လွန်၍ ၃.၇ % သို့ ရောက်ရှိနေရာ လာမည့်အပတ်အတွင်း အတိုးနှုန်းများမကြာမီမြင့်တက်ရန် ဖိအားများထပ်တိုးလာကြောင်း သိရှိရသည်။ ယင်းသည် ၂၀၀၉ ခုနှစ် မတ်လမှစတင်၍ အခြေခံငွေကြေးဖောင်းပွမှုဟုခေါ်သည့် နှစ်စဉ် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အဓိကသုံးလပတ်အခြေခံငွေကြေးဖောင်းပွမှု ကိန်းဂဏန်းများထဲမှ တစ်ခုသည် ၁.၄ % အထိရောက်ရှိခဲ့ပြီး ၁၉၉၀ ခုနှစ် နောက်ပိုင်းအမြင့်ဆုံး ဖြစ်ခဲ့သည်။

ABS ၏ ထုတ်ပြန်ချက်အရ သုံးလပတ်အတွင်းဈေးနှုန်း ၂.၁ % မြင့်တက်မှုအတွက် အကြီးဆုံးမြင့်တက်မှုမှာ နေအိမ်သစ်များအတွက် ကုန်ကျစရိတ် ၅.၇ % မြင့်တက်မှု၊ လောင်စာဆီဈေး ၁၁ % မြင့်တက်သွားခြင်းနှင့် အထက်တန်းပညာရေး အခကြေးငွေ ၆.၃ % မြင့်တက် ခြင်းတို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နေအိမ်သစ်ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ဆောက်လုပ်ရေးကဏ္ဍတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် အလုပ်သမား ကုန်ကျစရိတ်များ မြင့်တက်လာခြင်းနှင့် ယခင်ကဝယ်ယူသူများအား စရိတ်စကများ မြင့်တက်ခြင်းမှ အကာအကွယ်ပေးထားသည့် အစိုးရ၏ HomeBuilder ထောက်ပံ့မှုတို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ABS ထုတ်ပြန်ချက်အရ မတ်လသုံးလပတ်အတွင်း အောက်တိန်းခါတ်ဆီ တစ်လီတာလျှင် ၁.၈၃ ဒေါ်လာဖြင့် စံချိန်တင် မြင့်တက်ခဲ့သော်လည်း လက်ရှိသုံးလပတ်တွင် အစိုးရ၏ (၆) လတာ လောင်စာဆီခွန် ထက်ဝက်လျှော့ချမှုကြောင့် ယာဉ်မောင်းများကို တစ်လီတာလျှင် ၂၂ ဆင့်ခန့် သက်သာစေသည်။ တက္ကသိုလ် အခကြေးငွေမြင့်တက်မှုသည် ယမန်နှစ်တွင် စတင်ခဲ့သော ကျောင်းသားပံ့ပိုးကူညီမှုနှင့် အခကြေးငွေများအတွက် အစိုးရ၏ အပြောင်းအလဲများ ဆက်တိုက်ဖြစ်ပေါ်နေမှုကို ထင်ဟပ်စေကြောင်း ABS က ပြောကြားခဲ့သည်။

သယ်ယူပို့ဆောင်ရေး၊ ခါတ်မြေဩဇာ၊ ထုပ်ပိုးမှုနှင့် ပါဝင်ပစ္စည်းကုန်ကျစရိတ်များ၊ COVID ဆိုင်ရာ အနှောင့်အယှက်များနှင့် ရာသီဥတုကောင်းမွန်ချိန်အတွင်း တိရစ္ဆာန်များ ပြန်လည်သိုလှောင်ခြင်းတို့ ပေါင်းစပ်မှုကြောင့် အစားအသောက်ဈေးနှုန်းများ သိသိသာသာ မြင့်တက်ခဲ့ကြောင်း ABS က ပြောကြားခဲ့သည်။ အစားအသောက်ဈေးနှုန်းများ သုံးလပတ်အတွင်း ၂.၈ % မြင့်တက်မှုတွင် အများဆုံးမြင့်တက်မှုများမှာ ဟင်းသီးဟင်းရွက်များ (၆.၆ %)၊ အချိုရည်များနှင့် ဖျော်ရည်များ (၅.၆ %)၊ သစ်သီးများ (၄.၉ %) နှင့် အမဲသား (၇.၆ %) တို့ဖြစ်သည်။

ပြည်နယ်အစိုးရ၏ 'Dine and Discover' အမျိုးအစား ဘောက်ချာများဖြင့် ယခုနှစ် ပထမသုံးလအတွင်း ကုန်ခြောက်ဈေးနှုန်းများသည် ၄ % အထိ မြင့်တက်လာခဲ့ပြီး၊ စားသောက်ဆိုင်များနှင့် ပြင်ပယူဆောင်သွားသော အစားအစာများအတွက် ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့သည်။ အိမ်သာသုံးစက္ကူနှင့် စက္ကူသုတ်ပုဝါကဲ့သို့သော အခြားကုန်ခြောက်ပစ္စည်းများသည်လည်း သုံးလပတ်အတွင်းဈေးတက်သွားသည်ကိုလည်း မှတ်တမ်းတင်ထားသည်။ ယမန်နှစ်က ဈေးနှုန်းအများစုကို မြင့်တက်ခဲ့ခြင်းက ကုန်ပစ္စည်းများကို ၆.၆ % တဟုန်ထိုးတက်လာစေခဲ့ပြီး၊ ဝန်ဆောင်မှုကုန်ကျ

စရိတ်များမှာလည်း ၃ % မြင့်တက်ခဲ့ရာ ထောက်ပံ့ရေးပိတ်ဆို့မှုမဟုတ်သည့် ပြင်းထန်သော ပြည်တွင်းဈေးနှုန်း ဖိအားများကို ညွှန်ပြနေခြင်းဖြစ်ရာ အချို့မှာ RBA အတွက် စိုးရိမ်စရာဖြစ်နေသည်။ အိမ်ထောင်စုအများစုမှာ လွန်ခဲ့သည့်နှစ်အတွင်း မရှိမဖြစ်လိုအပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုကုန်ကျစရိတ်၏ ၆.၆ % ခုန်တက်သွားခြင်းဖြစ်ကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………

## တရုတ်နိုင်ငံရှိ COVID-19 ပိတ်ဆို့မှုများကြောင့် ဈေးနှုန်းမငြိမ်သက်မှုများရှိသော်လည်း သံသတ္တုရိုင်းအမြတ်အစွန်းသည် 'သိသိသာသာ' ဆက်ရှိနေနိုင်ဖွယ်ရှိခြင်း

ဩစတြေးလျနိုင်ငံ၏အမြတ်အစွန်းများသော သံသတ္တုရိုင်းကဏ္ဍသည် တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ဆိုင်ရာ ကျယ်ပြန့်သောထပ်မံပိတ်ဆို့မှုများကြောင့် စိုးရိမ်စိတ်များဖြစ်ပေါ်ကာ သီတင်းပတ်အစတွင် ဈေးနှုန်း ၁၀ % ကျဆင်းခဲ့သည်ကို တွေ့ရှိရပြီးနောက် ဈေးကွက် မငြိမ်မသက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။ ဩစတြေးလျ ရှယ်ယာဈေးကွက်သည် ၂၆-၄-၂၀၂၂ ရက်နေ့က ဩစတြေးလျ ဒေါ်လာ ၅၀ ဘီလီယံ ဆုံးရှုံးခဲ့ပြီး၊ သံသတ္တုရိုင်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၅.၇၅ (ဩစတြေးလျ ဒေါ်လာ ၁၈၈.၈၁) ဖြင့် ၁၀ % နီးပါး ကျဆင်းခဲ့သည်။

Commonwealth Bank of Australia (CBA) မှ သတ္တုတူးဖော်ရေးနှင့် စွမ်းအင်ကုန်စည်ဆိုင်ရာ သုတေသနအဖွဲ့ ဒါရိုက်တာ Vivek Dhar က ယင်းသို့ ရှယ်ယာဈေးနှုန်း ကျဆင်းရခြင်းမှာ တရုတ်နိုင်ငံတွင် COVID-19 ပိတ်ဆို့ခြင်းများကြောင့် ဩစတြေးလျ သတ္တုရိုင်းများ၏ ဝယ်လိုအား ကျဆင်းလာခြင်း၏ ရလဒ်များဖြစ်ကြောင်း၊ ရှန်ဟိုင်းတွင် ပြုလုပ်သည့် ပိတ်ဆို့မှုများကဲ့သို့ ဘေဂျင်းတွင်လည်း ပြင်းထန်သော ပိတ်ဆို့မှုများကို ကြုံတွေ့နိုင်ကြောင်း၊ လာမည့် လအနည်းငယ်တွင် တရုတ်နိုင်ငံရှိ သံမဏိစက်ရုံများမှ ဝယ်လိုအား အားနည်းလာမှုကို မြင်တွေ့ရနိုင်ပြီး၊ ဈေးနှုန်းကို နိမ့်ကျစေမည့် အလားအလာရှိကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ အဓိကမူဝါဒချမှတ်သူများဖြစ်သည့် ပေါ်လစ်ဗျူရို (politburo) သည် ယခုသီတင်းပတ်အတွင်း ၎င်း၏ ဧပြီလသုံးလပတ်အစည်းအဝေးတွင် တွေ့ဆုံမည်ဖြစ်ရာ Mr. Dhar က အဆိုပါအစည်းအဝေးတွင် သံသတ္တုရိုင်းများအပေါ်တွင် အကျိုးသက်ရောက်မှုများ ထပ်မံရှိလာနိုင်

ဖွယ်ရှိသည့်အတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြုပ်နှံမည့် ပံ့ပိုးကူညီမှုဆိုင်ရာ အစီအမံများကို ပြသသင့်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ပိုင်ဆိုင်မှုနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် သံသတ္တုရိုင်း ဈေးနှုန်းပြောင်းလဲမှုအတွက် အရေးကြီးသောအချက်ဖြစ်သည့် တရုတ်သံမဏိလိုအပ်ချက်၏ ၆၀ % ခန့်ကို ဖန်တီးပေးခဲ့ကြောင်း သိရှိရသည်။ နောက်ထပ်အချက်တစ်ချက်မှာ ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် အတိုင်း သံမဏိထုတ်လုပ်နှုန်းကို လျှော့ချရန် တရုတ်နိုင်ငံက ပြီးခဲ့သည့်အပတ်က ကြေငြာခဲ့သည်။ ထုတ်လုပ်မှုလျှော့ချခြင်းကြောင့် ယမန်နှစ်တွင် သံရိုင်းဈေးနှုန်းအပေါ် ကြီးမားသော သက်ရောက်မှုရှိခဲ့ပြီး၊ ဈေးနှုန်းများသည် မေလလယ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၃၃ မှ နိုဝင်ဘာလလယ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၇ သို့ ကျဆင်းခဲ့သည်။ ယခုနှစ်တွင်လည်း အလားတူ အကျိုးသက်ရောက်မှုများ ရှိနိုင်ကြောင်း သုံးသပ်ထားသည်။

ယခုနောက်ဆုံး ဈေးနှုန်းကျဆင်းမှုနှင့် နောက်ထပ်ကျဆင်းမည့် ခန့်မှန်းချက်များရှိသော်လည်း သတ္တုတူးဖော်ရေးနှင့် စွမ်းအင်သုံးကုန်ပစ္စည်းများဆိုင်ရာ သုတေသနဒါရိုက်တာက ဩစတြေးလျသံသတ္တုရိုင်းထုတ်လုပ်မှုမှာ အန္တရာယ်ရှိသည်ဟု မယုံကြည်ကြောင်း၊ နိုင်ငံ၏ သံသတ္တုရိုင်းကဏ္ဍ၏ အမြတ်အစွန်းနှင့် ပတ်သက်လာလျှင် အလွန်အားကောင်းဆဲဖြစ်ပြီး သံသတ္တုရိုင်းကဏ္ဍ၏ အမြတ်အစွန်းရရှိမှုသည် ၂၀၂၂ ခုနှစ်အထိ ဆက်လက်တည်ရှိနေမည်ဟု ခန့်မှန်းထားသည်။

ဩစတြေးလျနိုင်ငံသည် ဘရာဇီးလ်နိုင်ငံနှင့်အတူ သံသတ္တုရိုင်းထုတ်လုပ်မှုကုန်ကျစရိတ်အနည်းဆုံးဖြင့် ရပ်တည်လျက်ရှိရာ အမြတ်အစွန်းရရှိနိုင်ကြောင်း၊ ရေရှည်တွင် ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀ မှ ၁၆၀ အကြား ရွေ့လျားမည်ဖြစ်ပြီး နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၁၀၀ သို့ ကျဆင်းသွားမည့် အလားအလာရှိကြောင်း ခန့်မှန်းထားသည်။

ယခုနှစ်ဘတ်ဂျက်သည် စက်တင်ဘာသုံးလပတ်အကုန်တွင် သံရိုင်းတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၅ သို့ ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားသည်။ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာ တိုးလာတိုင်း၊ ဘဏ္ဍာရေး ဆန်းစစ်ချက်သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အခွန်ပြေစာများဆီသို့ဩစတြေးလျဒေါ်လာ သန်း ၂၀၀ ခန့် တိုးလာပြီး၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒေါ်လာ သန်း ၆၀၀ တိုးလာမည်ဖြစ်ကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

AgriBusiness & Trade

## တရုတ်နိုင်ငံတွင် COVID-19 ဆိုင်ရာ ပိတ်ဆို့မှုများကြောင့် ဆိပ်ကမ်းများတွင် နှောင့်နှေးမှုများက ဩစတြေးလျ ကုန်သွယ်မှုအပေါ် သက်ရောက်မှုရှိနေခြင်း

တရုတ်နိုင်ငံတွင် COVID-19 ဆိုင်ရာ ပိတ်ဆို့မှုများကြောင့် ကမ္ဘာ့အကြီးဆုံး ဆိပ်ကမ်းအချို့တွင်ကုန်သွယ်မှုနှေးကွေးနေသဖြင့် ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးနောက်ကျမှုသည် နှစ်ပေါင်းများစွာတုန်လှုပ်ခြောက်ခြားသွားဖွယ်ရှိကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏အကြီးဆုံးမြို့နှင့် ကမ္ဘာပေါ်တွင် အလုပ်အများဆုံး ကွန်တိန်နာဆိပ်ကမ်းဖြစ်သည့် ရှန်ဟိုင်းသည် COVID-19 လှိုင်းလုံးကြီးတစ်ခု ထပ်မံကြုံတွေ့နေရသောကြောင့် အာဏာပိုင်များ၏ အလုံးစုံပိတ်ဆို့မှုများကို အလူးအလဲ ခံနေရလျက်ရှိသည်။ ကမ်းလွန်ပင်လယ်ပြင်တွင် ကုန်တင်သင်္ဘောများ ဆိုက်ကပ်ရန်နှင့် ကုန်ချရန် စောင့်ဆိုင်းနေသည့်အရေအတွက် တိုးပွားလာနေကြောင်း သိရှိရသည်။

ဩစတြေးလျ Peak Shippers Association ၏ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်သွယ်မှုမဟာမိတ်အဖွဲ့ ဒါရိုက်တာနှင့် အတွင်းရေးမှူးဖြစ်သူ Paul Zalai က တရုတ်နိုင်ငံက ပိတ်ဆို့ ခြင်းမပြုမီ ကုန်သွယ်မှုမှာ ပိတ်ဆို့သည့် အခြေအနေသို့ ရောက်ရှိနေပြီးဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝှမ်းရှိဆိပ်ကမ်းများတွင်ကြီးမားသောပိတ်ဆို့မှုများ ရှိနေပါသေးကြောင်း၊ ယင်းတို့ထဲတွင် တရုတ်လည်းအပါအဝင်ဖြစ်ပြီး၊ အမေရိကန်ကမ်းရိုးတန်းတွင်လည်း ကွန်တိန်နာသင်္ဘော အများအပြား လော့စ်အိန်ဂျလိစ်တွင် ပိတ်မိနေကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ အရွယ်အစားနှင့် ပြည်တွင်းသင်္ဘောလိုင်းများ မရှိခြင်းသည် နိုင်ငံအားသက်ရောက်မှုများ ဖြစ်ပေါ်စေကြောင်း သိရှိရသည်။ ဩစတြေးလျနိုင်ငံတွင် သင်္ဘောလိုင်းလုပ်ကိုင်ဆောင်ရွက်သူများမှာ နိုင်ငံခြားသားပိုင်ကုမ္ပဏီများ ဖြစ်သည်။ ဆုတ်ယုတ်မှုများ များပြားလာသဖြင့် ကုမ္ပဏီများသည် ခက်ခဲသော စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ စတင်ကြရမည်ဖြစ်ကြောင်းနှင့် တခြားပြဿနာမှာ ကုန်သွယ်မှုက အပြန်အလှန်ကုန်သွယ်မှုဖြစ်ရာ ဩစတြေးလျ တင်ပို့သူများလည်း အလားတူထိခိုက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ရှန်ဟိုင်းသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုဗဟိုချက်ဖြစ်ရုံသာမက ဩစတြေးလျ သိုးမွေးကုန်သွယ်မှုအတွက် ကမ္ဘာ့အရေးအကြီးဆုံးဆိပ်ကမ်းများထဲမှ တစ်ခုလည်းဖြစ်သည်။ ဩစတြေးလျ သိုးမွေးတင်ပို့သူနှင့် ထုတ်လုပ်သူကောင်စီ ဥက္ကဋ္ဌ Josh Lamb က သိုးမွေးများ သင်္ဘောများပေါ်တွင် ပိတ်မိနေရုံတင်က ပြဿနာမဟုတ်ကြောင်း ပြောကြားခဲ့သည်။ ယင်းက ဩစတြေးလျမှ တရုတ်သို့

သိုးမွေးများ တင်ပို့မှုအတွက် ပေးဆောင်ပြီးဖြစ်ရာ ရှန်ဟိုင်းမြို့ပြင်ရှိ သင်္ဘောပေါ်တွင် ပိတ်မိနေခြင်း သည် ဩစတြေးလျ၏ ပြဿနာမဟုတ်သော်လည်း ယခုဖြစ်ပေါ်နေသည့် ထောက်ပံ့ပို့ဆောင်ရေး ပြဿနာသည် ဩစတြေးလျမှ သိုးမွေးဝယ်ယူသည့် တရုတ်နိုင်ငံရှိ စက်ရုံများအပေါ် ထိခိုက်မှုများရှိ သည့်အတွက် ငွေကြေးစီးဆင်းမှုကို သက်ရောက်စေရာ သိုးမွေးများ မရောက်မချင်း အဆိုပါဖောက် သည်များနှင့် လုပ်ငန်းသစ်များ လုပ်ကိုင်နိုင်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ယခုအခါ လုပ်ငန်းကဏ္ဍသည် ရေရှည်အတွက် မျှော်မှန်း၍ ထောက်ပံ့ပို့ဆောင်ရေး ပြဿနာ များကို ကိုင်တွယ် ဖြေရှင်းနေပြီဖြစ်ကြောင်း သိရှိရသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

......................................................

## Reserve Bank of Australia က ၁၁ နှစ်ကျော်အတွင်း ပထမဆုံးအကြိမ် အတိုးနှုန်း တိုးမြှင့်လိုက်ခြင်း

Reserve Bank of Australia (RBA) သည် အတိုးနှုန်းထားကို ၁၁ နှစ်ကျော်အတွင်း ပထမ ဆုံးအကြိမ် တိုးမြှင့်လိုက်ပြီးနောက် နိုင်ငံ၏ဘဏ်ကြီး (၄) ခုအနက် (၃) ခုသည် ယင်းတို့၏ ဖောက် သည်များအတွက် အတိုးနှုန်းထားမြှင့်တင်ပြီးဖြစ်ကြောင်း သိရှိရသည်။

၄-၅-၂၀၂၂ ရက်နေ့တွင် RBA သည် အတိုးနှုန်းထားကို ၀.၂၅ % တိုးမြှင့်ခြင်းဖြင့် ၀.၁၀ % မှ ၀.၃၅ % သို့ မြင့်တက်ခဲ့ပြီး၊ ၂၀၁၀ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ် အတိုးနှုန်းမြင့် တက်လာခြင်းဖြစ်သည်။ အတိုးနှုန်းသည် ဩစတြေးလျ ဒေါ်လာ ၅၀၀,၀၀၀ အိမ်စာချုပ်အတွက် တစ်လလျှင် ၆၅ ဒေါ်လာ ထပ်တိုးပေးရမည်ဖြစ်ပြီး၊ ဒေါ်လာတစ်သန်း ချေးငွေအတွက် (၂) ဆ ပေး ချေရမည်ဖြစ်ကြောင်း သိရှိရသည်။

The Commonwealth Bank သည် မေလ ၂၀ ရက်နေ့မှစတင်၍ ငွေချေးစာချုပ်များ အတွက် ၀.၂၅ % တိုးမြှင့်ခြင်းဖြင့် RBA ၏ အတိုးနှုန်းမြှင့်တက်မှုကို တုံ့ပြန်လိုက်သည့် ပထမဆုံး အဓိကဘဏ်ကြီးဖြစ်ပြီး၊ ANZ Bank သည် မေလ ၁၃ ရက်နေ့မှစတင်၍ အတိုးနှုန်းထား မြင့်တက် မည်ဖြစ်သည်။

Reserve Bank မှ  governor Philip Lowe က မကြာသေးမီက အလွန်မြင့်မားသော ငွေကြေးဖောင်းပွမှုကိန်းဂဏန်းများနှင့် အလုပ်သမားများ လုပ်ခလစာ တိုးမြင့်လာသည်ဟူသော အထောက်အထားများ ပေါင်းစပ်မှုသည် အရေးပေါ် အတိုးနှုန်းနိမ့်ကျမှုမှ ပုံမှန်အတိုးနှုန်း ပြုလုပ်ရန် အချိန်မှန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Reserve Bank သည်ယခုအခါ ယင်း၏ ငွေကြေးဖောင်းပွမှု ခန့်မှန်းချက်များကို သိသိသာသာတိုးမြင့်လာခဲ့သည်။ စားသုံးသူဈေးနှုန်းများသည် ယခုနှစ်တွင် ၆ % အထိ မြင့်တက်လာရန် ညွှန်ပြနေပြီး၊ ၂၀၂၄ ခုနှစ်တွင် နှစ်စဉ် ၃ % ဖြင့် ကြီးထွားနေဆဲဖြစ်သည်။ အတိုးနှုန်းသည် ၂၀၂၄ ခုနှစ်အထိ မြင့်တက်ဖွယ်မရှိနိုင်ဆိုသည့် ယမန်နှစ်က ခန့်မှန်းချက်များဖြင့် ပမာဏများပြားသော ငွေချေးစာချုပ်ချုပ်ဆိုခဲ့ကြသူများအတွက် စိန်ခေါ်မှုများရှိနေကြောင်းသိရှိရသည်။ ကျွမ်းကျင်သူများက အတိုးနှုန်းမြင့်တက်မှုကြောင့် အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.........................................................................

## ဂျပန်နိုင်ငံမှ အဖျော်ယမကာ ကုမ္ပဏီကြီး Frucor Suntory က သြစတြေးလျတွင် သြစတြေးလျဒေါ်လာ သန်း ၄၀၀ တန်ဖိုး ရင်းနှီးမြှုပ်နှံလိုက်ခြင်း

ဂျပန်နိုင်ငံမှ အဖျော်ယမကာ ကုမ္ပဏီကြီးတစ်ခုဖြစ်သည့်  Frucor Suntory က သြစတြေးလျနိုင်ငံ၊ ကွင်းစလန်ပြည်နယ်တွင် စက်ရုံတည်ထောင်ရန် သြစတြေးလျဒေါ်လာ သန်း ၄၀၀ တန်ဖိုး ရင်းနှီးမြှုပ်နှံလိုက်ကြောင်း သိရှိရသည်။ အဆိုပါ စီမံကိန်းသည် ဆောက်လုပ်ရေးနှင့် တပ်ဆင်ခြင်းဆိုင်ရာ အလုပ်အကိုင်ပေါင်း ၄၅၀ ခန့်ဖန်တီးပေးနိုင်မည်ဟု ခန့်မှန်းထားသည်။ စက်ရုံလည်ပတ်သည့်ရေရှည်တွင် ကဏ္ဍပေါင်း ၁၆၀ အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန် မျှော်မှန်းထားသည်။

Frucor Suntory စက်ရုံသည် အဖျော်ယမကာအမျိုးအစားများစွာကို ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့်ဖြန့်ဖြူးပေးမည်ဖြစ်ပြီး၊ တစ်နှစ်လျှင် အချိုရည်ဗူး သန်း ၂၀ အထိ ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။ Frucor Suntory သည် ကြီးထွားလာသော သြစတြေးလျ ဈေးကွက်ကို ဝန်ဆောင်မှုပေးနိုင်ရန် အနာဂတ်တွင်ထုတ်လုပ်မှုကို တိုးမြှင့်နိုင်သည့် အခွင့်အလမ်းများ ရှိနေသည်။

Frucor Suntory သည် စက်ရုံကို ၂၀၂၂ ခုနှစ် တတိယသုံးလပတ်တွင် စတင်တည်ဆောက်မည်ဖြစ်ပြီး၊ ၎င်းသည် ၂၀၂၄ နှစ်လယ်ပိုင်းတွင် စတင်လည်ပတ်မည်ဖြစ်ကြောင်း သိရှိရသည်။ Frucor Suntory သည် ဩစတြေးလျနိုင်ငံတွင် ကုန်ထုတ်စက်ရုံများတွင် ရင်းနှီးမြှုပ်နှံထားသည့် အခြားနိုင်ငံစုံ စားသောက်ကုန်နှင့် အဖျော်ယမကာကုမ္ပဏီများနှင့် ပူးပေါင်းရင်းနှီးမြှုပ်နှံထားကြောင်း သိရှိရသည်။

ဩစတြေးလျသည် ဘေးကင်းပြီး အရည်အသွေးမြင့် ထုတ်ကုန်များကို ထုတ်လုပ်သည့်အတွက် ကမ္ဘာတွင်နာမည်ကောင်းဖြင့် ရပ်တည်လျက်ရှိသည်။ အာရှဈေးကွက်များနှင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များ ကွန်ယက်နှင့် နီးကပ်စွာတည်ရှိနေခြင်းသည် နိုင်ငံတကာကုမ္ပဏီများအတွက် ဒေသတွင်းဈေးကွက်ဝင်ရောက်ခွင့်ကို ဖော်ဆောင်ပေးလျက်ရှိရာ ယင်းမှတစ်ဆင့် အစားအသောက်နှင့် အဖျော်ယမကာကဏ္ဍသည် ဩစတြေးလျစီးပွားရေးအတွက် အကြီးဆုံးကုန်ထုတ်ကဏ္ဍ ဖြစ်လာနိုင်ကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………

## စင်္ကာပူအခြေစိုက် NCS ကုမ္ပဏီ၏ ဩစတြေးလျနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုများက ဒေသတွင်း ဒစ်ဂျစ်တယ် ဝန်ဆောင်မှုလမ်းကြောင်း ဖြစ်ပေါ်စေခြင်း

စင်္ကာပူအခြေစိုက် ဒစ်ဂျစ်တယ်နှင့် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် NCS သည် (၁၅) လအတွင်း ယင်း၏ စတုတ္ထမြောက်ရင်းနှီးမြှုပ်နှံမှုအဖြစ် ဩစတြေးလျနိုင်ငံတစ်ဝှမ်း မဟာဗျူဟာမြောက်တိုးချဲ့မှုကို ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

NCS ကုမ္ပဏီသည် ဩစတြေးလျကုမ္ပဏီ ARQ Group ကို ၂၀၂၂ ခုနှစ်၊ မတ်လတွင် ဩစတြေးလျဒေါ်လာ ၂၉၀ သန်းဖြင့် ဝယ်ယူခဲ့သည်။ မဲလ်ဘုန်းအခြေစိုက် ARQ Group သည် ဩစတြေးလျ၏ တိုးတက်မှုအမြန်ဆုံး ဒစ်ဂျစ်တယ်ဝန်ဆောင်မှုကုမ္ပဏီများထဲမှ တစ်ခုဖြစ်ပြီး၊ ယင်း၏ဖောက်သည်များသည် Australian Securities Exchange (ASX) ရှိ ထိပ်တန်းကုမ္ပဏီ ၂၀ ၏ ထက်ဝက်ပါဝင်ကြောင်း သိရှိရသည်။

သြစတြေးလျရှိ NCS ၏ ရင်းနှီးမြှုပ်နှံမှုများတွင် ARQ Group သည် နောက်ဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး၊ ကုမ္ပဏီသည် သြစတြေးလျ၏ အကြီးဆုံးပုဂ္ဂလိကပိုင် IT ကုမ္ပဏီဖြစ်သည့် The Dialog Group ကို ၂၀၂၂ ခုနှစ် မတ်လအစောပိုင်းတွင် သြစတြေးလျဒေါ်လာ ၃၂၅ သန်း ဖြင့်ဝယ်ယူခဲ့သည်။ ယင်းသည် သြစတြေးလျတွင် ယနေ့အထိ NCS ၏ အကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း သိရှိရသည်။

သြစတြေးလျနိုင်ငံရှိ NCS ၏ ရင်းနှီးမြှုပ်နှံမှု (၄) ခုသည် စက်ဘ်ပူနှင့် သြစတြေးလျရှိ အစိုးရများနှင့် လုပ်ငန်းများကို ၎င်းတို့၏ ဒစ်ဂျစ်တယ်အသွင်ပြောင်းရေး ရည်မှန်းချက်များ အောင်မြင်စေရန် ကူညီပေးခြင်းဖြင့် ဒေသတွင်း ဒစ်ဂျစ်တယ် စွမ်းအားစုတစ်ခုအဖြစ် ယှဉ်ပြိုင်နိုင်သည့် လိုအပ်သောအတိုင်းအတာ၊ စွမ်းဆောင်ရည်နှင့် ယုံကြည်စိတ်ချရမှုတို့ကို ပေးဆောင်နိုင်ကြောင်း သိရှိရသည်။

NCS သည် ယင်း၏ ဒစ်ဂျစ်တယ် ဆန်းသစ်တီထွင်မှုနှင့် ဝန်ဆောင်မှု NCS NEXT မှတစ်ဆင့် သြစတြေးလျ သုံးစွဲသူများကို ဝန်ဆောင်မှုပေးမည်ဖြစ်သည်။ မိခင်ကုမ္ပဏီ Singtel Group ၏ တည်ရှိမှုကိုအသုံးချကာ NCS သည် လုပ်ငန်းကို ကြီးထွားလာစေရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။ NCS ပိုင်ကုမ္ပဏီများသည် သြစတြေးလျတွင် လူပေါင်း ၁,၉၀၀ ခန့်ကို အလုပ်ခန့်ထားပြီး၊ ဖောက်သည်များကို ပံ့ပိုးရန်အတွက် Tech Talent Pipeline တည်ဆောက်မည်ဖြစ်သည်။ NCS သည် မဲလ်ဘုန်းတွင် Cloud Center of Excellence ရှိပြီး၊ ၎င်းတာသည် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ၏ cloud စီမံကိန်းလုပ်ငန်းများကို အရှိန်မြှင့်တင်နိုင်ရန်အတွက် ပံ့ပိုးပေးကြောင်း သိရှိရသည်။

Austrade သည် သြစတြေးလျရှိ NCS ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များအတွက် စဉ်ဆက်မပြတ်ပံ့ပိုးကူညီမှုများ ပေးခဲ့ကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………………………………..

## သြစတြေးလျနှင့် ကိုရီးယားကာကွယ်ဆေး သုတေသနပြုလုပ်ရန် နားလည်မှုစာလွှာ လက်မှတ်ရေးထိုးလိုက်ခြင်း

သြစတြေးလျနိုင်ငံ၊ ဗစ်တိုးရီးယားပြည်နယ်နှင့် ကိုရီးယားတို့သည် mRNA ကာကွယ်ဆေး သုတေသနတွင် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့သည်။ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံလုံး၏ mRNA စွမ်းရည်ကို မြှင့်တင်ပေးမည်ဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာသည် ဗစ်တိုးရီးယား၏ ဇီဝနည်းပညာဆိုင်ရာ သုတေသန ကျွမ်းကျင်မှုကို ကိုရီးယား၏ အထူးပြုဖြင့် ဇီဝထုတ်လုပ်ရေးနှင့် ပေါင်းစပ်ဆောင်ရွက်မည် ဖြစ်သည်။ ဗစ်တိုးရီးယားနှင့် ကိုရီးယားတို့သည် နှစ်ဖက်အကြားသတင်းအချက်အလက် ဖလှယ်ကာ လုပ်ငန်း ကဏ္ဍ၊ သုတေသနနှင့် အစိုးရအဖွဲ့အစည်းများအကြား ချိတ်ဆက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရှိရသည်။

နားလည်မှုစာလွှာသည် mRNA Victoria နှင့် Korea Health Industry Development Institute (KHIDI) တို့အကြား လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး၊ KHIDI သည် ကိုရီးယားနိုင်ငံ၏ ဆေးဝါး များ၊ ဆေးဘက်ဆိုင်ရာ ကိရိယာများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် ဆန်းသစ်တီ ထွင်မှုအစီအစဉ်များကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ နားလည်မှုစာလွှာကို လက်မှတ်ရေးထိုးခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှု နည်းပညာအသစ်များရရှိရေးအတွက် အဖွဲ့အစည်းနှစ်ခုကြား RNA-based နည်းပညာနယ်ပယ် တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိလာစေရန် မျှော်လင့်ကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ RNA ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ် ကူးစက်ရောဂါတုံ့ပြန်မှုတွင် အတူတကွ ပါဝင်ကူညီနိုင်မည်ဖြစ် ကြောင်း KHIDI မှ အမှုဆောင်ဒါရိုက်တာက ပြောကြားခဲ့သည်။

ကိုရီးယား၏ ကြိုးပမ်းအားထုတ်မှုများသည် mRNA နှင့် RNA နည်းပညာများဖော်ဆောင် ရန်အတွက် အာရှ-ပစိဖိတ်ဒေသ ဗဟိုချက်ဖြစ်လာစေရန် ဗစ်တိုးရီးယားအစိုးရ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီလျက်ရှိနေသည်။ mRNA Victoria မှတဆင့် ဗစ်တိုးရီးယားအစိုးရသည် အကြိုနှင့် လက် တွေ့ဆေးဘက်ဆိုင်ရာသုတေသန၊ စီးပွားဖြစ်လက်တွေ့စမ်းသပ်မှု၊ ထောက်ပံ့ရေးကွင်းဆက်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆေးဘက်ဆိုင်ရာနှင့် စီးပွားဖြစ်ထုတ်လုပ်မှုတို့တွင် ပံ့ပိုးကူညီလျက်ရှိကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

Agribusiness & Trade

## ဂျာမနီနိုင်ငံရှိ Machinery and Equipment ကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းကဏ္ဍများ

ဂျာမနီနိုင်ငံတွင် Machinery and Equipment ကဏ္ဍသည် ဒုတိယအကြီးဆုံးနှင့် တီထွင်ဆန်းသစ်မှု အရှိဆုံးကဏ္ဍဖြစ်သည်။ စက်ပစ္စည်းထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းဦးဆောင် နေသောနိုင်ငံဖြစ်ပြီး ကမ္ဘာ့စက်ပစ္စည်းကုန်သွယ်မှု၏ ၁၆ ရာခိုင်နှုန်းကို ရယူထားပါသည်။ ၂၀၂၁ ခုနှစ်တွင် စက်မှုကဏ္ဍ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းအတွက် ယူရို ၁၇ ဘီလီယံသုံးစွဲခဲ့ပြီး အရောင်းဝင်ငွေ စုစုပေါင်း ယူရိုဘီလီယံ ၂၆၀ ရရှိခဲ့သည်။ ဆက်လက်၍ ၂၀၂၂ ခုနှစ်တွင် အရောင်းဝင်ငွေ ယူရို ၂၆၅ ဘီလီယံနှင့် ၂၀၂၅ ခုနှစ်တွင် ယူရို ၂၉၀ ဘီလီယံ ရရှိရန် ခန့်မှန်းထားရှိသည်။ ဤကဏ္ဍတွင် ကုမ္ပဏီပေါင်း (၆၆၀၀) ကျော် ပါဝင်လုပ်ကိုင်နေပြီး ၉၀ ရာခိုင်နှုန်းခန့်မှာ SMEs လုပ်ငန်းများ ဖြစ်ကြသည်။ လုပ်သားအင်အား အကြီးမားဆုံးကဏ္ဍလည်းဖြစ်ပြီး လက်ရှိတွင် လုပ်သားပေါင်း(၁) သန်းကျော်ကို အလုပ်အကိုင် ခန့်ထားနိုင်ပါသည်။ ဤကဏ္ဍအနေဖြင့် လေထုညစ်ညမ်းမှု လုံးဝမရှိသည့် ထုတ်လုပ်မှုစနစ် (Climate Neutral Manufacturing) ကိုလည်း ဦးတည်ဆောင်ရွက် လျှက်ရှိပါသည်။

စက်မှုအင်ဂျင်နီယာပိုင်းတွင် စက်ပစ္စည်းကိရိယာများ၊ နည်းပညာမောင်းနှင်မှု၊ material handling equipment ကဏ္ဍများသည် အရောင်းဝင်ငွေရရှိရေးအတွက် အရေးပါသော ကဏ္ဍများဖြစ်ကြပြီး Robotic and automation industry သည် တီထွင်ဆန်းသစ်မှုအရှိဆုံး ကဏ္ဍဖြစ်ကာ ၂၀၂၁ ခုနှစ်တွင် အရောင်းဝင်ငွေ ယူရို ၁၃.၄ ဘီလီယံ ရရှိခဲ့သည်။ ဂျာမနီနိုင်ငံသည် အမေရိကန်နှင့် ဂျပန်ပြီးလျှင် 3 D Printing ထုတ်လုပ်မှုအပိုင်းတွင် တတိယတိုးတက်မှု အရှိဆုံးနိုင်ငံဖြစ်သည်။ Industry 4.0 (software, IT services, IT hardware) ဈေးကွက်တွင် ဦးဆောင်လျှက်ရှိပြီး ဈေးကွက်ပမာဏသည် ၂၀၁၉ ခုနှစ်တွင် ယူရို(၉၅) ဘီလီယံမှ ၂၀၂၁ ခုနှစ်တွင် (၁၀၂) ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ယူရို (၁၀၉)ဘီလီယံသို့ ရောက်ရှိရန် ခန့်မှန်းထားရှိသည်။ ဂျာမန်ကုမ္ပဏီများ၏ ၆၅ ရာခိုင်နှုန်းသည် Special Industry 4.0 ကို အသုံးပြုနေခြင်း သို့မဟုတ် အသုံးပြုရန်စီစဉ်နေကြပါသည်။ German Electro and Digital Industry Association (ZVEI) သည် Industry 4.0 ကို အသုံးပြုရာတွင် 5G Network ကောင်းစွာ အကောင်အထည်ဖော်နိုင်ရန် တိုးတက်လုပ်ဆောင်နေသည်။

ဂျာမနီနိုင်ငံတွင် Chemicals, Electronics, Automotive, Food and Beverages ကဏ္ဍ (၄) ခုသည် Machinery and Equipment ကဏ္ဍအတွက် Application Industries များအဖြစ် ဈေးကွက်တွင် အဓိကဦးဆောင်နေသည့် လုပ်ငန်းများဖြစ်ပြီး လုပ်သားအင်အားပေါင်း (၃)သန်းခန့်ရှိကာ ၂၀၂၁

ခုနှစ်တွင် အရောင်းဝင်ငွေ ယူရို (၉၈၀)ဘီလီယံ ရရှိခဲ့ပါသည်။ Electronics လုပ်ငန်းသည် ၂၀၂၁ ခုနှစ်တွင် အရောင်းဝင်ငွေ ယူရို (၂၀၀)ဘီလီယံ ရရှိခဲ့ပြီး Semiconductor များကို အသုံးပြု၍ တိုးတက်ထုတ်လုပ်နိုင်ခြင်းသည် နိုင်ငံ၏ climate goals ကို များစွာအထောက်အကူ ဖြစ်စေပါသည်။ ဂျာမနီနိုင်ငံသည် ဥရောပတွင် Chemicals ဈေးကွက်ဦးဆောင်သူဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် ဂျာမနီနိုင်ငံမှ ယူရို (၂၀၀)ဘီလီယံတန်ဘိုးကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအသစ် ယူရို (၉)ဘီလီယံခန့် ဝင်ရောက်လာခဲ့သည်။ အထူးသဖြင့် ပေါ့ပါးပြီး အထူးကြံ့ခိုင်သည့် Air Bus ကဲ့သို့ အကြီးစားလေယာဉ်ကိုယ်ထည်များ ပြုလုပ်ရန် Chemical Engineering က ထိပ်တန်းမှ နေရာယူထားပါသည်။ ဥရောပရှိ Chemicals ထုတ်လုပ်မှု၏ သုံးပုံတစ်ပုံသည် ဂျာမနီနိုင်ငံတွင် လာရောက်ရင်းနှီးလုပ်ကိုင်နေကြသည်။ အလားတူ ပလပ်စတစ်ဈေးကွက် ဦးဆောင်သူဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် အရောင်းဝင်ငွေ ယူရို (၆၁)ဘီလီယံတန်ဘိုးကျော်ရရှိခဲ့သည်။ တစ်ဖက်တွင်လည်း ဓာတုစွန့်ပစ်ပစ္စည်း ပြန်လည်အသုံးပြုသည့်လုပ်ငန်းကို တိုးတက်စေပြီး climate neutrality ကို ဖော်ဆောင်လျှက်ရှိသည်။

Automotive Industry သည် ဂျာမနီနိုင်ငံတွင် အကြီးဆုံးစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် ကုမ္ပဏီပေါင်း( ၉၆၈)ခုက အရောင်းဝင်ငွေ ယူရို (၃၈၀)ဘီလီယံကို ရှာဖွေနိုင်ခဲ့သည်။ ဂျာမနီနိုင်ငံသည် ဥရောပတိုက်တွင် ကားထုတ်လုပ်မှု၌ ဦးဆောင်နေသည့် နိုင်ငံဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ခရီးသည်တင်ကားပေါင်း(၃.၁) သန်းကို ထုတ်လုပ်နိုင်ခဲ့သည်။ ထို့ပြင် ဥရောပ၏ ထိပ်တန်းလျှပ်စစ်ကားထုတ်လုပ်သူဖြစ်ပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး လျှပ်စစ်ကားဈေးကွက်လည်း ဖြစ်သည်။ ၂၀၂၁ ခုနှစ် တွင် R&D အတွက် ရင်းနှီးမြှုပ်နှံမှုမှာ ယူရို (၅၀.၉)ဘီလီယံဖြင့် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး အဓိကအားဖြင့် Battery Cell များထုတ်လုပ်မှုအပိုင်းတွင်ဖြစ်ပြီး လျှပ်စစ်ကားဘက်ထရီ ထုတ်လုပ်မှုတွင်ဦးဆောင်နိုင်သူဖြစ်လာစေရန် ဖြစ်သည်။

Food and Beverages ကဏ္ဍသည်လည်း Machinery and Equipment ကဏ္ဍရှိကုမ္ပဏီများအတွက်ဈေးကွက်အခွင့်အလမ်းများကို များစွာဖော်ဆောင်ပေးနိုင်ပြီး ၂၀၂၁ ခုနှစ်တွင် အရောင်းဝင်ငွေယူရို (၂၀၀)ဘီလီယံကို ရရှိခဲ့သည်။ လက်လီစားသောက်ကုန်ဈေးကွက်တွင် ပြိုင်ဆိုင်မှုများ ပြင်းထန်ခြင်းက ထုတ်လုပ်မှုပိုင်းတွင် မြင့်မားသောစံနှုန်းများရရှိစေမည့် စက်ပိုင်းဆိုင်ရာတိုးတက်လျင်မြန်မှုကို ဖြစ်စေပါသည်။ Food processing and Packaging machinery များသည် ဂျာမနီနိုင်ငံ Machinery Industry တွင် တတိယအဆင့်တွင် ရှိနေပါသည်။

Agribusiness & Trade

နိုင်ငံတစ်ကာတွင် အမေရိကန်၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် R&D အတွက် ဘတ်ဂျက် အများဆုံးသုံးစွဲကြပြီး ဥရောပတွင် ဂျာမနီနိုင်ငံသည် R&D ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် အမြင့်ဆုံးဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် ယူရို (၂၀၀)ဘီလီယံသုံးစွဲခဲ့ကာ ဂျီဒီပီ၏ ၃.၁ ရာခိုင်နှုန်းရှိကာ ၂၀၂၅ ခုနှစ်တွင် ၃.၅ ရာခိုင်နှုန်းရောက်ရှိရန် ခန့်မှန်းထားရှိပါသည်။ Federal Ministry of Economy and Climate Action က SMEs လုပ်ငန်းများအတွက် R&D ဆောင်ရွက်ချက်များ၊ တီထွင်ဆန်းသစ်မှုပိုင်းများအတွက် ဘဏ္ဍာငွေကူညီထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျှက်ရှိပါသည်။

ဂျာမနီနိုင်ငံတွင် ဂျာမန်နိုင်ငံသားနှင့် နိုင်ငံခြားသားများအကြား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ကုမ္ပဏီတည်ထောင်ခြင်း၊ ဆွဲဆောင်မှုမက်လုံးပေးခြင်းများစသည်တို့တွင် ကွဲပြားခြားနားခြင်းမရှိဘဲ တစ်ပြေးညီ ရင်းနှီးလုပ်ကိုင်နိုင်ပါသည်။ ပြည်ပကုန်သွယ်ရေးနှင့် ငွေပေးချေမှုစနစ်များတွင် လွတ်လပ်စွာလုပ်ကိုင်နိုင်သည့်မူကို ချမှတ်ထားပြီး ယေဘူယျအားဖြင့် ငွေကြေးလွှဲပြောင်းပေးပို့ခြင်း၊ အိမ်ယာဝယ်ယူခြင်း၊ ငွေလဲလှယ်ခြင်း၊ အမြတ်ငွေလွှဲပြောင်းခြင်းစသည်တို့တွင် ကန့်သတ်ထိန်းချုပ်ခြင်းမရှိဘဲ လွတ်လပ်စွာ လုပ်ကိုင်နိုင်ပါသည်။ ဥရောပနိုင်ငံများတွင် Machinery and Equipment ကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံး(၁၀)နိုင်ငံတွင် ဂျာမနီနိုင်ငံက ထိပ်ဆုံးက ရပ်တည်လျှက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းပေါင်း(၁၁၂) ခု ရှိပါသည်။ ထို့ပြင် အခွန်ကောက်ခံမှုစနစ်တွင်လည်း ယှဉ်ပြိုင်နိုင်စွမ်းရှိရန်ဆောင်ရွက်ထားရှိပြီး ကော်ပိုရေးရှင်းများအတွက် ပျမ်းမျှအခွန်ပေးဆောင်ရမှုသည် ၃၀ ရာခိုင်နှုန်းအောက်တွင် ရှိပါသည်။

ဂျာမနီနိုင်ငံတွင် German Trade and Invest (GTAI) သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအေဂျင်စီတစ်ခုဖြစ်ပြီး နိုင်ငံအတွင်းနှင့်ပြည်ပနိုင်ငံများတွင် ရုံးခွဲပေါင်း (၅၀) ကျော်ရှိပါသည်။ GTAI အနေနှင့် နိုင်ငံတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ စီးပွားရေးလုပ်ကိုင်ရန်နိုင်ငံတစ်ခုအဖြစ် ပိုမိုမြှင့်တင်ပေးခြင်း၊ ဂျာမန်ကုမ္ပဏီများ ပြည်ပနိုင်ငံများတွင်သွားရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခြင်းနှင့် ဂျာမနီနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် ကုမ္ပဏီများအား ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

Source: www.gtai.com

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.............................................................................................................

## လျှော့ချတင်သွင်းရမည့် ကုန်စည် ၁၀၂ ခုအား အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဌာနက ဖော်ထုတ်

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနသည် ပြည်ပမှ ကုန်စည်တင်သွင်းမှုနှင့် စပ်လျဉ်းသည့် လေ့လာဆန်းစစ်ချက် အစီရင်ခံစာကို ၂၂-၄-၂၀၂၂ နေ့၌ ထုတ်ပြန်ရာတွင် အိန္ဒိယ၏ စုစုပေါင်း သွင်းကုန်တန်ဖိုး၌ ၅၇.၆၆% အထိရှိသော ရွှေ၊ သဘာဝဓာတ်ငွေ့၊ စားအုန်းဆီကြမ်း၊ ပေါင်းစည်းဆားကစ်များ၊ တစ်ကိုယ်ရည်သုံး ကွန်ပြူတာများ၊ အင်ဆူလင်ထိုးဆေး၊ ကင်မရာ၊ ယူရီးယားမြေဩဇာ၊ ပဋိဇီဝဆေးများ၊ တာဘိုဂျက်အင်ဂျင်များ၊ သန့်စင်ပြီးကြေးနီနှင့် စက်ကိရိယာများ အပါအဝင် ကုန်စည်အမယ် ၁၀၂ မျိုးအား ပြည်တွင်းကုန်ထုတ်လုပ်မှု အခွင့်အလမ်းများအတွက် လက်ငင်းကိုင်တွယ် ဖြေရှင်းရန်လိုအပ်လျက်ရှိကြောင်း ဖော်ထုတ်ခဲ့ပါသည်။

အဆိုပါအစီရင်ခံစာ၌ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အစိုးရအနေဖြင့်ကြားဝင်စွက်ဖက် ဆောင်ရွက်ရမည့် ကုန်စည် ၁၀၂ မျိုးအနက် ၁၈ ခုသည် အစဉ်တစိုက် တင်သွင်းမှုတိုးတက်လျက်ရှိသကဲ့သို့ ကာလရှည်၊ ကာလလတ်နှင့် ကာလတို အခြေအနေ ၃ ရပ်လုံးတွင် သိသာထင်ရှားသည့် တန်ဖိုးဝေစု ပါဝင်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းစီးပွားရေး၌ ၎င်းကုန်စည်များပေးသွင်းနိုင်ရန် ကျပ်တည်းခက်ခဲမှုများအား တည့်မတ် မှန်ကန်အောင်ပြုပြင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကုန်ထုတ်လုပ်မှုနယ်ပယ်အသီးသီးမှ စီးပွားရေးဦးဆောင်သူများ၊ အသင်းအဖွဲ့များအနေဖြင့် အဆိုပါကုန်စည်များအား ပြည်တွင်း ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီစွာ ဖြည့်ဆည်းနိုင်မှုမရှိသည့် အခြေအနေအပေါ် ပြည်တွင်းထုတ်လုပ်နိုင်စွမ်း တိုးချဲ့နိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆရန် လိုမည်ဖြစ်ကြောင်း၊ သို့မှသာ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးမည်ဖြစ်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနသည် HS codes 8-digit အဆင့် သွင်းကုန်အမယ်ပေါင်း ၁၁၉၈၇ ခုအနက် ကာလတိုအဖြစ် ၂၀၂၁ ခုနှစ် မတ်လမှ ဩဂုတ်လအတွင်း ပျမ်းမျှတင်သွင်းမှုတန်ဖိုးဒေါ်လာသန်း ၅၀၀ အထိရှိသော ကုန်စည်များကိုလည်းကောင်း၊ ကာလလတ်တွင် ၂၀၁၈-၁၉ ခုနှစ်မှ ၂၀၂၀-၂၁ ခုနှစ်အထိနှင့် ကာလရှည်၌ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ပျမ်းမျှတင်သွင်းမှုတန်ဖိုး ဒေါ်လာ ၁ ဘီလီယံရှိသော ကုန်စည်များကိုလည်းကောင်း လေ့လာဆန်းစစ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာ အခြေအနေ ၃ ရပ်လုံး၌ ကုန်စည်အမယ် ၈၈ မျိုး

သည် အစဉ်တစိုက် သွင်းကုန်တန်ဖိုးမြင့်တက်လျက်ရှိပြီး ကာလတို၌ ကုန်စည် ၂၇၅ မျိုး၊ ကာလလတ်တွင် ကုန်စည် ၂၈၉ မျိုးနှင့် ကာလရှည်အတွင်း ကုန်စည် ၂၇၄ မျိုးတို့သည် တင်သွင်းမှုမြင့်တက်လျက်ရှိသည်ကို ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဆိုပါ အစီရင်ခံစာ၌ သက်ဆိုင်ရာကုန်စည်လိုင်းအလိုက် အရေးယူကိုင်တွယ် ဆောင်ရွက်ရမည့်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများကိုလည်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနက ခွဲခြားဖော်ပြထားကြောင်း သိရှိရပါသည်။

Source: 1. Analysis of Import Items at Hs 8 Digit Level for Domestic Production Opportunity, 22-4-2022, Department of Commerce of India

2. 102 priority items on government's list to raise domestic manufacturing, cut imports, 28-4-2022, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

## မတ်လတွင် ပြည်ပပို့ကုန်တင်ပို့မှု စံချိန်တင်မြင့်မားခဲ့ခြင်း (ထိုင်းနိုင်ငံ)

ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် မတ်လတွင် နှစ်ပေါင်း(၃၀)အတွင်း စံချိန်တင်မြင့်မားခဲ့ပြီး အားကောင်းနေခဲ့ကြောင်း၊ ပြည်ပတင်ပို့မှုအနေဖြင့် ၂၀၂၂ ခုနှစ်ပထမ(၃) လပတ်တွင် နှစ်အလိုက်၌(၁၄.၉%) မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်မတ်လတွင် ထိုင်းပြည်ပပို့ကုန်တင်ပို့မှုအနေဖြင့် အကောက်ခွန်ရှင်းလင်းပြီး တန်ဖိုးသည် ယခင်နှစ်အလားတူကာလကထက်(၁၉.၅%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၂၈.၈) ဘီလီယံ(ထိုင်းဘတ်ငွေအားဖြင့်၉၂၂ ဘီလီယံ)ရှိခဲ့ကြောင်း၊ ၎င်းမှာ ၁၉၉၁ ခုနှစ်မှစ၍ အမြင့်မားဆုံးဖြစ်ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း(၁၈%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၂၇.၄)ဘီလီယံရှိကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ(၂၇.၄) ဘီလီယံရှိကြောင်း သိရှိရပါသည်။

ယခုနှစ်ပထမ(၃) လပတ်တွင် ပို့ကုန်တင်ပို့မှုသည်(၁၄,၉%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၇၃.၆) ဘီလီယံရှိခဲ့ကြောင်း၊ အလားတူ သွင်းကုန်တင်သွင်းမှုမှာလည်း (၁၈.၄%) တိုးတက်

ခဲ့ပြီး အမေရိကန်ဒေါ်လာ(၇၄.၅) ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ(၉၄၄) သန်းရှိခဲ့ကြောင်း သိရှိရပါသည်။

ရွှေ၊ ရေနံနှင့် ဆက်စပ်သောထုတ်ကုန်များနှင့် လက်နက်တို့မပါဝင်ဘဲ ပို့ကုန်တင်ပို့မှုသည် (၁၃)လမြောက်ဆက်တိုက်အဖြစ်(၈.၉%) တိုးတက်ခဲ့ကြောင်းသိရှိရပါသည်။ မတ်လတွင် ခိုင်မာသော တိုးတက်မှုနှုန်းဖြင့် တင်ပို့နိုင်ခဲ့သည့်ပို့ကုန်များတွင် သံ၊ သံမဏိနှင့် ၎င်းတို့၏ထုတ်ကုန်များ၊ ရေနံစိမ်း၊ သန့်စင်ပြီးရေနံ၊ ဓါတုဗေဒပစ္စည်းများ၊ ပလပ်စတစ်ကော်စေ့များ၊ ရာဘာတာယာများ၊ လယ်ယာထွက်ကုန်နှင့် အစားအစာထုတ်ကုန်များပါဝင်ကြောင်း၊ ရုရှားနှင့် ယူကရိန်းပဋိပက္ခကြောင့် မရှိမဖြစ်လိုအပ်သောပစ္စည်းများ ဝယ်လိုအားမြင့်တက်ခဲ့ကြောင်း၊ အထူးသဖြင့် ဆန်၊ ပီလောပီနံထုတ်ကုန်များ၊ သကြား၊ ပြုပြင်ထားသော ကြက်သား၊ စည်သွပ်ဗူးနှင့် ပြုပြင်ထားသော ပင်လယ်စာ၊ စားအုန်းဆီ၊ အိမ်မွေးတိရစ္ဆာန်အစားအစာများနှင့် ဟင်းခတ်အမွှေးအကြိုင်များအနေဖြင့် ဝယ်လိုအားမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

အခြားဝယ်လိုအား မြင့်တက်ခဲ့ပြီး တိုးတက်တင်ပို့နိုင်သော ထုတ်ကုန်များတွင် လျှပ်စစ်ပစ္စည်းကရိယာများ၊ အိမ်သုံးပစ္စည်းများ၊ ရေခဲသေတ္တာများ၊ ဖရီဇာ(freezers)များနှင့် အစိတ်အပိုင်းများ၊ အဝတ်လျှော်စက်များနှင့် အစိတ်အပိုင်းများ၊ ကွန်ပျူတာများနှင့် အစိတ်အပိုင်းများ၊ ရေဒီယိုများ၊ တယ်လီဗေးရှင်းဖမ်းစက်များနှင့် အစိတ်အပိုင်းများ၊ ဖက်စ်များ၊ တယ်လီဖုန်းနှင့် အစိတ်အပိုင်းများ၊ ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ဆေးဝါးထုတ်ကုန်များ၊ ဆေးဘက်ဆိုင်ရာထုတ်ကုန်များ ပါဝင်ကြောင်း သိရှိရပါသည်။

လယ်ယာနှင့် လယ်ယာစက်မှုထုတ်ကုန်များ၏ ပြည်ပတင်ပို့မှုများသည်(၁၆) လမြောက်အဖြစ် ဆက်လက်တိုးတက်တင်ပို့နိုင်ခဲ့ပြီး မတ်လတွင် နှစ်အလိုက်၌(၁၄.၂%) တိုးတက်ခဲ့ကာ တန်ဖိုးအားဖြင့်အမေရိကန်ဒေါ်လာ(၆၉.၃) ဘီလီယံရရှိခဲ့ကြောင်း၊ ၎င်းတို့တွင်ပီလောပီနံထုတ်ကုန်တင်ပို့မှုသည်(+၆.၃%) ဖြင့်ဦးဆောင်နေကြောင်း၊ ဆန်(+၅၃.၉%)၊ စည်သွပ်နှင့် ပြုပြင်ထားသောပင်လယ်စာ(+၂.ဝ%)၊ သကြား(+၂ဝ၄%)၊ တိရစ္ဆာန်အစားအစာ(+၁၅.၅%)၊ ဟင်းသီးဟင်းရွက်ဆီနှင့် အဆီခဲ(+၃၅ဝ%)၊ ပြုပြင်ထားသောကြက်သား(+၆.၆%)၊ ဟင်းခတ်မှုန့်(+၉.၇%) တို့ဖြစ်ကြပါသည်။

မတ်လတွင် စက်မှုထုတ်ကုန်ပစ္စည်းများ တင်ပို့မှုအနေနှင့်(၂ဝ.၆%) ဖြင့် (၁၃) လမြောက်ဆက်တိုက်အနေနှင့် တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ(၂၃.၆) ဘီလီယံရရှိခဲ့ကြောင်း၊ ၎င်းတွင် ရေနံနှင့်ဆက်စပ်သောထုတ်ကုန်များ(+၁၅.၅%)၊ ကွန်ပျူတာနှင့် အစိတ်အပိုင်းများ(+၃၆.၉%)၊ အီလက်

ထရောနစ် ပေါင်းစပ်ဆားကစ်များ(+၁၁.၀%)၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ(+၃၇.၁%)၊ ဖက်စ်၊ တယ်လီဖုန်းနှင့် အစိတ်အပိုင်းများ(+၃၇.၉%)၊ အပူပေးကရိယာများနှင့် အစိတ်အပိုင်းများ (+၇၁.၉%)၊ ဆေးဘက်ဆိုင်ရာကရိယာများနှင့် ထုတ်ကုန်များ(+၁၀.၆%) တို့ဖြင့် အသီးသီးတိုးတက်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ပို့ကုန်တင်ပို့မှုများ ခိုင်မာအားကောင်းစွာ တိုးတက်ခဲ့ခြင်းမှာ ကိုဗစ်-၁၉ အခြေအနေ တိုးတက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းနှင့် ကမ္ဘာ့ဝယ်လိုအား တိုးတက်လာမှုတို့ကြောင့်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဂျူရင်က ပြောကြားခဲ့ပါသည်။

မစ္စတာဂျူရင်၏ အဆိုအရ ရုရှားနှင့် ယူကရိန်း ပဋိပက္ခဆက်ဖြစ်နေသော်လည်း ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် ဆက်လက်၍တိုးတက်နေဦးမည်ဖြစ်ကြောင်း သိရှိရပါသည်။ ရုရှားနှင့် ယူကရိန်းပဋိပက္ခကြောင့် ရုရှားနှင့် ယူကရိန်းထုတ်ကုန်များနေရာတွင် အစားထိုးနိုင်ရန် အခွင့်အရေးများရှိနေကြောင်းနှင့် များစွာသောနိုင်ငံများတွင် အစားအစာ ဖူလုံရေးအတွက် လယ်ယာထုတ်ကုန်နှင့် အစားအစာထုတ်ကုန်များ ပိုမိုတင်ပို့ရန် အခွင့်အလမ်းများမှာ ပို့ကုန်တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အချက်များဖြစ်ကြောင်း၊ ထို့အပြင်(RCEP) ကဲ့သို့သော လွတ်လပ်သည့် ကုန်သွယ်မှုသဘောတူညီချက်များကို အသုံးချခြင်းဖြင့်လည်းကောင်း၊ ဆော်ဒီအာရေဗျနှင့် ထိုင်းနိုင်ငံတို့အကြား ဆက်ဆံရေးပြန်လည်ထူထောင်ခြင်းတို့က ထိုင်းပို့ကုန်များအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဆန်၊ အေးခဲနှင့် ပြုပြင်ထားသောကြက်သား၊ ပြုပြင်ထားသောပင်လယ်စာ၊ မော်တော်ကားနှင့် အစိတ်အပိုင်းများအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပို့ကုန်တိုးတက်တင်ပို့ရေးအတွက် အခြားသောအထောက်အပံ့ဖြစ်စေသည့် အချက်များတွင် ထိုင်းဘတ်ငွေတန်ဖိုးကျဆင်းမှုလည်းပါဝင်ပါသည်။ မတ်လတွင် ပို့ကုန်တင်ပို့မှု မြင့်တက်လာသော်လည်း မော်တော်ကားနှင့် အစိတ်အပိုင်းများ၊ ရာဘာထုတ်ကုန်များကဲ့သို့သော အဓိကလုပ်ငန်းများအတွက် စိုးရိမ်နေမိကြောင်း၊ အဆိုပါ လုပ်ငန်းကဏ္ဍနှစ်မျိုးအတွက် ပို့ကုန်တင်ပို့မှုမှာ မတ်လတွင် (၁၀%) နှင့်(၁၃.၄%) တို့ဖြင့် အသီးသီးကျဆင်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ထိုင်းအမျိုးသားရေကြောင်းပို့ဆောင်ရေးကောင်စီဥက္ကဋ္ဌ Chaichan Chareonsuk ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။ တရုတ်၊ ဂျပန်နှင့် အီးယူကဲ့သို့သော တစ်ချို့သောအဓိကပို့ကုန်ဈေးကွက်အချို့တွင် ပို့ကုန်

Agribusiness & Trade

တင်ပို့ မှုကျဆင်းခဲ့ကြောင်း၊ ၎င်းကိစ္စကို အနီးကပ်စောင့်ကြည့်သွားရန်လိုအပ်ကြောင်း Mr. Chaichan က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

..........................................................................

## လွန်ခဲ့သည့်ခြောက်လအတွင်း စက်ရုံသစ်ပေါင်း(၁,၀၀၀) ကျော် တည်ထောင်ခဲ့ကြခြင်း (ထိုင်းနိုင်ငံ)

ထိုင်းနိုင်ငံတွင် လွန်ခဲ့သည့်(၆) လအတွင်း စက်ရုံအသစ်ပေါင်း (၁,၀၀၀)ကျော် တည်ထောင်ခဲ့ကြကြောင်း၊ အများစုမှာ စားသောက်ကုန်လုပ်ငန်းများ ဖြစ်ကြကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးမှာ ဘတ်ငွေ(၅၆.၃) ဘီလီယံရှိကြောင်း၊ ၎င်းမှာ ပြည်တွင်းစီးပွားရေးအနေနှင့် နှေးကွေးစွာ ပြန်လည် နာလန်ထူလာသည့် လက္ခဏာဖြစ်ကြောင်း စက်မှုလုပ်ငန်းဦးစီးဌာန၏ အဆိုအရ သိရှိရပါသည်။

၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် ပိတ်သိမ်းခဲ့သော စက်ရုံပေါင်း(၃၆၁) ခုရှိပြီး ၎င်းမှာ (၈.၃၈%) ကျဆင်းသွားခြင်းဖြစ်ကြောင်း၊ အလုပ်သမားပေါင်း(၁၂,၁၇၂) မှာ အလုပ်ထုတ်ခံခဲ့ရကြောင်းနှင့် ၎င်းမှာ ယခင်နှစ်ကာလတူကထက် (၈.၇၄%) ကျဆင်းသွားခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ကပ်ရောဂါကာလအတွင်း စက်ရုံငယ်များအပေါ် ပြင်းထန်သောသက်ရောက်မှုများ ရှိခဲ့ကြောင်း၊ အဆိုပါကိန်းဂဏန်းများသည် တိုးတက်လာသော စီးပွားရေးကို ထင်ဟပ်နေကြောင်း ဌာနအကြီးအကဲ Wanchai Phanomchai ၏အဆိုအရ သိရှိရပါသည်။

အစားအစာသည် စက်ရုံအသစ်များအကြားတွင် ရေပန်းအစားဆုံးလုပ်ငန်းဖြစ်ပြီး ၎င်းနောက်တွင် သစ်အချောထည်နှင့် စတီးလုပ်ငန်းတို့ရှိနေကြောင်း သိရှိရပါသည်။ စက်ရုံအသစ်များမှ အလုပ်သမားပေါင်း (၃၁,၃၃၀)ကို အလုပ်အကိုင်ရရှိစေခဲ့ကြောင်း ဌာန၏အဆိုအရ သိရှိရပါသည်။ အဆိုပါ စက်ရုံအသစ်အရေအတွက်သည် ပြီးခဲ့သည့်နှစ် ဘဏ္ဍာနှစ်ကာလတူထက် လျော့နည်းခဲ့သော်လည်းကိုဗစ်-၁၉ အခြေအနေကို ဆက်လက်၍ ထိန်းသိမ်းထားနိုင်ပါက ယခုလမှစတင်၍ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးလာမည်ဟု ယုံကြည်လျှက်ရှိနေကြောင်း Mr. Wanchai က ပြောကြားခဲ့ပါသည်။

၎င်းက ၂၀၂၂ ခုနှစ်ဘဏ္ဍာနှစ်တွင် ၎င်းတို့၏ ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ပေးမည့် စက်ရုံသစ်အရေအတွက်သည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် လျှော့နည်းမည်မဟုတ်ဟု ယုံကြည်လျှက်ရှိနေကြောင်း၊ သို့ရာတွင်ရုရှား-ယူကရိန်းပဋိပက္ခ၏ သက်ရောက်မှုက အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

စက်ရုံအများစုအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသေးကြောင်း ဌာနအနေဖြင့် ဝန်ခံပြောကြားသွားခဲ့ပါသည်။ ဥပဒေချိုးဖေါက်သည့် စက်ရုံပိုင်ရှင်များကို အာဏာပိုင်များမှဥပဒေနှင့်အညီ အရေးယူလျှက်ရှိကြောင်း သိရှိရပါသည်။ ဌာနအနေဖြင့် လုပ်ငန်းစွန့်ပစ်ပစ္စည်းများနှင့် စွန့်ပစ်ရေဆိုးများကို လို့ဝှက်စွာစွန့်ပစ်နေကြသည့် စက်ရုံများအပေါ် ဒါဏ်ခတ်မှုများ ပိုမိုချမှတ်ထားကြောင်း၊ စွန့်ပစ်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ တိုင်ကြားခံရသည့် စက်ရုံများအနေဖြင့် ၎င်းတို့၏ပျက်ကွက်မှုအတွက် အရေးယူခံရလျှက်ရှိကြောင်းနှင့် လုပ်ငန်းရှင်ပေါင်း (၄၀,၀၀၀) ကျော် စွဲချက်တင်ထားခြင်းခံရကြောင်း သိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

............................................................................................................

## ဟောင်ကောင်ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသော်လည်း ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် ဟောင်ကောင်၌ အလုပ်လက်မဲ့နှုန်း ဆက်လက်မြင့်မားလျက်ရှိမည်ဟု ဟောင်ကောင် ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့ခြင်း

ဟောင်ကောင်ဒေသ၌ အလုပ်လက်မဲ့နှုန်းမှာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း (၅) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ စတင်ဖြေလျှော့ပေးခဲ့ပြီးနောက် စီးပွားရေးပုံမှန် ပြန်လည်တိုးတက်လာနိုင်သော်လည်း အလုပ်လက်မဲ့နှုန်းမှာ ဆက်လက်မြင့်မားလျက်ရှိမည်ဟု ဟောင်ကောင် ဘဏ္ဍာရေးအတွင်းဝန် (ဝန်ကြီး) Mr Paul Chan Mo-po ကပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Coronavirus Hong Kong jobless rate set to remain high for ‘some time’ although economy gradually improving, finance chief says” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ ပဉ္စမလှိုင်းကူးစက်မှုမှာ တည်ငြိမ်လာပြီဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများမှာ ကမ္ဘာ့ကပ်ရောဂါကြောင့် ဖိအားများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ဒေသ၏ စီးပွားရေးသည် တိုးတက်လာနိုင်သည့်လက္ခဏာရှိသော်လည်း လာမည့်လအတွင်း ထုတ်ပြန်ကြေငြာမည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ပဉ္စမလှိုင်း၏ ရိုက်ခတ်မှုကြောင့် ခက်ခဲသည့်အခြေအနေရှိနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း အလုပ်လက်မဲ့နှုန်း (၅) ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ယခင်နှစ်၊ ၂၀၂၁ ခုနှစ်၊ ဧပြီလမှ ဇွန်လအတွင်း ကျဆင်းခဲ့သည့် အလုပ်လက်မဲ့နှုန်း (၅.၄) ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက အဆိုးရွားဆုံး အခြေအနေဖြစ်ကြောင်း၊ အလုပ်လက်မဲ့အရေအတွက်ဦးရေမှာ (၂၆,၉၀၀) ဦးမှ (၁၈၈,၅၀၀) ဦးအထိ မြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရိုက်ခတ်မှု ပြင်းထန်စွာ ခံစားခဲ့ရသည့်ကဏ္ဍများတွင် အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းနှင့် လက်လီရောင်းချမှု လုပ်ငန်းများမှာ အဆိုးရွားဆုံးရိုက်ခတ်ခံခဲ့ရပြီး အလုပ်လက်မဲ့နှုန်းမှာ(၁၁) ရာခိုင်နှုန်းနှင့်(၇.၇) ရာခိုင်နှုန်း အသီးသီးဖြစ်ကြောင်း၊ ထို့ပြင်ဒေသ၌ ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း ငွေကြေးဖောင်းပွမှု (၁.၇) ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် ပြင်ပသို့ ငွေကြေးစီးဆင်းမှုများရှိပါက ဒေသတွင်းအတိုးနှုန်းနှင့် ငွေလဲလှယ်နှုန်းများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ဖွယ်ဖြစ်ကြောင်း၊ ထို့ပြင် အိမ်ခန်းဝယ်ယူသူများအတွက် အတိုးနှုန်းများ မြင့်တက်နိုင်ပြီး ချေးငွေစာချုပ်များ၏ အမျိုးအစားများ မြင့်တက်နိုင်ကြောင်း၊ အမေရိကန်နိုင်ငံ၌ ငွေကြေးဖောင်းပွမှုမှာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (၈) ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်၊ မတ်လတွင် (၈.၅) ရာခိုင်နှုန်းဖြစ်ရာ ဆယ်စုနှစ် (၄) ခုအတွင်း အမြင့်မားဆုံးဖြစ်ခဲ့ကြောင်း၊ သို့သော် အဆိုပါမြင့်တက်မှုမှာ ဟောင်ကောင်ဒေသ၏ ငွေကြေးကဏ္ဍ တည်ငြိမ်မှုအပေါ် ဆိုးရွားသည့် သက်ရောက်မှု မရှိနိုင်သော်လည်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေကြေးဖောင်းပွမှု၊ အတိုးနှုန်းတို့နှင့် ပတ်သက်၍ ရိုက်ခတ်ခံရနိုင်သည့် အခြေအနေများကို ဂရုစိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဟောင်ကောင်ဒေါ်လာ (၂၉) ဘီလီယံ (အမေရိကန် ဒေါ်လာ ၃.၇၁ ဘီလီယံ) ပိုငွေရှိကြောင်း၊ အဆိုပါပိုငွေ ဖြစ်ပေါ်ရသည့် အဓိကအချက်မှာ ဝင်ငွေခွန်ပေးဆောင်မှုများသည် မျှော်မှန်းထားသည် ထက်မြင့်မားပြီး၊ အခွန်နောက်ကျပေးဆောင်ခွင့် လျှောက်ထားမှုများမှာ မျှော်မှန်းထားသည် အောက်လျော့နည်းခဲ့မှုများကြောင့်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၈ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ မေလ(၁၂) ရက်

| ၁၂-၅-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၉၃၄.၀ |
| စင်္ကာပူဒေါ်လာ | ၁၃၂၅.၉ |
| စတာလင်ပေါင် | ၂၂၅၅.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၄၃၈.၆ |
| တရုတ်ယွမ် | ၂၇၂.၄၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၆၇ |
| အိန္ဒိယရူပီး | ၂၃.၈၇၃ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၃.၄၅ |
| မလေးရှား ရင်းဂစ် | ၄၂၀.၃၂ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၂၃၈ |
| ထိုင်းဘတ် | ၅၃.၂၄၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၀၉၅ |


လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အစိုးရအဖွဲ့အနေဖြင့် အခွန်သုညရာခိုင်နှုန်းဖြင့် မေလမှ ဇူလိုင်လအထိ ပြောင်းတင်သွင်းခွင့် အဆိုပြုချက်အပေါ် အတည်ပြုပေးခြင်း (ထိုင်းနိုင်ငံ)

➢ ထိုင်းသစ်သီးဝလံများ တရုတ်ပြည်သို့ဝင်ရောက်ရန် အဆင်ပြေခြင်း

➢ အော်ဂဲနစ်ဆန်စိုက်ပျိုးရေး ပြန်လည်မြှင့်တင်ရန် ဌာနဆိုင်ရာများအား ညွှန်ကြားထားခြင်း (ထိုင်းနိုင်ငံ)

➢ အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၂ ခုနှစ် ဂျုံထွက်ရှိနိုင်မှုအား အစိုးရက လျှော့ချခန့်မှန်း

➢ တရုတ်နိုင်ငံ၏ နေ့လယ်ခင်း လက်ဖက်ရည်ဈေးကွက်

➢ တရုတ်နိုင်ငံ၌ နှစ်စဉ်နွေရာသီငါးဖမ်းဆီးမှု တားမြစ်ချိန် စတင်

➢ ဆောင်းရာသီ-နွေဦးရာသီ ရိတ်သိမ်းမှုများပြီးစီးသည့်အခါ ဗီယက်နမ်ဆန်ဈေးနှုန်းများ မြင့်တက်ဖွယ်ရှိ

➢ တရုတ်နိုင်ငံ၏ မွေးမြူရေးလုပ်ငန်းများ လျင်မြန်စွာပြန်လည်နာလံထူလာမှုကြောင့် တိရစ္ဆာန်အစာကုန်ကြမ်းဖြစ်သည့် ပဲပုတ်စေ့နှင့် ပြောင်းဝယ်လိုအားများ မြင့်တက်လျက်ရှိ

- **အထွေထွေသတင်းများ**

➢ ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုမှ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၈.၁ ဘီလီယံ ရရှိခဲ့

➢ စွမ်းအင်ကုန်ကျစရိတ်ကြောင့် ဘယ်လ်ဂျီယံစက်မှုလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းချက်များရှိလာခြင်း

- ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများ ဈေးတက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ဆောက်လုပ်ရေးကုမ္ပဏီများက စိုးရိမ်လာကြခြင်း
- ဘယ်လ်ဂျီယံနိုင်ငံ၌ စားသောက်ကုန်ဈေးနှုန်းများသည် ပျမ်းမျှ (၆) ရာခိုင်နှုန်းခန့် မြင့်တက်လာခြင်း
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ
- ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်(FTI) အနေဖြင့် လုပ်အားခတိုးမြှင့်မည့်ကိစ္စအပေါ် သတိကြီးစွာထားရှိခြင်း
- ထိုင်းစီးပွားရေးမှာ ပြန်လည်နာလန်ထူလာရန် လမ်းပေါ်တွင်ရှိနေဆဲဖြစ်
- ထိုင်းပြည်ပပို့ကုန် တင်ပို့မှုသည် ဒုတိယ(၃) လပတ်တွင် ပိုမိုတိုးတက်မည်ခန့်မှန်းခြင်း
- ဂျာမန်စားသောက်ကုန်လုပ်ငန်းများက အီးယူသို့ အစီရင်ခံစာတင်ပြမှုများအတွက် ဖြေလျှော့ပေးမှုများ တောင်းဆို
- ဟောင်ကောင်ဒေသ၏ စီးပွားရေးဆိုင်ရာ သတင်းများ

## အစိုးရအဖွဲ့အနေဖြင့် အခွန်သုညရာခိုင်နှုန်းဖြင့် မေလမှ ဇူလိုင်လအထိ ပြောင်းတင်သွင်းခွင့် အဆိုပြုချက်အပေါ် အတည်ပြုပေးခြင်း (ထိုင်းနိုင်ငံ)

ယူကရိန်းနှင့် ရုရှားပဋိပက္ခကြောင့် တိရစ္ဆာန်အစားအစာတွင် ပါဝင်သောပစ္စည်းများ ပြတ်လပ်မှုကို လျှော့ပါးသက်သာစေရန်အတွက် အစိုးရအဖွဲ့သည် မေလမှ ဇူလိုင်လအထိ ပြောင်းတန်ချိန် (၆၀၀,၀၀၀) ကို အခွန်သုညရာခိုင်နှုန်းဖြင့် တင်သွင်းခွင့်ပြုရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အဆိုပြုချက်အား(၃-၅-၂၀၂၂) ရက်နေ့တွင် အတည်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူThanakorn Wangboonkongchana က အဆိုပါပြောင်းများတင်သွင်းမှုကို Public Warehouse Organization (PWO)နှင့် အထွေထွေကုန်ပစ္စည်းတင်သွင်းသူများ(General Importers)မှ ကိုင်တွယ် ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ ပါသည်။

ယခင်သတ်မှတ်ချက်များအရ (PWO) အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) ၏ Quota အရ တစ်နှစ်လျှင် ပြောင်းတန်ချိန်(၅၄၇,၀၀၀) အား အခွန်(၂၀%) ဖြင့် တင်သွင်းခွင့်ပြုခဲ့ပါသည်။ ဂျုံနှင့် ပြောင်းကဲ့သို့သော တိရစ္ဆာန်အစာရောစပ်ရာတွင် အသုံးပြုသည့်သီးနှံများသည် လပေါင်းများစွာ ပြတ်လပ်နေသည့်အတွက် အဆိုပါဂျုံနှင့် ပြောင်းတို့အား အစိုးရအနေဖြင့် ပြည်တွင်းလယ်သမားများအား အကာအကွယ်ပေးရန် ဆောင်ရွက်ခဲ့သော အတားအဆီးများကို ဖယ်ရှားပေးရန် တိရစ္ဆာန်အစာထုတ်လုပ်သူများက အစိုးရကို တိုက်တွန်းတောင်းဆိုခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Mr.Thanakorn ၏အဆိုအရ အစိုးရအဖွဲ့သည် ဂျုံတင်သွင်းမှုအပေါ် ယာယီရပ်ဆိုင်းရန် အဆိုပြုချက်ကို အတည်ပြုပေးခဲ့ကြောင်း၊ ဂျုံတင်သွင်းသူများအနေဖြင့် ပြည်တွင်းထွက်ပြောင်းကို (၁:၃)ဖြင့်မေလမှ ဇူလိုင်လအထိ သုံးလကြာဝယ်ယူရန်ဖြစ်ကြောင်း သိရှိရပါသည်။ အစိုးရအဖွဲ့သည် ပြည်တွင်းထွက်ပြောင်းနှင့် ပီလောပီနံဈေးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဂျုံတင်သွင်းမှုကို၂၀၁၆ ခုနှစ်တွင် ကန့်သတ်ခဲ့ကြောင်း သိရှိရပါသည်။

အစိုးရအဖွဲ့အနေဖြင့် ဆန်စပါးနှင့် ပြောင်း အာမခံအစီအစဉ်အတွက် အထောက်အပံ့ပေးရန် ဘတ်ငွေ(၂.၁၄) ဘီလီယံအား အတည်ပြုပေးခဲ့ကြောင်း၊ အဆိုပါဘတ်ငွေ(၂.၁၄) ဘီလီယံအနက် ဘတ်ငွေ(၁.၉၂) ဘီလီယံမှာ ဆန်စပါးအာမခံအစီအစဉ်အတွက် ဖြစ်ပြီးကျန်ဘတ်ငွေ(၂၂၄) သန်းမှာ ပြောင်း အာမခံအစီအစဉ်အတွက်ဖြစ်ကြောင်း သိရှိရပါသည်။ ဆန်စပါး အာမခံအစီအစဉ်သည် တစ်၏ တိုင်းပြည်လုံး အတိုင်းအတာဖြင့်မြေ(၂၈.၅) သန်းရိုင်အား လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း၊

၎င်းအနက် မြေ(၂၈)သန်းမှာ အစိုးရပိုင်လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဘဏ်၏ ဖေါက်သည်လယ်သမားများ ပိုင်ဆိုင်သည့်မြေများဖြစ်ပြီး ကျန်ရှိသည့်မြေ(၅) သောင်းရိုင်မှာ အခြားသောလယ်သမားများ ပိုင်ဆိုင်သည့် မြေများဖြစ်ကြောင်း၊ ပြောင်းအာမခံအစီအစဉ်အနေဖြင့်မြေ(၂.၀၆) သန်းရိုင်အပေါ် လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

……………………………………………………………………

## ထိုင်းသစ်သီးဝလံများ တရုတ်ပြည်သို့ဝင်ရောက်ရန် အဆင်ပြေခြင်း

ဒူရင်းသီးအပါအဝင် ထိုင်းသစ်သီးဝလံများ တင်သွင်းခွင့်ပြုရန်အတွက် တရုတ်နိုင်ငံအနေဖြင့် နယ်စပ်စစ်ဆေးရေးဂိတ်အားလုံးကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ထိုင်းအစိုးရတာဝန်ရှိသူတစ်ဦး၏ အဆိုအရ သိရှိရပါသည်။ ကိုဗစ်-၁၉ ပိုးကြောင့် တရုတ်နိုင်ငံက ထိုင်းသစ်သီးဝလံများ နယ်စပ်ဖြတ်ကျော် တင်ပို့မှုကို ရက်အတော်ကြာ ပိတ်ထားခဲ့ခြင်းဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၏ အကြံပေးနှင့် သစ်သီးဝလံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်ဖြစ်သည့် Alongkorn Ponlaboot က နယ်စပ်စစ်ဆေးရေးဂိတ်များ ပြန်လည်ဖွင့်လှစ်ရေးနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Youyi Guan၊ Dongxing၊ Mohan နှင့် Ping Xiang တို့အပါအဝင် နယ်စပ်စစ်ဆေးရေးဂိတ်များအားလုံးကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း Mr. Alongkorn ကပြောကြားခဲ့ပါသည်။ ၎င်းမှာ ထိုင်းလယ်သမားများ အထူးသဖြင့် ဒူရင်းသီးခြံပိုင်ရှင်များအတွက် သတင်းကောင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

ကုန်စည်များ ပို့ဆောင်ရေးအဆင်ပြေချောမွေ့စေရန်အတွက် ပါဝင်သူအားလုံးအနေဖြင့် ကိုဗစ်-၁၉ အပါအဝင် ရောဂါပိုးမွှားများအန္တရာယ်မှ ကင်းဝေးစေရန်အတွက် သဘော်မတင်မီ Sanitation စံချိန်စံညွှန်းများကို လိုက်နာထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း သိရှိရပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနဝန်ကြီး Chalermchai Sri-on အားထိုင်း

နိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Phan Chi Thanh ကစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံကုန်သွယ်မှု အားကောင်းစေရန်သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံသာမကဘဲ ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံသူလည်းဖြစ်ကြောင်း Mr. Chalermchai ကပြောကြားခဲ့ပါသည်။ ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာ အဓိကပံ့ပိုးသူများဖြစ်လာစေရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုပါသည်။

Mr. Chalermchai က အာဆီယံ ရာဘာကောင်စီတည်ထောင်ရာတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် အားပေးကူညီရန်တောင်းဆိုခဲ့ကြောင်းနှင့် ထိုင်းနိုင်ငံထုတ်ကြက်မောက်သီးများနှင့် သရက်သီးများအား တင်သွင်းခွင့်တားမြစ်ချက်များကို ရုတ်သိမ်းပေးရန်ဗီယက်နမ်နိုင်ငံအား တောင်းဆိုခဲ့ကြောင်း သိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

..............................................................

**အော်ဂဲနစ်ဆန်စိုက်ပျိုးရေး ပြန်လည်မြှင့်တင်ရန် ဌာနဆိုင်ရာများအားညွှန်ကြားထားခြင်း (ထိုင်းနိုင်ငံ)**

လယ်သမားများ၏ဝင်ငွေကို မြှင့်တင်ရန်နှင့် လယ်ယာကဏ္ဍရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အော်ဂဲနစ်ဆန်များ အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် တာဝန်ရှိဌာနဆိုင်ရာများအား အစိုးရက ညွှန်ကြားထားကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန် Boonyarit Kalayanamit၏ အဆိုအရ ဧပြီလ(၂၇) ရက်နေ့တွင် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ ဥက္ကဌအဖြစ်ဦးဆောင်ကျင်းပဆောင်ရွက်ခဲ့သည့် အမျိုးသားဆန်စပါး မူဝါဒကောင်စီအစည်းအဝေးတွင် ဆက်စပ်ဌာနဆိုင်ရာများအနေဖြင့် အော်ဂဲနစ်ထုတ်ကုန်ဈေးနှုန်းမြှင့်တင်ရေးစီမံကိန်း ဒုတိယအဆင့် (၂၀၂၂-၂၀၂၅) တွင်လုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်သွားကြရန် အမိန့်ပေးခဲ့ကြောင်း သိရှိရပါသည်။

ဝန်ကြီးချုပ်ရာယွတ်ချန်အိုချာက လယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်မြှင့်တင်ရန် အတွက်သုတေသန၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆန်စပါးဆိုင်ရာနည်းပညာလုပ်ငန်းများက ပိုမိုမြှင့်တင် ဆောင်ရွက်သွားကြရန်၊ သက်ဆိုင်ရာဌာနဆိုင်ရာများအား တာဝန်ပေးအပ်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ရေရှည်တွင် ဈေးနှုန်းအာမခံချက်အတွက် ၎င်း၏ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကို လျှော့ချသင့်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အမျိုးသားဆန်စပါးမူဝါဒကောင်စီအဖွဲ့ဝင်ဖြစ်ပြီး လယ်သမားများ၏ ကိုယ်စားလှယ်ဖြစ်သူ Suthep Khongmak က အစိုးရ၏မြှင့်တင်ရေးမူဝါဒ ပြတ်တောက်မှုသည် အော်ဂဲနစ်ဆန်စိုက်ပျိုးမှု အတွက် အဓိကအတားအဆီးတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းက အစိုးရအနေဖြင့် အော်ဂဲ နစ်ဆန်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းပထမအဆင့်(၂၀၁၇-၂၀၂၁) အတွက်အော်ဂဲနစ်ဆန် စိုက်ပျိုးသည့် လယ်သမားများအား ထောက်ပံ့ရန်ဘတ်ငွေ(၁) ဘီလီယံအား အစိုးရမှထုတ်မပေးသေးကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါပထမအဆင့်မှာ လယ်သမားများအား(၃) နှစ်အတွင်း လယ်ယာမြေ(၁) သန်းရိုင် တွင် အော်ဂဲနစ်ဆန်စိုက်ပျိုးလာစေရန်အတွက် အားပေးမြှင့်တင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အစိုးရ အနေဖြင့် လယ်သမားများအားအော်ဂဲနစ်ဆန်စိုက်ပျိုးရေး အဆင်ပြေစေရန်အတွက် ပထမနှစ်တွင် မြေတစ်ရိုင်လျှင် (၂,၀၀၀) ဘတ် ထောက်ပံ့ရန်၊ ဒုတိယနှစ်တွင် မြေတစ်ရိုင်လျှင်(၂,၀၀၀) ဘတ် ထောက်ပံ့ရန်၊ တတိယနှစ်တွင် မြေတစ်ရိုင်လျှင်(၄,၀၀၀) ဘတ် ထောက်ပံ့ရန် ကတိပြုထားခဲ့ကြောင်း သိရှိရပါသည်။

Mr.Suthep ကအစိုးရနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးများအပြောင်းအလဲက အော်ဂဲနစ်ဆန်စိုက်ပျိုးရေး ကိစ္စ အားရပ်တန့်စေခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ အရှေ့မြောက်ပိုင်းတွင် အော်ဂဲနစ်ဆန်အဓိက စိုက်ပျိုး သည့်မြေ (၇၀၀,၀၀၀) ရိုင်ရှိကြောင်း၊ အစိုးရအနေဖြင့် အော်ဂဲနစ်ဆန် တိုးမြှင့်စိုက်ပျိုးရေးအတွက် စိတ်ဝင်စားမှုနည်းပါးကြောင်း အစည်းအဝေးတွင် မိမိအနေဖြင့် ဝန်ကြီးချုပ်ပရာယွတ်အား တင်ပြခဲ့ သည်ဟု Mr.Suthep ကပြောကြားခဲ့ကြောင်း၊ အစိုးရဌာနဆိုင်ရာများအနေဖြင့် ၂၀၂၂-၂၀၂၅ အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်သစ်များကို ပိုမိုအလေးထားဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ရကြောင်း၊ သိရှိရပါသည်။

အမျိုးသားဆန်စပါးမူဝါဒကောင်စီအနေဖြင့် ယခုနှစ်အတွင်းအော်ဂဲနစ်ဆန် စိုက်ပျိုးရေး

အတွက် ထောက်ပံ့ငွေဘတ်(၁၄၆) သန်းအား အတည်ပြုပေးခဲ့ကြောင်း၊ ဈေးကွက်ရရှိရေးနှင့် အရည်အသွေးစံချိန်စံညွှန်းတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား အကူအညီပေးရန် အစိုးရဌာနဆိုင်ရာများအား ညွှန်ကြားထားကြောင်း သိရှိရပါသည်။

ထိုင်း အော်ဂဲနစ်ဆန်စိုက်ပျိုးသည့် လယ်သမားများအနေဖြင့် အခွင့်အရေးများစွာ ရှိနေကြောင်း၊ အကြောင်းမှာ ထိုင်းလယ်သမားများအနေဖြင့် ၂၀၂၁ ခုနှစ်တွင်တရုတ်၊ ဂျပန်နှင့် ဥရောပသို့ အော်ဂဲနစ်ဆန်တန်ချိန်(၁၀၀,၀၀၀) တင်ပို့ရောင်းချရန်အတွက် လယ်သမားများအနေဖြင့် ရပ်ရွာအခြေပြု စီးပွားရေးလုပ်ငန်းအသင်းများအား ထူထောင်ထားခဲ့ပြီးဖြစ်ခြင်းကြောင့် အလားအလာကောင်းများရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

## အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၂ ခုနှစ် ဂျုံထွက်ရှိနိုင်မှုအား အစိုးရက လျော့ချခန့်မှန်း

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ် (ဇူလိုင်-ဇွန်) အတွင်း ဂျုံစိုက်ပျိုးထုတ်လုပ်နိုင်မည့်ပမာဏအား မူလက တန်ချိန် ၁၁၁.၃၂ ရှိမည်ဟု ခန့်မှန်းထားရာမှ ယခုနှစ် နွေရာသီကာလ၌ အပူလှိုင်းကျရောက်မှုကြောင့် အဆိုပါပမာဏမှ ၅.၇% လျော့ချလျက် တန်ချိန် ၁၀၅ သန်းခန့်သာထွက်ရှိနိုင်ဖွယ်ရှိကြောင်း အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနမှ အတွင်းဝန် Mr. Sudhanshu Pandey က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့ပါသည်။

ပြည်နယ်အချို့၌ အစိုးရ၏ အနိမ့်ဆုံးထားရှိဝယ်ယူပေးမည့် အခြေခံရည်ညွှန်းဈေးနှုန်း (MSP) ထက် ဈေးကွက်ပေါက်ဈေး မြင့်မားလျက်ရှိခြင်း၊ ပြည်နယ်အချို့၌ ဂျုံအထွက်ပမာဏ လျော့ကျဖွယ်ရှိခြင်း၊ တောင်သူများကလည်း ၎င်းတို့၏ထုတ်ကုန်များအား လက်ဝယ်သိုလှောင် ထားရှိသကဲ့သို့ ကုန်သည်များကလည်း ဈေးနှုန်းများဆက်လက် မြင့်တက်လာနိုင်ချေရှိသည်ကို မျှော်မှန်းလျက်ရှိခြင်း စသည့်အခြေအနေများအရ ၂၀၂၂-၂၃ ခုနှစ် ဈေးကွက်ရာသီကာလ (ဧပြီလ မှ မတ်လထိ) အတွင်း အရန်ရိက္ခာ ဂျုံဝယ်ယူမှုမှာ ယခင်နှစ်အောက် လျော့ကျလျက် တန်ချိန် ၁၉.၅ သန်းခန့်သာ ဝယ်ယူရရှိနိုင်မည်ဟု အစိုးရက ခန့်မှန်းထားသည်။ ၂၀၂၀-၂၁ သီးနှံစိုက်ပျိုးရေးနှစ်၌ အိန္ဒိယ၏ ဂျုံစိုက်ပျိုး

Agribusiness & Trade

ထုတ်လုပ်မှုမှာ တန်ချိန် ၁၀၉.၅၉ သန်း ထွက်ရှိခဲ့ပါသည်။ ထိုသို့ ယခင်နှစ်စိုက်ပျိုးထွက်ရှိနိုင်မှု အောက်လျော့ကျဖွယ်ရှိသော်လည်း အစိုးရအနေဖြင့် ပြည်ပသို့ ဂျုံတင်ပို့မှုကို ထိန်းချုပ်မှုပြုမည် မဟုတ်ကြောင်း၊ PMGKAY ခေါ် အစိုးရ၏ အခမဲ့စားနပ်ရိက္ခာပေးဝေရေး ရာရှင်စနစ်အောက်တွင် ဂျုံအစား ဆန်တန်ချိန် ၂၂ သိန်းကို ပြည်နယ်များသို့ ဖြန့်ဖြူးပေးရန် ခွဲဝေချထားပြီးဖြစ်ကြောင်းဖြင့် အတွင်းဝန် Mr. Pandey က ပြောဆိုပါသည်။

ရုရှား-ယူကရိန်း စစ်ပွဲ၏ ကမ္ဘာ့ဂျုံဈေးကွက်အပေါ် ရိုက်ခတ်မှုက ဈေးနှုန်းများမြင့်တက်စေပြီး အိန္ဒိယနိုင်ငံ၏ ပြည်ပသို့ ဂျုံတင်ပို့မှုသည် ၂၀၀၂ ခုနှစ်၊ မတ်လ၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ယခင်နှစ်ထက် ၂၇၅% တိုးတက်လျက် တန်ချိန် ၇.၈၅ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီလအတွင်း အိန္ဒိယအစိုးရက ထုတ်ပြန်ခဲ့သော သီးနှံထွက်ရှိနိုင်မှုခန့်မှန်းချက်များအပေါ် အခြေပြု၍ လက်ရှိ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင်လည်း ဂျုံတန်ချိန် ၁၂ သန်းအထိ ပြည်ပတင်ပို့နိုင်မည်ဟု ကုန်သည်များက မျှော်မှန်းခဲ့ကြသည်။ ရိုက်တာသတင်းဌာနက မြင်တွေ့ခဲ့သော အစိုးရ၏ အစီရင်ခံမှတ်စုတစ်စောင်၌ အပူလှိုင်းကျရောက်မှုကြောင့် ဂျုံသီးနှံစေ့များ ကျုံ့ဝင်ပျက်စီးမှုသည် ၂၀% ရှိပြီး ထုတ်လုပ်မှုပမာဏသည် ၆% ခန့် လျော့ကျနိုင်မည်ဟု ဖော်ပြပါသည်။

နယူးဒေလီမြို့ အခြေစိုက် ကုန်သည်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ Mr. Rajesh Paharia Jain က လက်ရှိအခြေအနေမှာ အပြောင်းအလဲများစွာရှိသဖြင့် ဂျုံသီးနှံ စိုက်ပျိုးထွက်ရှိနိုင်မှုမှာ မှန်းဆ၍မရနိုင်သေးကြောင်း၊ ဖေဖေဖော်ဝါရီလ၌ ပြည်ပသို့ ဂျုံတန်ချိန် ၁၂ သန်းအထိ တင်ပို့နိုင်မည်ဟု တွက်ဆခဲ့သော်လည်း ယခုအခါ တန်ချိန် ၁၀ သန်းမျှကိုသာ ခန့်မှန်းနိုင်ကြောင်းဖြင့် ပြောဆိုပါသည်။ ကုန်သည်အချို့ကမူ ယခုထက်ပိုမို၍ ထိခိုက်ဖွယ်ရှိသည်ဟု ရှုမြင်လျက်ရှိပြီး အမည်ဖော်ပြလိုခြင်းမရှိသော ကုန်သည်တစ်ဦးက ဂျုံထွက်ရှိမှုမှာ မူလခန့်မှန်းထားမှုအပေါ် ၁၀% ခန့် လျော့ကျလျက် တန်ချိန် သန်း ၁၀၀ ဝန်းကျင်သာ ထွက်ရှိနိုင်မည်ဟု ပြောဆိုကြောင်းဖြင့် Economic Times သတင်းဌာနကဖော်ပြပါသည်။

Source: 1. After five record crops, heat wave threatens India's wheat output, export plans, 3–5–2022, Economic Times

2. Govt revises wheat production estimate downwards to 105 mn tonnes for 2021–22 crop year, 4–5–2022, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

Agribusiness & Trade

## တရုတ်နိုင်ငံ၏ နေ့လယ်ခင်းလက်ဖက်ရည်ဈေးကွက်

တရုတ်နိုင်ငံ၌ လူနေမှုအဆင့်အတန်းနှင့် ဝယ်ယူနိုင်စွမ်း မြင့်မားလာခြင်းနှင့်အတူ နေ့လယ်ခင်းလက်ဖက်ရည်နှင့် ဆက်စပ်သည့် ကုန်အမှတ်တံဆိပ်များ၏ ဈေးကွက်မှာ ကျယ်ပြန့်လာပါသည်။ အားလပ်ရက်များ၏ နေ့လယ်နေ့ခင်းများတွင် လူစည်ကားရာနေရာများသို့ အလည်အပတ်ထွက်လေ့ရှိသည့်လူငယ်များက လူငယ်များအကြိုက် ပြင်ဆင်ထားသည့် လက်ဖက်ရည်ဆိုင်များသို့ သွားရောက်လာတတ်ပြီဖြစ်ပြီး၊ ဈေးကွက်မြန်ဆန်စွာ ထွန်းကားလာပါသည်။

တရုတ်လက်ဖက်ရည်ဆိုင်များ၏ ဈေးနှုန်းများမှာ နိုင်ငံတကာအမှတ်တံဆိပ်ဖြစ်သည့် Starbucks ကော်ဖီဆိုင်များနှင့် အတူတူပင်ဖြစ်သော်လည်း၊ စားသုံးသူအကြိုက် အရသာအမျိုးမျိုးကို ရွေးချယ်နိုင်သည့် လက်ဖက်ရည်နှင့် ဖျော်ရည်ဆိုင်များကို ပိုမိုနှစ်ခြိုက်ကြပါသည်။ များသောအားဖြင့် ချယ်ရီအရသာ၊ ချိစ်အရသာနှင့် သစ်ကြမ်းပိုးခေါက် အရသာ တို့ပါဝင်သည့် dorayaki pancake များကို လက်ဖက်ရည်ဖြင့် တွဲဖက်စားသုံးလေ့ ရှိကြပါသည်။

၂၀၁၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်ကြားတွင် Ele.me နှင့် AliResearch တို့က ပြုလုပ်ခဲ့သည့် ဈေးကွက်သုတေသနအရ တရုတ်နိုင်ငံ၏ နေ့လယ်ခင်းလက်ဖက်ရည်ဈေးကွက်မှာ အရေးပါသည့် အသွင်ပြောင်းလဲမှု (၂) ရပ်ဖြင့် ကြီးထွားနေပါသည်။ ၂၀၁၅ ခုနှစ်မတိုင်မီက နေ့လယ်ခင်းလက်ဖက်ရည်ဈေးကွက်မှာ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များနှင့် အလယ်အလတ်တန်းမှ အကောင်းစားဟိုတယ်များတွင်သာ အဓိကတည်ရှိခဲ့ပါသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်ကြားတွင် ၎င်းဈေးကွက်မှာ အလုပ်နေရာဌာနများသို့ ရွေ့လျားလာခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်မှစ၍ ဒေသထွက်ပစ္စည်းများကို တန်ဖိုးထားသုံးစွဲတတ်သည့် စားသုံးသူအမူအကျင့် (guochao) မြင့်မားလာခြင်းကြောင့် နေ့လယ်ခင်းတွင် လက်ဖက်ရည် သောက်သုံးမှုမှာ တရုတ်နိုင်ငံ၏ လက်ဖက်ရည်ယဉ်ကျေးမှုနှင့် ပိုမိုနီးကပ်စွာ ဟန်ချက်ညီလာပါသည်။ လက်ဖက်ရည်နှင့်အတူ ဖုတ်ထားသည့်မုန့်များနှင့် ကြက်ကြော်များပါ နေ့လယ်ခင်းလက်ဖက်ရည်သောက်သုံးသည့် ယဉ်ကျေးမှုတွင် ပါဝင်လာပါသည်။

အွန်လိုင်းမှ မှာယူစားသုံးနိုင်မှုများ ခေတ်စားလာသည့်အခါ သမားရိုးကျ လက်ဖက်ရည်ရောင်းချသည့်ပုံစံများမှသည် အွန်လိုင်းပေါ်တွင် လက်ဖက်ရည်တံဆိပ်အမျိုးမျိုး တည်ဆောက်ပြီး ဈေးကွက်ထိုးဖောက်သည့် နည်းလမ်းများကို ပိုမိုရှာဖွေနိုင်သည့် အခွင့်အရေးများ ရရှိလာပါသည်။

ဥပမာပေးရလျှင် T9 Premium Tea လက်ဖက်ရည်ဆိုင်ကို ၂၀၁၇ ခုနှစ်က ရှန်ဟိုင်း၌တည်ထောင်ခဲ့ပါသည်။ တည်ထောင်ပြီး (၄)နှစ်အတွင်း (၂၈) စတုရန်းမီတာသာကျယ်ဝန်း သည့် ၎င်း၏

Agribusiness & Trade

ပထမဆုံးဆိုင်ခွဲမှ လစဉ်ဝင်ငွေမှာ ယွမ် (၆)သိန်း  (အမေရိကန်ဒေါ်လာ ၉၄,၄၅၉ ဒေါ်လာ)ဝန်းကျင် ရရှိခဲ့ပါသည်။ အရောင်းသွက်သည့်နေ့ရက်များတွင် နေ့စဉ်ဝင်ငွေမှာ ယွမ် (၄)သောင်းမှ (၅)သောင်း ကြားရှိပါသည်။  T9 Premium Tea ၏ CEO က ၎င်းတို့ကုမ္ပဏီမှ ရောင်းချသည့်လက်ဖက်ရည်များ တွင် Colorful Collection ၊ Legend Collection နှင့် Royal Collection ဟူသည့် အတွဲ(၃) မျိုးရှိ ကြောင်း၊ လက်ဖက်ရည်ကြမ်း၊ ဆေးဖက်ဝင်လက်ဖက်ရည်နှင့် သစ်သီးလက်ဖက်ရည်တို့အောက်တွင် အမျိုးအစားပေါင်း (၅၀)ကျော် ရရှိနိုင်ပြီး၊ ဈေးနှုန်းမှာ အထုပ်ကြီးတစ်ထုပ်လျှင် ယွမ် (၁၀၀)မှ ယွမ် (၁၀,၀၀၀) အထိရှိကြောင်း၊ တရုတ်ဈေးကွက်ကို စတင်ဝင်ရောက်စဉ်က သာမန်ဖောက်သည်များ လက်လှမ်းမီသော ယွမ် (၃၀၀)ဝန်းကျင် တန်ဖိုးရှိသည့် Colorful Collection ဖြင့် စတင်ခဲ့ကာ၊ ထပ်မံ လာရောက်ဝယ်ယူသည့် ဖောက်သည်ရာခိုင်နှုန်းမှာ (၄၀) ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ရောင်းချသည့် ဘက်တွင် ဂျာမနီနိုင်ငံ၊ Hamburg  တွင် အခြေစိုက်သည့် နှစ် (၂၀၀) အတွေ့အကြုံရှိသော လက်ဖက် ရောင်းချသည့်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ကြောင်း၊ အရည်အသွေး ထိန်းချုပ်နိုင်ရန်အတွက် အမျိုးအစားအလိုက် လက်ဖက်ရွက်များကို သိမ်းဆည်းထားနိုင်သည့် ကိုယ်ပိုင်သိုလှောင်ရုံများကို တည်ဆောက်ထားကြောင်း သိရပါသည်။

နောက်ထပ် တရုတ်လက်ဖက်ရည်လုပ်ငန်းတစ်ခုဖြစ်သည့် Guangzhou Zetian Trading Co Ltd, မှာ dorayaki pancake ကိုလည်း ရောင်းချပြီး၊ တံဆိပ်ခေါင်းစုစည်းသည့်ပွဲများကို ပြုလုပ်၍ ဆိုင်များသို့ dorayaki ချစ်သူများ လာရောက်ကြကာ၊ ၎င်းတို့၏  pancake များကို ဝယ်ယူရန်ဆွဲ ဆောင်ပါသည်။ အလားတူပင် ရှန်ဟိုင်းအခြေစိုက် Pros Coffee Roaster ကလည်းအပြာရောင်မှ အဖြူရောင်အထိ အရောင်မျိုးမျိုးရှိပြီး အရသာရှိစွာဖျော်စပ်ထားသည့် Blue Latte ကို တီထွင်ရောင်း ချပါသည်။

Generation Z မျိုးဆက်သစ်လူငယ်များ အရွယ်ရောက်လာသောကြောင့် စားသုံးသူများ၏ အစားအသောက်နှင့် အဖျော်ယမကာရွေးချယ်မှုများမှာ အဆင့်မြင့်လာကြပြီး၊ ကျန်းမာရေးကို အထောက်အကူပြု၍၊ အရည်အသွေးကောင်းမွန်သည်များကို ရွေးချယ်ကြသည့်လမ်းကြောင်းများ ဖြစ်ပေါ်လာကြောင်း၊ အရသာရှိ၍ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာနှင့် အဖျော်ယမကာ များကိုလည်း ရာသီပွဲတော်များနှင့် လိုက်လျောညီထွေဖြစ်စေရေး တီထွင်ကြံဆထုတ်လုပ်ရန်လိုအပ် ကြောင်း လက်ဖက်ရည်လုပ်ငန်း ကျွမ်းကျင်သူများက သုံးသပ်ကြပါသည်။

Ele.me နှင့် AliResearch မှ ဈေးကွက်သုတေသနအရ တရုတ်နိုင်ငံ၏ နေ့လယ်ခင်းလက် ဖက်ရည်ဈေးကွက်အတွက် အဓိကတွန်းအား (၄)ရပ်မှာ ဖောက်သည်လိုအပ်ချက် အသစ်များ၊ ရောင်း

Agribusiness & Trade

လိုအား ပြတ်လပ်မှုများ၊ လုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် အစိုးရလမ်းညွှန်မှုနှင့် ကြီးကြပ်မှုတို့ဖြစ်ကြောင်း သိရပါသည်။ ကပ်ရောဂါကြောင့် စီးပွားရေး ကျဆင်းမှုများရှိနေသော်လည်း၊ တရုတ်ပြည်သူများ၏ နေ့လယ်ခင်းလက်ဖက်ရည်သောက် သုံးသည့်အလေ့အထမှာ ဆက်လက်ဖွံ့ဖြိုးလျက်ရှိကြောင်း၊ တတိယအဆင့်နှင့် စတုတ္ထအဆင့်မြို့အချို့တွင် ဈေးကွက်ရယူမှုများရှိထားပြီး၊ သောက်သုံးအားလျင်မြန်စွာ မြင့်တက်နေသောကြောင့် လုပ်ငန်းများ လျင်မြန်စွာတိုးတက်နေကြောင်း ၎င်းဈေးကွက်သုတေသနတွင် ဖော်ပြထားပါသည်။

ဈေးကွက်မြှင့်တင်သည့် လုပ်ငန်းတစ်ခုဖြစ်သော Interpublic Group China မှ စီးပွားရေးပညာရှင်ချုပ် Bo Wenxi က တရုတ်ပြည်သူများ၏ နေ့လယ်ခင်းသောက်သုံးသည့် ကျန်းမာရေးနှင့်ညီညွတ်သော အရည်အသွေးမြင့်လက်ဖက်ရည်များကို ဝယ်လိုအားမြင့်မားလာရာ၊ ကုန်သည်များအနေဖြင့် ပြောင်းလဲနေသော စားသုံးသူအကြိုက်ကို ပိုမိုအလေးပေးပြီး၊ ဈေးကွက်မြှင့်တင်ခြင်း၊ ကုန်ပစ္စည်းဖြည့်တင်းခြင်းနှင့် ရောင်းလိုအားတို့အကြား လက်တွေ့ကျကျ နီးနီးကပ်ကပ်ပေါင်းစပ်ဆောင်ရွက်နိုင်စေရန် ပြုလုပ်သင့်ကြောင်း၊ သို့မှသာ  ထိရောက်၍ အချိန်ကိုက်ဆောင်ရွက်နိုင်မည့် တိကျသောစီးပွားရေးမဟာဗျူဟာများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း အကြံပြုပြောကြားထားပါသည်။

၂၀၂၁ ခုနှစ်၊ မေလတွင် တရုတ်လယ်ယာစိုက်ပျိုးရေးသိပ္ပံလက်အောက်ရှိ Tea Research Institute က  အဖွဲ့အစည်းအချို့နှင့်ပူးပေါင်း၍ လက်ဖက်ရည်များအတွက် ကုန်စည်စံနှုန်းလမ်းညွှန်ချက်ကို ပထမဦးဆုံး စတင်ခဲ့ပါသည်။ ၎င်းစံသတ်မှတ်ချက် ပထမအသုတ်တွင် နို့လက်ဖက်ရည်များ၊ နို့ပါဝင်သည့် လက်ဖက်ရည်များ၊ သစ်သီးလက်ဖက်ရည်များ၊ ပုလဲလက်ဖက်ရည်များနှင့် လက်ဖက်ရည်အေးများအတွက် သတ်မှတ်ချက်များ ပါဝင်ပါသည်။ ထိုသို့ စံသတ်မှတ်ချက်များကို  စတင်မိတ်ဆက်လိုက်ခြင်းမှာ ဈေးကွက်ပိုမိုရင့် ကျက်လာသည်ကို ဖော်ပြပြီး၊ ဈေးကွက်စည်းမျဉ်းစည်းကမ်းများပိုမိုတင်းကြပ်မည့် လက္ခဏာပင်ဖြစ်ကြောင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လက်ဖက်ရည်တင်ပို့ရောင်းချရန် စိတ်ဝင်စားသည့်လုပ်ငန်းများအတွက် သိရှိနိုင်စေရန် ရည်ရွယ်လျက် ရေးသားဖော်ပြအပ်ပါသည်။

ရင်းမြစ်၊ CHINA DAILY
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................

## တရုတ်နိုင်ငံ၌ နှစ်စဉ်နွေရာသီငါးဖမ်းဆီးမှု တားမြစ်ချိန် စတင်

တရုတ်နိုင်ငံ၏ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ အဓိကပင်လယ်ပြင်များ၌ မေလ (၁) ရက်နေ့မှစ၍ နှစ်စဉ်နွေရာသီငါးဖမ်းဆီးမှုတားမြစ်ခြင်းကို စတင်လိုက်ပြီ ဖြစ်ပါသည်။ ၎င်းတားမြစ်ခြင်းကို ပင်လယ်ပြင်မှ ရေသယံဇာတရင်းမြစ်များနှင့် ပင်လယ်ပြင်ဂေဟစနစ်ကို ထိန်းသိမ်းရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ငါးဖမ်းဆီးမှု တားမြစ်ခြင်းအား ပင်လယ်ဝါနှင့် Bohai ပင်လယ်များတွင် စက်တင်ဘာလ (၁)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အရှေ့တရုတ်ပင်လယ်အတွက် ငါးဖမ်းပိုက်အမျိုးမျိုး အသုံးပြုမှုများအရ စက်တင်ဘာလ (၁၆) ရက်နေ့အထိ တားဆီးနိုင်ကြောင်း သိရပါသည်။

တားမြစ်ထားသည့်ပင်လယ်များတွင် Bohai ပင်လယ်၊ ပင်လယ်ဝါ၊ အရှေ့တရုတ် ပင်လယ်နှင့် တောင်တရုတ်ပင်လယ်ရှိ မြောက်လတ္တီကျူ (၁၂) ဒီဂရီ၏ မြောက်ဘက်ရှိ ရေပြင်များ ပါဝင်ပါသည်။ တရုတ်နိုင်ငံသည် ၁၉၉၉ ခုနှစ်မှစတင်၍ တောင်တရုတ်ပင်လယ်တွင် ငါးဖမ်းယူခြင်းကို နှစ်စဉ်အချိန်ကာလသတ်မှတ်၍ တားမြစ်လာခဲ့ပါသည်။ တရုတ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က တောင်တရုတ်ပင်လယ်ပြင်တွင် ကင်းလှည့်စောင့်ကြပ်မည်ဖြစ်ပြီး၊ ဒေသအာဏာပိုင်များက သက်ဆိုင်ရာပင်လယ်များနှင့် ဆိပ်ကမ်းများ၌ ကြီးကြပ်မည်ဟု သိရပါသည်။ ယခင်နှစ်အတွင်း တရားမဝင်ငါးဖမ်းလှေ (၈) ထောင်ခန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရပါသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ်၏ ချင်းတောင်မြို့မှ အာဏာပိုင်များ၏ ပြောကြားချက်အရ ငါးဖမ်းရပ်နားမှုကြောင့် တံငါသည် (၁၇,၀၀၀)တို့မှာလည်း အလုပ်ရပ်နားထားရသည့်အတွက် ၎င်းတို့အား ယွမ်သန်း (၇၀)တန်ဖိုးရှိ ရေသယံဇာတရင်းမြစ် ထိန်းသိမ်းရေးအထောက်အပံ့များပေးသွားမည်ဟု သိရပါသည်။

ကျဲ့ကျန်းပြည်နယ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဌာနမှ ပြောကြားချက်အရ မေလ (၈) ရက်နောက်ပိုင်းတွင် ငါးတံခွန်၊ ငါးပုတ်သင်ဝါနှင့် ငါးမုတ်အပါအဝင် ရေထွက်ပစ္စည်း (၈) မျိုးကို အရှင် (သို့မဟုတ်) အအေးခံပြီးရောင်းချခြင်းအား တားမြစ်သွားမည်ဟု သိရပါသည်။

ရင်းမြစ်၊ Xinhua

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

## ဆောင်းရာသီ – နွေဦးရာသီ ရိတ်သိမ်းမှုများပြီးစီးသည့်အခါ ဗီယက်နမ်ဆန်စျေးနှုန်းများ မြင့်တက်ဖွယ်ရှိ

ဧပြီလနှောင်းပိုင်း၌ အရှေ့အလယ်ပိုင်းစျေးကွက်မှ ဝယ်လိုအားကြောင့် ထိုင်းဆန်စျေးနှုန်း မြင့်တက်ခဲ့သည်မှအပ အာရှဆန်စျေးကွက် တည်ငြိမ်ခဲ့ပါသည်။ အမေရိကန် လယ်ယာစိုက်ပျိုးရေး စျေးကွက်၌မူ ဂျုံ ပြောင်းနှင့် ပဲပုပ်တို့အား ကုန်သွယ်မှုကျဆင်းခဲ့ပါသည်။

ဧပြီလ နောက်ဆုံးရက်သတ္တပတ်အတွင်း ထိုင်းနိုင်ငံမှ (၅ % အကျိုးအကြေပါဝင်သည့်) ဆန် စျေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၃၂) ဒေါ်လာမှ (၄၃၅) ဒေါ်လာ ကြားရှိခဲ့ပြီး၊ ယခင် ရက်သတ္တပတ်ကထက် (၂၂)ဒေါ်လာခန့် တက်ခဲ့ပါသည်။

အီရန်၊ အီရတ်တို့မှ ဝယ်လိုအားများအပြင် ဆော်ဒီအာရေဗျနှင့် ဆက်ဆံရေးတိုးတက်လာ သဖြင့် ထိုင်းဆန်များကို ဝယ်လိုအားတက်လာခြင်းဖြစ်ကြောင်း သိရပါသည်။ သို့သော်လည်း သယ်ယူ ပို့ဆောင်ရေးစရိတ်စကများမှာ ထိုင်းဆန်တင်ပို့မှုအတွက် အဓိကစိန်ခေါ်မှုဖြစ်နေကြောင်းနှင့် အရှေ့ အလယ်ပိုင်းမှ ဝယ်ယူသူများမှာ ကိုယ်ပိုင်သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် ဝယ်ယူကြခြင်းဖြစ် ကြောင်းသိရပါသည်။ ထိုင်းဘတ်ငွေနှင့် အမေရိကန်ဒေါ်လာတို့၏ ငွေလဲလှယ်ရာတွင် ဘတ်ငွေအား ပျော့လာခြင်းကြောင့်လည်း ဆန်စျေးနှုန်းများ မြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။

ပေါင်းဆန်တင်ပို့ရာတွင် ဦးဆောင်နေသည့် အိန္ဒိယနိုင်ငံမှ (၅ % အကျိုးအကြေပါဝင်သည့်) ပေါင်းဆန်စျေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၆၁) ဒေါ်လာမှ (၃၆၅) ဒေါ်လာကြား တွင်ရှိပြီး၊ စျေးနှုန်းမပြောင်းလဲခဲ့ပေ။

ဧပြီလ (၂၈)ရက်နေ့တွင် ဗီယက်နမ်နိုင်ငံမှ (၅ % အကျိုးအကြေပါဝင်သည့်) ဆန်စျေးနှုန်း မှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၁၅) ဒေါ်လာရှိခဲ့ပြီး၊ စျေးနှုန်းမပြောင်းလဲခဲ့ကြောင်း သိရပါ သည်။ သို့ရာတွင် ဆောင်းရာသီ–နွေဦးရာသီ ရိတ်သိမ်းမှုပြီးစီးလုပြီဖြစ်ကာ ရောင်းလိုအားနည်းလာ သောကြောင့် လာမည့်ရက်သတ္တပတ်များတွင် စျေးတက်ဖွယ်ရှိပါသည်။ ထို့ကြောင့် ကုန်သည်များမှာ ပို့ကုန်စာချုပ်အသစ်များ ချုပ်ဆိုရန် တွန့်ဆုတ်နေကြကြောင်း သိရပါသည်။

မေလ (၄)ရက်နေ့တွင် ဟိုချီမင်းဆိပ်ကမ်းမှ တန်ချိန် (၃၀၀,၉၉၀) တန်နှင့် မေလ (၅) ရက် နေ့တွင် တန်ချိန် (၄)သောင်း သင်္ဘောတင်ခဲ့ပြီး၊ ၎င်းဆန်အများစုကို ဖိလစ်ပိုင်၊ အာဖရိကနှင့် ကျူး ဘားသို့ တင်ပို့ခြင်း ဖြစ်ပါသည်။

လက်ရှိရာသီတွင် ဘင်္ဂလားဒေ့ရှ်အစိုးရကလည်း လယ်သမားများထံမှ ဆန်ပိုမိုဝယ်ယူနေပြီး လက်ရှိဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် တာကာ (၄၀) ဖြစ်ပါသည်။ ယခင်နှစ်က တစ်ကီလိုဂရမ်လျှင် (၃၆) တာကာဖြင့်သာ ဝယ်ယူခဲ့သည်ဟု သိရပါသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် မေလ (၇)ရက်နေ့မှစ၍ ပြည်တွင်းစိုက်ပျိုးသူများထံမှ ဆန်နှင့်ဂျုံ တန်ချိန် (၁.၈) သန်းကို ဝယ်ယူမည်ဖြစ်ရာ၊ ၎င်းဝယ်ယူမှုသည် ဆင်းရဲနွမ်းပါးသူများကို စားနပ်ရိက္ခာဝေငှပြီး၊ ပြည်တွင်းဈေးနှုန်းကို တည်ငြိမ်စေရန် ဆောင်ရွက်မည့်အရှေ့တောင်အာရှနိုင်ငံများအတွက် အလွန်အရေးပါသည့် ရွှေ့လျားမှု ဖြစ်ပါသည်။

ရင်းမြစ်၊ Vinanet.vn

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

.........................................................................................................................................

## တရုတ်နိုင်ငံ၏ မွေးမြူရေးလုပ်ငန်းများ လျင်မြန်စွာပြန်လည်နာလံထူလာမှုကြောင့် တိရိစ္ဆာန်အစာကုန်ကြမ်းဖြစ်သည့် ပဲပုတ်စေ့နှင့် ပြောင်းဝယ်လိုအားများ မြင့်တက်လျက်ရှိ

တရုတ်နိုင်ငံ၏ ဝက်မွေးမြူရေးလုပ်ငန်းသည် မျှော်မှန်းထားသည့်အချိန်ကာလထက် ပိုမိုလျင်မြန်စွာပြန်လည်နာလံထူလာခဲ့ပြီး တရုတ်နိုင်ငံ၏ဝက်သားထုတ်လုပ်မှုသည် သိသိသာသာ ပြန်လည်မြင့်တက်လာခဲ့သဖြင့် ကမ္ဘာ့ဈေးကွက်တွင် ဝက်သားဝယ်လိုအားကျဆင်းမှုနှင့် ဈေးနှုန်းကျဆင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူဈေးကွက်ဝယ်လိုအားကျဆင်းမှုမျိုးကို ၂၀၂၁ ခုနှစ် နှစ်လယ်ကာလများတွင်လည်း ဖြစ်ပွားခဲ့ဖူးကြောင်း၊ အသားဈေးကွက်ကျဆင်းခဲ့သော်လည်း တိရိစ္ဆာန်အစာဈေးကွက်တွင် ဝယ်လိုအားများမြင့်တက်ခဲ့ကြောင်း အပတ်စဉ်ထုတ်ဝေသည့် မွေးမြူရေးသတင်းစာစောင် hEDGEpoint Global Markets report တွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ဝက်မွေးမြူရေးလုပ်ငန်းသည် ကမ္ဘာ့ပဲပုတ်စေ့နှင့် ပြောင်းဈေးကွက်အပေါ်တွင်အကျိုးသက်ရောက်မှုကြီးမားကြောင်း၊ တရုတ်နိုင်ငံရှိမွေးမြူရေးခြံများတွင် တောင်အာဖရိကကြက်တုတ်ကွေးရောဂါ(African Swine Fever – PSA) များ စတင်ကူးစက်ခံခဲ့ရပြီးနောက် တရုတ်နိုင်ငံ၏မွေးမြူရေးလုပ်ငန်းများတွင် ဆုံးရှုံးမှုများကြီးမားစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် အသားထုတ်လုပ်မှုကျဆင်းခဲ့သဖြင့် အမေရိကန်နိုင်ငံအပါအဝင် ဘရာဇီးလ်နိုင်ငံနှင့် အခြားနိုင်ငံများမှ ဝက်သား၊ အမဲသားနှင့် ကြက်သားများကို အဓိကဝယ်ယူတင်သွင်းခဲ့ရကြောင်း အသားနှင့် သီးနှံသုတေသနပညာရှင် Pedro Schicchi က ပြောကြားခဲ့သည်။

Agribusiness Trade

ကမ္ဘာ့ဈေးကွက်အတွင်းရှိ ပြောင်းနှင့်ပဲပုတ်စေ့သီးနှံများ၏ ဝယ်လိုအားအနိမ့်အမြင့်သည် အသားထုတ်လုပ်သည့်ဈေးကွက်အပေါ်တွင် မူတည်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် ကမ္ဘာ့အသားဈေးကွက်မှ တရုတ်နိုင်ငံ၏ အသားဝယ်ယူတင်သွင်းမှုများကျဆင်းလျက်ရှိနေသဖြင့် အမေရိကန်နှင့် ဘရာဇီးလ်နိုင်ငံတို့၏ အသားထုတ်လုပ်မှုအပေါ်တွင် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ အသားထုတ်လုပ်မှုပြန်လည် တိုးတက်လျက်ရှိသဖြင့် အသားဝယ်ယူတင်သွင်းမှုလျော့နည်းလာသော်လည်း မွေးမြူရေးလုပ်ငန်းများအတွက် တိရိစ္ဆာန်အစာကုန်ကြမ်းဖြစ်သည့် ပဲပုတ်စေ့နှင့် ပြောင်းသီးနှံဝယ်ယူတင်သွင်းမှုတို့တွင် သိသိသာသာမြင့်တက်လာကြောင်း Schicchi က ပြောကြားခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

……………………………………………………………………..

## ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုမှ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၈.၁ ဘီလီယံ ရရှိခဲ့

၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း ဘရာဇီးလ်နိုင်ငံ၏ ကုန်သွယ်မှုမှ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၈.၁၄၈ ဘီလီယံရရှိခဲ့ပြီး ယခင်နှစ်ဧပြီလကရရှိခဲ့သည့် ကုန်သွယ်မှုပိုငွေ ၉.၉၆၃ ဘီလီယံပြီးလျင်ကုန်သွယ်မှုသမိုင်းတစ်လျှောက်၌ ကုန်သွယ်မှုပိုငွေအများဆုံးရရှိမှုဖြစ်ကြောင်း မေလ ၅ ရက်နေ့တွင် စီးပွားရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားကုန်သွယ်မှုဌာန(of Foreign Trade of the Ministry of Economy – Secex) ကထုတ်ပြန်သည့် သတင်းတွင်ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ၏ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၉.၆၅၆ ဘီလီယံရရှိခဲ့ပြီး ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၈.၉၀၂ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၀.၇၅၄ ဘီလီယံပမာဏတို့ဖြစ်ကြောင်း၊  ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုသည် ဧပြီလနောက်ဆုံးအပတ်ဖြစ်သည့် ၂၅ ရက်နေ့မှ ၃၀ ရက်နေ့အထိကာလအတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၇၉၂.၀၀ သန်း ရရှိခဲ့ကြောင်း Secex ၏ သတင်းတွင်ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်၏ အစောပိုင်း ၄ လတာကာလအတွင်း ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုတွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၉.၉၄၇ ဘီလီယံရရှိခဲ့ပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုးတွင် ၂၃.၈ ရာခိုင်နှုန်း၊ သွင်းကုန်တန်ဖိုးတွင် ၂၇.၆ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုပိုငွေရရှိမှုတွင် ၁၀.၅ ရာခိုင်နှုန်းတို့ အသီးသီးတိုးတက်ခဲ့ကြောင်း Secex ၏ သတင်းတွင် ဖော်ပြထားသည်။

ယခုနှစ်ဧပြီလ၏ နေ့စဉ်ပျမ်းမျှကုန်သွယ်မှုပမာဏအား ၂၀၂၁ ခုနှစ်၊ ဧပြီလ၏ ကုန်သွယ်မှုပမာဏနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် လယ်ယာထွက်ကုန်ကဏ္ဍ၌ ၁၂.၇ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပြီး စက်မှုကဏ္ဍ၌ ၁၀.၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သွင်းကုန်တွင် လယ်ယာထွက်ကုန်ကဏ္ဍ၌ ၃၃.၀ ရာခိုင်နှုန်းနှင့် စက်မှုကဏ္ဍတွင် ၅၁.၈ ရာခိုင်နှုန်းတို့ အသီးသီးတိုးတက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ဘရာဇီးလ်နိုင်ငံ၏ ဧပြီလကုန်သွယ်မှုတန်ဖိုးသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၅.၇ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့သော်လည်း ကုန်သွယ်မှုပမာဏတွင် ၈.၀ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ သို့ရာတွင် ပို့ကုန်ပစ္စည်းတန်ဖိုးတွင် ယခင်နှစ်ကာလတူထက် ၁၉.၉ ရာခိုင်နှုန်း ဈေးနှုန်းပိုမိုတိုးတက်ရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဧပြီလတွင်ဖြစ်ပေါ်ခဲ့သည့် သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၂၀.၇၅၄ ဘီလီယံသည် ၂၀၁၃ ခုနှစ်၊ ဧပြီလ၏ သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၂၁.၈ ဘီလီယံပြီးလျှင် ကုန်သွယ်မှုသမိုင်းတစ်လျှောက်တွင် ဒုတိယအမြင့်မားဆုံးပမာဏဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ၏ သွင်းကုန်တင်သွင်းမှုသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက သွင်းကုန်တန်ဖိုးတွင် ၃၅.၇ ရာခိုင်နှုန်း၊ ကုန်ပစ္စည်းတန်ဖိုးတွင် ၃၄.၄ ရာခိုင်နှုန်းတို့ အသီးသီးမြင့်တက်ခဲ့ပြီး သွင်းကုန်ပမာဏတွင် ၆.၉ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

…………………………………………………………………………………………………

Agribusiness & Trade

## စွမ်းအင်ကုန်ကျစရိတ်ကြောင့် ဘယ်လ်ဂျီယံစက်မှုလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းချက်များရှိလာခြင်း

ဘယ်လ်ဂျီယံနိုင်ငံရှိ စက်မှုလုပ်ငန်းကုမ္ပဏီကြီးများသည် အိမ်နီးချင်းနိုင်ငံများရှိ စက်မှုလုပ်ငန်းများထက် စွမ်းအင်သုံးစွဲခများတွင် သုံးပုံတစ်ပုံခန့်ပိုမိုပေးဆောင်နေရပြီး၊ ယှဉ်ပြိုင်နိုင်စွမ်းအားနည်းချက် (Competitive disadvantage) များရှိလာကြောင်း သိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၊ ဖက်ဒရယ်အစိုးရက ဘယ်လ်ဂျီယံကုမ္ပဏီများ၏ စွမ်းအင်ကုန်ကျစရိတ်များအား အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူဖြစ်စေရေးအတွက် စွမ်းအင်ဆိုင်ရာစံချိန်စံညွှန်းများ သတ်မှတ်ထားစေကာမူ ကုမ္ပဏီများအနေဖြင့် စွမ်းအင်သုံးစွဲခကုန်ကျစရိတ်များအတွက် ဆက်လက်ရုန်းကန်နေကြရသည်ဟု ဘယ်လ်ဂျီယံစက်မှုလုပ်ငန်းဆိုင်ရာ စွမ်းအင်သုံးစွဲသူများအသင်းချုပ် (Federation of Belgian Industrial Energy Consumers – Febeliec) ကဆိုသည်။

အီးယူ၏ စက်မှုလုပ်ငန်းကဏ္ဍတစ်ခုလုံးအနေဖြင့် အခြားကမ္ဘာ့ဒေသများနှင့် ယှဉ်လျှင် ယှဉ်ပြိုင်နိုင်စွမ်း အားနည်းချက်များရှိနေပြီး၊ ယင်းကြောင့် ဆယ်စုနှစ်များတွင် အကျပ်အတည်းဆီသို့ ဦးတည်စေနိုင်ကြောင်း၊ ရုရှား-ယူကရိန်းပဋိပက္ခနှင့် ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများသည် ဥရောပ၌ စွမ်းအင်ဈေးနှုန်းသိသာစွာမြင့်တက်မှုကို ဦးတည်စေခဲ့ကြောင်း အဆိုပါအသင်းချုပ်၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ စက်မှုလုပ်ငန်းများသည် အနောက်ဥရောပအလယ်ပိုင်းနိုင်ငံများတွင် ပေးဆောင်ရသည့် ပျမ်းမျှလျှပ်စစ်ဓါတ်အားခနှင့် နှိုင်းယှဉ်ချက်အရ (၁၉) ရာခိုင်နှုန်းမှ (၂၅) ရာခိုင်နှုန်းအကြား ယှဉ်ပြိုင်နိုင်စွမ်း အားနည်းချက်ရှိစေကြောင်း သိရပါသည်။

Deloitte ၏ နှိုင်းယှဉ်ချက်အရ ၂၀၂၂ ခုနှစ်အတွက် ဘယ်လ်ဂျီယံနိုင်ငံ၏ စွမ်းအင်ဈေးနှုန်းသည် နယ်သာလန်နိုင်ငံနှင့် တန်းတူပင်ဖြစ်သော်လည်း ပြင်သစ်နိုင်ငံထက် (၂၃၁) ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံထက် (၃) ရာခိုင်နှုန်း ပိုမို၍မြင့်မားသည်ဟုဆိုသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ စက်မှုလုပ်ငန်းကုမ္ပဏီများအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားနည်းချက် ဖြစ်ပေါ်နေသည့်အပြင် မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျစသည့် ကမ္ဘာ့အခြားဒေသများရှိ စွမ်းအင်သုံးစွဲခ သိသိသာသာလျော့နည်းသော စက်မှုလုပ်ငန်းများနှင့်လည်း ယှဉ်ပြိုင်နေကြရကြောင်း သိရပါသည်။

Agribusiness & Trade

ဘယ်လ်ဂျီယံ၏ စက်မှုလုပ်ငန်းကဏ္ဍအနေဖြင့် စွမ်းအင်ဆိုင်ရာစံနှုန်း သတ်မှတ်ချက်များကို ကြိုဆိုသော်လည်း ယင်းကိုမြန်ဆန်စွာ အကောင်အထည်ဖော်ရန် တိုက်တွန်းထားကြောင်း၊ အခွန်နှင့် ဓါတ်အားလိုင်း ချိတ်ဆက်ပို့လွှတ်ခကုန်ကျစရိတ်များ လျှော့ချပေးခြင်းအပါအဝင် အီးယူ၏ စက်မှုလုပ်ငန်းကဏ္ဍ ယှဉ်ပြိုင်နိုင်စွမ်းပြန်လည်တိုးတက်စေရေးအတွက် လိုအပ်သောအစီအမံများကို ဆောလျင်စွာဆောင်ရွက်ပေးရန် ဘယ်လ်ဂျီယံ၏ စက်မှုလုပ်ငန်းကဏ္ဍအနေဖြင့် ဥရောပအဆင့် အာဏာပိုင်အဖွဲ့များ၊ ဖက်ဒရယ်အဆင့်နှင့် ဒေသအဆင့်အာဏာပိုင်များထံ တောင်းဆိုထားကြောင်း သိရပါသည်။

ရင်းမြစ် – [https://www.brusselstimes.com/belgium/219500/competitive-disadvantage-belgian-industrial-companies-paying-more-for-energy](https://www.brusselstimes.com/belgium/219500/competitive-disadvantage-belgian-industrial-companies-paying-more-for-energy)

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

………………………………………………………..

## ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများ ဈေးတက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ဆောက်လုပ်ရေး ကုမ္ပဏီများက စိုးရိမ်လာကြခြင်း

၂၀၂၂ ခုနှစ်၊ နှစ်ဦးပိုင်းမှစတင်၍ ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများ၏ ဈေးနှုန်းမှာ (၁၆) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ဘယ်လ်ဂျီယံဆောက်လုပ်ရေးအဖွဲ့ချုပ်က ထုတ်ပြန်သည့် စစ်တမ်းအရ သိရပါသည်။ ၎င်းအဖွဲ့ချုပ်အနေဖြင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများနှင့် ရုရှား-ယူကရိန်းပဋိပက္ခတို့၏ သက်ရောက်မှုအပေါ် ဘယ်လ်ဂျီယံဆောက်လုပ်ရေးကုမ္ပဏီ (၃၀၂) ခုအားစစ်တမ်းကောက်ယူခဲ့ကြောင်း၊ စစ်တမ်းကောက်ယူသည့် ကုမ္ပဏီများ၏ ထက်ဝက်ကျော်သည် ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်း ဈေးနှုန်းမတည်ငြိမ်မှု၊ ကုန်ကျစရိတ်မြင့်တက်မှုနှင့် ပစ္စည်းရရှိရန် ကြန့်ကြာမှုများကြောင့် ဖောက်သည်များအတွက် customer quotes deadline ကိုလျှော့ချကြရပြီး၊ ကုမ္ပဏီများ၏ (၄၄) ရာခိုင်နှုန်းမှာ ရက်အနည်းငယ် သက်တမ်းရှိသည့် offer quotesများ ကိုသာ ပေးနိုင်သည်ဟုဆိုသည်။

အစိုးရပိုင်းအနေဖြင့် ဆောက်လုပ်ရေးကုမ္ပဏီများအတွက် ကုန်ကြမ်းဝယ်ယူရေးနှင့် ဆောက်လုပ်ရေးစာချုပ်များတွင် ပို၍ပြောင်းလွယ်ပြင်လွယ်ခွင့်ပြုပေးရန်နှင့် ကုန်ကြမ်းရရှိမှုအခက် အခဲကြောင့်စာချုပ်အမီ ဆောက်လုပ်လွှဲအပ်နိုင်ခြင်းမရှိသည့် ကုမ္ပဏီများအပေါ် ဘဏ္ဍာရေးအရ အရေး

ယူမှုများမှကာကွယ်ပေးရန် ဘယ်လ်ဂျီယံဆောက်လုပ်ရေးအဖွဲ့ချုပ်၏ စီအီးအိုဖြစ်သူ Niko Demeester က တောင်းဆိုထားကြောင်း သိရပါသည်။

ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် ရုရှား–ယူကရိန်းပဋိပက္ခ ဖြစ်ပွားချိန်မှစတင်၍ ကုန်ကြမ်းပစ္စည်း ဈေးနှုန်းမြင့်တက်မှုကို ကြုံတွေ့ရကြောင်း၊ အထူးသဖြင့် သံမဏိ၊ သတ္တု ၊ သစ်သား၊ ပိုက်ဆက်ပစ္စည်းနှင့် လျှပ်ကာပစ္စည်းများကဲ့သို့သော အရေးပါသည့် ကုန်ကြမ်းများရရှိနိုင်မှုအပေါ်တွင် သက်ရောက်မှုရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ သယ်ယူပို့ဆောင်မှုကြာမြင့်ချိန်သည် ပြီးခဲ့သည့်ဇန်နဝါရီလမှစတင်ကာ ပို၍ကြာရှည်လာခဲ့ကြောင်း၊ ဆောက်လုပ်ရေးကုမ္ပဏီ အများစုအနေဖြင့် ကုန်ကြမ်းပြတ်လပ်မှုကြောင့် ၎င်းတို့၏ဆောက်လုပ်ရေးလုပ်ငန်းခွင်အချို့ ပိတ်သိမ်းရမည့်အခြေအနေနှင့် ကုန်ကြမ်းအခက်အခဲ ဆက်လက်ဖြစ်ပေါ်နေပါက ဆုံးရှုံးမှုကြီးမားနိုင်သည့် အခြေအနေတို့အပေါ် စိုးရိမ်နေကြကြောင်း သိရပါသည်။

ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း စီးပွားရေးလုပ်ငန်းများအား အထောက်အကူပြုစေရေးအတွက် ဆောင်ရွက်ခဲ့သည့် ယာယီအလုပ်လက်မဲ့အစီအစဉ်ကို ဘယ်လ်ဂျီယံနိုင်ငံ၊ ဖက်ဒရယ်အစိုးရက သက်တမ်းတိုးမြှင့်သွားရန် ဆုံးဖြတ်ချက်ကြောင့် စက်မှုလုပ်ငန်းကဏ္ဍအတွက် ဖိအားလျော့ပါးစေခဲ့ကြောင်း၊ ပြီးခဲ့သည့်မတ်လ (၁၅) ရက်မှဧပြီလ (၁၅) ရက်ကာလအတွင်းဆောက်လုပ်ရေး ကုမ္ပဏီများ၏ (၆၂) ရာခိုင်နှုန်းမှာအလုပ်သမားများအားခွင့်အဖြစ် သတ်မှတ်ပေးထားရကြောင်း သိရပါသည်။

ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားနေခြင်းကလည်း ဆောက်လုပ်ရေးကဏ္ဍအပေါ် ထိခိုက်စေကြောင်း၊ ယူရိုဇုန်တွင်ငွေကြေးဖောင်းပွနှုန်းသည် ပြီးခဲ့သည့်မတ်လတွင် (၇.၅) ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး၊ ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် (၈.၃) ရာခိုင်နှုန်းဖြင့် ငွေကြေးဖောင်းပွနှုန်းစံချိန်တင် မြင့်မားခဲ့ကြောင်း၊ ကုန်ဈေးနှုန်းနှင့် အလိုအလျောက်လိုက်ပါချိတ်ဆက်နေသည့် ဘယ်လ်ဂျီယံနိုင်ငံ၏ လုပ်ခလစာတိုးမြှင့်နှုန်းထားအရ လုပ်သားအတွက် ကုန်ကျစရိတ်များမှာလည်း အနည်းဆုံး (၉.၂၂) ရာခိုင်နှုန်းဖြင့် တိုးတက်လာနိုင်ကြောင်းသိရပါသည်။ ကန်ထရိုက်စာချုပ်များတွင် ဈေးနှုန်းပြင်ဆင်ချက်ပုံသေနည်းအသေးစိတ်ကို ရှင်းလင်းစွာထည့်သွင်းဖော်ပြခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများ၏ စွမ်းအင်သုံးစွဲမှုအပေါ် စည်းကြပ်ခွန်များ လျှော့ချနိုင်ရေးကို ဘယ်လ်ဂျီယံဆောက်လုပ်ရေးအဖွဲ့ချုပ်က လုပ်ဆောင်လျက်ရှိကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/belgium/219376/soaring-price-of-building-materials-puts-belgian-construction-companies-at-risk

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

Agribusiness & Trade

## ဘယ်လ်ဂျီယံနိုင်ငံ၌ စားသောက်ကုန်ဈေးနှုန်းများသည် ပျမ်းမျှ (၆) ရာခိုင်နှုန်းခန့် မြင့်တက်လာခြင်း

ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်ဈေးနှုန်းများသည် တစ်နှစ်အတွင်း ပျမ်းမျှအားဖြင့် (၅.၉) ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဘယ်လ်ဂျီယံနိုင်ငံ၏ စားသုံးသူအသင်း (Belgian Consumer Organization) ၏ အချက်အလက်များအရ သိရပါသည်။ အဆိုပါအသင်းအနေဖြင့် နိုင်ငံတစ်ဝန်းရှိ အဓိကစူပါမတ်ကပ်ကြီးများတွင် ရောင်းချသည့် ကုန်ပစ္စည်းအမယ်ပေါင်း (၃၀၀၀) ခန့်အား လေ့လာသုံးသပ်ခဲ့ရာ ခရမ်းချဉ်သီး၊ spaghetti နှင့် အကြော်ဆီ စသည့် ထုတ်ကုန်များအနေဖြင့် (၂၅) ရာခိုင်နှုန်းကျော်အထိ ဈေးနှုန်းမြင့်မားလာခဲ့ကြောင်း သိရပါသည်။

ကုန်ကြမ်းပစ္စည်း၊ စွမ်းအင်သုံးစွဲခနှင့် သယ်ယူပို့ဆောင်မှုအတွက် ကုန်ကျစရိတ်များ မြင့်တက်လာမှုသည် စားသောက်ကုန်ထုတ်လုပ်သည့်ကွင်းဆက်တစ်ခုလုံးအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း၊ ထိုသို့စရိတ်မြင့်တက်လာမှုသည် လယ်သမားများမှသည် ကုန်စည်ထုတ်လုပ် ဖြန့်ဖြူးသူအထိ အားလုံးအပေါ် သက်ရောက်မှုရှိခဲ့ခြင်းဖြစ်ကြောင်း ဘယ်လ်ဂျီယံ စားသုံးသူအသင်းက ၎င်း၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၌ စက္ကူဈေးနှုန်းမြင့်တက်မှုကြောင့် မီးဖိုချောင်သုံး တစ်ရှူးများနှင့် အိမ်သာသုံးတစ်ရှူးများ၏ ဈေးနှုန်းမှာ (၂၀) ရာခိုင်နှုန်း ပို၍ဈေးကြီးလာကြောင်း၊ နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်းသည် ယခင်နှစ်ကထက် (၇.၇) ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ အထူးသဖြင့် ထောပတ်ဈေးနှုန်းမှာ (၁၇.၉) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ဟင်းသီးဟင်းရွက်များမှာလည်း ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ပျမ်းမျှ (၈.၃) ရာခိုင်နှုန်းပို၍ ဈေးနှုန်းမြင့်တက်လာခဲ့ရာ အထူးသဖြင့် ခရမ်းချဉ်သီး (၃၁.၅) ရာခိုင်နှုန်း၊ သခွါးသီး (၁၀.၈) ရာခိုင်နှုန်းနှင့် အာလူးသီး (၉.၆) ရာခိုင်နှုန်းတိုးဖြင့် အသီးသီးမြင့်တက်ခဲ့ကြောင်း သိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၌ သစ်သီးဝလံဈေးနှုန်းများသည် ယခင်နှစ်ကထက် (၁.၉) ရာခိုင်နှုန်းဖြင့် ပိုမိုမြင့်တက်ခဲ့သော်လည်း လိမ္မော်သီး၊ သရက်သီးနှင့် သံပယိုသီးများမှာမူ ၂၀၂၁ ခုနှစ်ကထက်ပို၍ ဈေးနှုန်းသက်သာလျက်ရှိကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/business/220985/grocery-shopping-6-more-expensive-in-belgium-compared-to-last-year

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

### ရပ်ဝန်းနှင့်ပိုးလမ်းမ ရင်းနှီးမြှုပ်နှံသူ အပတ်စဉ်သတင်း

ယခုရက်သတ္တပတ်အတွင်း တူရကီနိုင်ငံမှ အစပြုသည့် ရပ်ဝန်းနှင့်ပိုးလမ်းမတောင်ပိုင်းလမ်းကြောင်းများတစ်လျှောက် အရှေ့ဘက်သို့မျှော်သည့် စီမံကိန်းအသစ်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာကြည့်ရာ၊ ပင်လယ်နက်နှင့် ကက်စ်ပီယန်ပင်လယ်လမ်းကြောင်း၊အီရန် INSTC လမ်းကြောင်း၊ တာ့ခ်မန်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်အကြား တစ်ဆင့်ခံကုန်သွယ်မှု တိုးမြင့်လာမှု၊ ခီရုကစ္စတန်တွင် e-commerce ဆောင်ရွက်မှုအသစ်များ၊ ရုရှားနှင့်ကုန်သွယ်ရေးတိုးမြှင့်ရန် အိန္ဒိယ၏ဆန္ဒတို့ကို လေ့လာကြည့်ခဲ့ပါသည်။ ဤလမ်းကြောင်းအသစ်များက ဥရောပ-အာရှကုန်သွယ်ရေး၏ ပထဝီနိုင်ငံရေးဆိုင်ရာကုန်သွယ်ရေး သက်ရောက်မှုများကို ပုံဖော်ပေးလျက် ရှိပါသည်။

### တူရကီနိုင်ငံ၏ Gemlik ဆိပ်ကမ်းမှ တစ်ဆင့်ပြန်လည်သင်္ဘောတင်ပို့မှုများ

ရုရှားနိုင်ငံမှ မြောက်ပိုင်းရထားလမ်းများကို တားဆီးပိတ်ဆို့မှုခံထားရသဖြင့် အာရှနှင့် ဥရောပအကြား တစ်ဆင့်ပြန်လည်သင်္ဘောတင်ပို့မှုများမှာ သိသာစွာကျဆင်းခဲ့ပါသည်။ ထို့ကြောင့် Marmara ပင်လယ်ပေါ်ရှိ တူရကီနိုင်ငံ၏ Gemlik ဆိပ်ကမ်းမှ Bosphurus ကို ဖြတ်သန်း၍ ဥရောပသို့ဝင်ရောက်နိုင်မည့်နည်းလမ်းကို ဥရောပသမဂ္ဂက ရှာဖွေထားပါသည်။ Gemlik လွတ်လပ်သောကုန်သွယ်ရေးဇုန်မှာ အာရှ-ဥရောပဈေးကွက်များသို့ တန်ဖိုးဖြည့်ပေးနိုင်မည့်ဇုန်အဖြစ် စိတ်ဝင်စားခြင်းခံလာရနိုင်ပါသည်။

### ဥရောပကုန်သွယ်ရေးအတွက် ကက်စပီယန်နှင့် ပင်လယ်နက်လမ်းကြောင်းများကို တရုတ်နိုင်ငံက အသုံးပြုနေ

ရုရှားနှင့် အီရန်တို့အပေါ် တားဆီးပိတ်ဆို့မှုများကြောင့် ဥရောပအာရှ သယ်ယူပို့ဆောင်ရေးတွင် အဇာဘိုင်ဂျန်နိုင်ငံမှာ ပိုမိုအရေးပါလာပြီး၊ ကုန်သေတ္တာသယ်ယူပို့ဆောင်မှုများ တိုးမြင့်လာပါသည်။ INSTC လမ်းကြောင်းက အီရန်နိုင်ငံအား ၎င်း၏ ဥရောပ အာရှသို့ပို့ကုန်တင်ပို့မှုကို နှစ်ဆတိုးမြင့်လာစေရန် ကူညီပေးပါသည်။ လမ်းကြောင်းအသစ်များသည် ဥရောပအား ကော့ကဆတ်နှင့် တူရကီ၊ အရှေ့အလယ်ပိုင်း၊ အာဖရိကအရှေ့ပိုင်း၊ အာရှအလယ်ပိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် အရှေ့တောင်အာရှများသို့လည်း တံခါးဖွင့်ပေးပါသည်။ ရုရှားနိုင်ငံကလည်း ကစ္စပီယန်နှင့် အာရှသို့ INSTC တစ်ဆင့်ခံ လမ်းကြောင်းများတွင် ရင်းနှီးမြှုပ်နှံနေပါသည်။

Agribusiness & Trade

**မတ်လနှင့် ဧပြီလအတွင်း အီရန်-ရုရှား နှစ်နိုင်ငံကုန်သွယ်ရေး တိုးမြင့်လာ**

ရုရှားနိုင်ငံအနီးအနားရှိ ပို့ကုန်တင်ပို့သည့်နိုင်ငံများက အမေရိကန်နှင့် ဥရောပ ကုန်အမှတ်တံဆိပ်များအတွက် လစ်ဟာချက်ကို ဖြည့်ဆည်းရန် အခွင့်အလမ်းရှာဖွေနေကြပါသည်။ တခ့ခ်မန်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံများက ကုန်သွယ်ရေးနှင့် စက်မှုကုန် ထုတ်လုပ်မှုများအပေါ် ရင်းနှီးမြှုပ်နှံမှုများကို မဟာဗျူဟာကျ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြပါသည်။ ဥရောပ-အာရှ ကုန်ထုတ်လုပ်မှုကွင်းဆက်များ ရွှေ့လျားဖြစ်ပေါ်နေခြင်းနှင့် ဥရောပကုန်သွယ်ရေး သဘောတူညီချက်များကို အသုံးချလာခြင်းတို့ကြောင့် အခွင့်အလမ်းအသစ်များ ဆက်လက်ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

**အိန္ဒိယနှင့် ရုရှားတို့၏ ဆက်ဆံရေး**

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံ Rosneft မှ ရေနံစိမ်းစည်ပေါင်း သန်း (၂၀)ကို လျှော့ဈေးဖြင့် ဝယ်ယူရန် ဆွေးနွေးညှိနှိုင်းနေပြီး၊ ဥရောပကုမ္ပဏီများ ရုရှဈေးကွက်မှ ထွက်ခွာသွားပြီးနောက် လစ်ဟာသွားသည့်ကုန်စည်ကဏ္ဍကို ဖြည့်ဆည်းရန် စိတ်အားထက်သန်လျက်ရှိကာ၊ နှစ်စဉ်ကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ (၂) ဘီလီယံမြှင့်တင်ရန် ကြိုးစားနေပါသည်။

**တရုတ် RMB ကို အစ္စရေးဗဟိုဘဏ်က နိုင်ငံခြားငွေ ကိုင်ဆောင်သည့် ငွေကြေးတစ်မျိုးအဖြစ် ထည့်သွင်း**

အစ္စရေးဗဟိုဘဏ်က တရုတ် RMB ယွမ်ကို ၎င်း၏ နိုင်ငံခြားငွေ ကိုင်ဆောင်သည့် ငွေကြေး တစ်မျိုးအဖြစ် ထည့်သွင်းလိုက်ပြီ ဖြစ်ပါသည်။

**၂၀၂၂ ခုနှစ်၊ တတိယလေးလပတ်မှစ၍ တရုတ် Union Pay Card များကို ရုရှားဘဏ်များက စတင်ထုတ်ပေးမည်**

ယခုနှစ် တတိယ (၃)လပတ်အတွင်း Union Pay debit card များအတွက် ရုရှားဘဏ်များမှ လျှောက်ထားမှုများအား တရုတ်နိုင်ငံ၏ UnionPay က စတင်လက်ခံသွားမည် ဟု သိရပါသည်။

Agribusiness & Trade

**သီရိလင်္ကာနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်လက်မှတ်ရေးထိုးရန် တရုတ်နိုင်ငံက တောင်းဆိုနေ**

သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးပြဿနာများကို ကူညီပေးရန်အတွက် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် တောင်းဆိုထားသည်ဟု သိရပါသည်။

ရင်းမြစ်၊ China Briefing

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

.........................................................

## ဧပြီလ (၂၈)ရက်နေ့တွင် တရုတ်ပြည်တွင်း၌ စားအုန်းဆီဈေးကွက် မြင့်တက်ခဲ့

SunSirs မှ အချက်အလက်များအရ ဧပြီလ(၂၈) ရက်နေ့ တစ်ရက်တည်းမှာပင် စားအုန်းဆီ လက်ငင်းအရောင်းအဝယ်ဈေးနှုန်းများမှာ (၄.၅၈) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ တစ်တန်လျှင် (၁၄,၆၀၀) ယွမ်ကျော် ဖြစ်ခဲ့ပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာ တရုတ်နိုင်ငံ၏ ပြည်တွင်းစားအုန်းဆီလက်ကျန်မှာ နည်းပါးနေသောကြောင့်၊ ဈေးကွက်လျှင်မြန်စွာ မြင့်တက်နေခြင်းဖြစ်ပါသည်။ ရေတိုကာလတွင်စားအုန်းဆီလက်ငင်းအရောင်းအဝယ် ဈေးကွက်မှာ အမြင့်ပိုင်း၌ ဆက်လက်တည်ရှိနေဖွယ်ရှိပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

...................................................................

## ဧပြီလ (၂၈)ရက်နေ့တွင် တရုတ်ပြည်တွင်းဈေးကွက်၌ ယူရီးယားဈေးနှုန်း မြင့်တက်ခဲ့

ဧပြီလ (၂၈)ရက်နေ့တွင် တရုတ်ပြည်တွင်း၌ ဖြစ်ပေါ်ခဲ့သည့် ယူရီးယားဓာတ်မြေဩဇာစက်ရုံဈေးနှုန်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| ထုတ်လုပ်သူ | ဧပြီလ (၂၇)ရက် | ဧပြီလ(၂၈)ရက် | အပြောင်းအလဲ |
|---|---|---|---|
| Shangdong Ruixing | 3000RMB/ton | 3020RMB/ton | +20RMB/ton |

Agribusiness & Trade

| | | | |
|---|---|---|---|
| Yangmei Pingyuan | 2970RMB/ton | 3000RMB/ton | +30RMB/ton |
| Xiangcheng Sanan | 3150RMB/ton | 3150RMB/ton | N/A |
| Hualu Hengsheng | 3000RMB/ton | 3020RMB/ton | +20RMB/ton |

ဤကဲ့သို့ဈေးနှုန်းမြင့်တက်လာခြင်းမှာ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ရည်ကုန်ချော ထုတ်လုပ်သည့်ဘက်မှ ဈေးနှုန်းများကို အမြင့်ပိုင်း၌ ပြင်ဆင်လိုက်သောကြောင့် ဖြစ်ပါသည်။ လက်ရှိ အချိန်တွင် ယူရီးယားတင်ပို့ရောင်းချသည့် အချို့နေရာများကို ပိတ်ပင်ထားသောကြောင့် ကုန်တင်ခ များစွာမြင့်တက်နေပါသည်။ ကွန်ပေါင်းဓာတ်မြေသြဇာ စက်ရုံလည်ပတ်သည့်နှုန်း တိုးတက်နေပြီး၊ ယူရီးယားဝယ်ယူလိုမှုများလည်း မြင့်မားနေပါသည်။ ရောင်းလိုအားဘက်တွင် နေ့စဉ်ယူရီးယား ထုတ်လုပ်မှုမှာ တန်ချိန် (၁၆၀,၀၀၀) ကျော်ရှိပါသည်။ အားလုံးခြုံငုံကြည့်ရလျှင် ကုန်ချောထုတ်လုပ်မှုများ ပုံမှန်ဖြစ်နေကာ၊ ရောင်းလိုအားမြင့်မားနေပြီး၊ သယ်ယူပို့ဆောင်ရေးမှာ အကန့်အသတ်ဖြစ်နေသောကြောင့် အနာဂတ်တွင် ယူရီးယားဈေးနှုန်းမှာ ဘောင်အနည်းအကျဉ်း၌သာ အတက်အကျဖြစ်ဖွယ်ရှိပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................................

## ထိုင်း စက်မှုလုပ်ငန်းရှင်များအသင်းချုပ်(FTI) အနေဖြင့် လုပ်အားခတိုးမြှင့်မည့်ကိစ္စအပေါ် သတိကြီးစွာထားရှိခြင်း

SMEs လုပ်ငန်းများ ဆိုးရွားစွာထိခိုက်မည်ကို စိုးရိမ်သဖြင့် နေ့စဉ်အနည်းဆုံးလုပ်အားခ အား(၄၉၂) ဘတ်သို့ တိုးမြှင့်ရန်ကိစ္စအပေါ် ထိုင်းစက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(FTI)ကကန့်ကွက်ထားကြောင်း သိရှိရပါသည်။

(FTI) အနေဖြင့် မေလ(၁)ရက်နေ့ အလုပ်သမားနေ့မတိုင်မီ အစိုးရထံတင်ပြထားသည့် အိတ်ဖွင့်ပေးစာနှင့်ပတ်သက်၍ ထိုင်းအလုပ်သမား ညီညွတ်ရေးကော်မတီနှင့် နိုင်ငံတော်အလုပ်သမားများ ဆက်ဆံရေးအဖွဲ့ချုပ်များသို့ တောင်းဆိုထားသည့် အိတ်ဖွင့်ပေးစာအပေါ် မှတ်ချက်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

ပြည်တွင်းစီးပွားရေးအနေဖြင့် ကပ်ရောဂါသက်ရောက်မှုမှ အပြည့်အဝပြန်လည်နာလန်ထူလာခြင်းမရှိသေးကြောင်းနှင့် ရုရှား-ယူကရိန်းပဋိပက္ခသည် ယခုနှစ်တွင် ဖိအားပိုတိုးစေကြောင်း FTI ၏ ဥက္ကဋ္ဌ Kriengkrai ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။ မြင့်မားသောလူနေမှုစရိတ်ကို အားလုံးခံစားကြရသည်ကို မိမိတို့သိမြင်ကြောင်း၊ အလုပ်သမားများအနေဖြင့် ကြီးမာသောဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကို ကိုင်တွယ်ရန် ၎င်းတို့၏ကုမ္ပဏီများမှ လစာပိုမိုလိုခြင်ကြကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

သို့ရာတွင် ယခုအချိန်သည် နေ့စဉ်လုပ်အားခအားတိုးမြှင့်ရန်အတွက် မှန်ကန်သောအချိန်အခါမဟုတ်သေးကြောင်းနှင့် ၎င်းကထိုင်းစီးပွားရေးကို အဟန့်အတားဖြစ်စေပြီး တိုးတက်မှုကို တားဆီးစေနိုင်ကြောင်း Mr. Kriengkrai က ပြောကြားခဲ့ပါသည်။

အသင်းအနေဖြင့် မြင့်မားသောကုန်ကျစရိတ်များကြောင့်SMEs များအပေါ် သက်ရောက်မှုကိုအထူးအားဖြင့်စိုးရိမ်မိကြောင်း သိရှိရပါသည်။ အဆိုပါလုပ်ငန်းများအနေဖြင့် လက်ရှိ ကိုဗစ်-၁၉ ၏သက်ရောက်မှုများကို ရုန်းကန်နေကြရကြောင်းနှင့် အကယ်၍ လုပ်အားခကိုတိုးမြှင့်ရမည်ဆိုပါက ၎င်းတို့အများစုမှာ လုပ်ငန်းများအား ပိတ်သိမ်းရလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ကမ္ဘာ့စီးပွားရေး သိသိသာသာပြန်လည်ကောင်းမွန်လာချိန်တွင် အစိုးရအနေဖြင့် အနည်းဆုံးလုပ်ခကို တဖြည်းဖြည်းချင်းတိုးမြှင့်လာနိုင်ကြောင်း၊ ထိုင်းစီးပွားရေးလုပ်ငန်းများ အထူးသဖြင့် ခရီးသွားလုပ်ငန်းများ ပိုမိုအားကောင်းလာနိုင်ကြောင်း သိရှိရပါသည်။

အနည်းဆုံးအခကြေးငွေတိုးမြှင့်မှုအား ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် (၃၁၃) ဘတ်မှ (၃၃၆) ဘတ်အထိ တိုးမြှင့်ခဲ့ကြောင်း၊ အလုပ်သမားအစည်းအရုံးအဖွဲ့နှစ်ဖွဲ့က ပြောကြားခဲ့ကြပါသည်။ အနိမ့်ဆုံးလုပ်အားတိုးမြှင့်ရန် အမျိုးသားလုပ်ခကော်မတီက အဆိုပြုချက်ကို အပြီးသတ်ရန်မျှော်လင့်ထားသော်လည်း၊ အဆိုပြုထားကြသည့် တစ်ရက်လျှင်ဘတ်ငွေ(၄၉၂) ဘတ်ကို အတည်ပြုရန်မဖြစ်နိုင်ကြောင်းမီဒီယာများ၏ ဖော်ပြချက်များအရ သိရှိရပါသည်။

အမြဲတမ်းအတွင်းဝန်Boonchob Suttamanaswong က အလုပ်သမားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရကိုယ်စားလှယ်များ ပါဝင်သည့်ကော်မတီသည် အနိမ့်ဆုံးလုပ်ခလစာကို စတင်သုံးသပ်နေပြီး ဩဂုတ်လ (သို့မဟုတ်) စက်တင်ဘာလတွင် အဖြေပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

Agribusiness & Trade

## ထိုင်းစီးပွားရေးမှာ ပြန်လည်နာလန်ထူလာရန် လမ်းပေါ်တွင်ရှိနေဆဲဖြစ်

ငွေကြေးဖေါင်းပွမှုမြင့်မားခြင်းက ထိုင်းလူမျိုးများကို တုန်လှုပ်စေခဲ့ပြီး မတ်လတွင် ထိုင်းစီးပွားရေးမှာနှေးကွေးခဲ့သော်လည်း ပြန်လန်နာလန်ထူလာစေရေးလမ်းကြောင်းပေါ်တွင် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ထိုင်းဘဏ်၏ အဆိုအရ သိရှိရပါသည်။

စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပါအဝင် ပုဂ္ဂလိကကဏ္ဍ၏ ပြည်တွင်းသုံးစွဲမှု လျှော့နည်းခဲ့ခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ်မတ်လတွင် ထိုင်းစီးပွားရေးမှာ ဖေဖေါ်ဝါရီလနှင့် နှိုင်းယှဉ်ပါက အရှိန်ကျဆင်းခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ထုတ်လုပ်မှုကဏ္ဍတွင်လည်း အရှိန်ကျဆင်းခဲ့ကြောင်း၊ ဗဟိုဘဏ်၏စီးပွားရေးနှင့် မူဝါဒရေးရာဌာန၏ အကြီးတန်းညွှန်ကြားရေးမှူး Sakkapop Panyanukul က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မတ်လနှင့်၂၀၂၂ ခုနှစ် ပထမသုံးလပတ်အတွက် စီးပွားရေးနှင့် ငွေကြေးအခြေအနေများကို အစီရင်ခံတင်ပြသော ဗဟိုဘဏ်က မတ်လတွင် လအလိုက်စီးပွားရေးမှာ ကိုဗစ်-၁၉ ကပ်ရောဂါမျိုးကွဲနှင့် မြင့်မားသောထုတ်လုပ်မှုစရိတ်နှင့် လူနေမှုစရိတ်များကြောင့် နှေးကွေးခဲ့ကြောင်း ဆိုပါသည်။

မတ်လတွင် ပုဂ္ဂလိကစားသုံးမှုအညွှန်းကိန်းမှာ ဖေဖေါ်ဝါရီလတွင်ရှိခဲ့သည့်(၂.၂%)နှင့်နှိုင်းယှဉ်ပါက(၀.၅%) တိုးလာကြောင်း သိရှိရပါသည်။ ၎င်းမှာ အိုမီခရွန်ဗိုင်းရပ်စ်ဖြစ်ပွားမှု၊ စွမ်းအင်နှင့် အစားအစာဈေးနှုန်းမြင့်မားမှုနှင့် ငွေဖေါင်းပွမှုတို့ကြောင့် လူနေမှုစရိတ်မြင့်မားကာ စားသုံးသူယုံကြည်မှုနှင့် အိမ်ထောင်စုများ၏ ဝယ်ယူနိုင်စွမ်းအားကျဆင်းခြင်းတို့၏ ရလဒ်များဖြစ်ပါသည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအညွှန်းကိန်းမှာ မတ်လတွင်ယခင်လကရှိခဲ့သော(၃.၃%) နှင့်နှိုင်းယှဉ်ပါက (၁.၉%) တိုးလာကြောင်း၊ စက်ပစ္စည်းများနှင့် ကရိယာများ၊ ဆောက်လုပ်ရေးအမျိုးအစားများတွင် ရင်းနှီးမြှုပ်နှံမှုအားနည်းသည်ကို တွေ့ရှိရကြောင်း၊ ၎င်းမှာ ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းများမြင့်မားမှုကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

မတ်လတွင် ထုတ်လုပ်မှုအနေဖြင့် ယခင်လကရှိခဲ့သော (၂.၅%)တိုးတက်မှုမှ (၀.၁%) ကျုံ့သွားခဲ့ကြောင်း သိရှိရပါသည်။ ဖေဖေါ်ဝါရီလနှင့် နှိုင်းယှဉ်ပါက မတ်လတွင် စီးပွားရေးနှေးကွေးရခြင်းမှာ ငွေကြေးဖေါင်းပွသည့်ကြားထဲ လောင်စာဆီနှင့် အစားအစာဈေးနှုန်းများ ကြီးမြင့်မှုတို့ကြောင့် လူနေမှုစရိတ်ကြီးမြင့်ကာ ပြည်တွင်းဝယ်လိုအား နည်းပါးခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ လောင်စာဆီနှင့် အစားအစာဈေးနှုန်းများ ကြီးမြင့်မှုတို့ကြောင့် ငွေကြေးဖေါင်းပွခဲ့ကြောင်း၊ စွမ်းအင်ဈေးနှုန်းမြင့်မားမှုမှာ ကမ္ဘာ့ရေနံဈေးမြင့်တက်မှုကြောင့်ဖြစ်ကြောင်း၊ အစားအစာဈေးနှုန်းမြင့်မားမှုမှာ

Agribusiness & Trade

အစားအစာများတွင် ပါဝင်သောပစ္စည်းများ၏ ကုန်ကျစရိတ်မြင့်မားခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ အစိုးရ၏ ဒီဇယ်ဆီဈေးနှုန်းထောက်ပံ့ပေးမှုကြောင့် ယခုနှစ် ဒုတိယနှင့် တတိယသုံးလပတ်များတွင် ငွေဖေါင်းပွမှုမှာ(၅%) အထက်တွင်ရှိနေနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

စက်သုံးဆီရန်ပုံငွေ စီမံခန့်ခွဲရေးကော်မတီက ယခုမေလ(၁) ရက်နေ့မှစတင်၍ ဒီဇယ်ဆီဈေးနှုန်းအား တစ်လီတာလျှင် ဘတ်(၃၀) မှ(၃၂) သို့တိုးမြှင့်ရန်အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။ သို့ရာတွင် ထိုင်းစီးပွားရေးအနေဖြင့် ပို့ကုန်တင်ပို့မှုနှင့် ခရီးသွားကဏ္ဍနှစ်ရပ်ဖြင့် ထောက်ပံ့ထားကြောင်း Mr. Sskkapop ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မတ်လတွင် ထိုင်းပြည်ပို့ကုန်တင်ပို့မှုတန်ဖိုးမှာ ယခင်ဖေဖေါ်ဝါရီလတွင်ရှိခဲ့သည့် (၁၆%) နှင့်နှိုင်းယှဉ်ပါက(၁၈%) သို့တိုးတက်ခဲ့ကြောင်း၊ ခရီးသွားကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ပြီးနောက်မတ်လတွင် ခရီးသွားများဝင်ရောက်မှုအနေဖြင့်(၂၁၀,၈၃၆) ရှိခဲ့ကြောင်း၊ ၎င်းမှာ ဖေဖေါ်ဝါရီလတွင်ရှိခဲ့သည့်(၁၅၂,၉၅၄) ထက် ပိုမို၍တိုးတက်များပြားလာကြောင်း သိရှိရပါသည်။

ထိုင်းစီးပွားရေးမှာ၂၀၂၁ ခုနှစ်စတုတ္ထသုံးလပတ်ထက် ယခုနှစ်ပထမသုံးလပတ်တွင် ပိုမိုတိုးတက်လာကြောင်း၊ အထူးသဖြင့် ပြည်ပပို့ကုန်တင်ပို့မှုနှင့် ခရီးသွားကဏ္ဍတို့ကြောင့် ဖြစ်ကြောင်း စီးပွားရေးမှာ ပြန်လည်နာလန်ထူမှုလမ်းကြောင်းပေါ်တွင် ရှိနေကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

.......................................................................

## ထိုင်းပြည်ပပို့ကုန် တင်ပို့မှုသည် ဒုတိယ(၃) လပတ်တွင် ပိုမိုတိုးတက်မည် ခန့်မှန်းခြင်း

ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများ ဖြစ်ပေါ်နေသော်လည်း ထိုင်းပြည်ပပို့ကုန်များအနေဖြင့် ဒုတိယ(၃) လပတ်တွင် ပြည်ပသို့ကောင်းမွန်စွာ တင်ပို့နိုင်မည်ဖြစ်ကြောင်းနှင့် နှစ်အလိုက်တွင် (၃.၅–၅%) အထိတိုးတက်နိုင်မည်ဟု မျှော်မှန်းကြောင်း ထိုင်းပြည်ပပို့ကုန်တင်ပို့သူများ၏ အဆိုအရသိရှိရပါသည်။

ထိုင်း အမျိုးသားရေကြောင်းပို့ဆောင်ရေးကောင်စီ(TNSC) ၏ ဥက္ကဋ္ဌဖြစ်သူ Chaichan Chareonsuk က ထိုင်းပြည်ပပို့ကုန်တင်ပို့မှုသည် ဒုတိယသုံးလပတ်တွင်ဆက်လက်၍ တိုးတက်နေ

ဦးမည်ဖြစ်သော်လည်း ပထမသုံးလပတ်ထက် အနည်းငယ်နှေးကွေးဖြစ်မည်ကြောင်း၊ ပထမသုံးလပတ်တွင် ပို့ကုန်တိုးတက်မှုအနေဖြင့် နှစ်အလိုက်တွင်(၁၄.၉%) ရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ(၇၃.၆) ဘီလီယံရရှိခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

Mr.Chaichan ကပို့ကုန်ကဏ္ဍအနေဖြင့် ရုရှား-ယူကရိန်းပဋိပက္ခအပါအဝင် များပြားလှသောအန္တရာယ်များနှင့် ရင်ဆိုင်နေရကြောင်း၊ စွမ်းအင်ဈေးနှုန်းကြီးမြင့်ခြင်း၊ အထူးသဖြင့်ဥရောပသို့ ကုန်စည်ပို့ဆောင်ခနှုန်းမြင့်တက်ခြင်း၊ ထုတ်လုပ်မှုကဏ္ဍတွင် လုပ်သားရှားပါးမှုနှင့် လုပ်ခစရိတ်မြင့်တက်လာခြင်း၊ ကုန်ကြမ်းပစ္စည်းပြတ်လပ်မှုများနှင့် ဈေးနှုန်းမြင့်တက်ခြင်း၊ အထူးသဖြင့် ဆီမီးကွန်ဒတ်တာများ၊ စတီးနှင့်မြေရှားသတ္တုများ၊ အလယ်အလတ်နှင့် စားသုံးသူထုတ်ကုန်များအတွက် ကုန်ကြမ်းပြတ်လပ်မှုများ၊ ဈေးနှုန်းမတည်ငြိမ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားခဲ့ပါသည်။

TNSC အနေဖြင့် ၎င်း၏ပို့ကုန်တိုးတက်မှုခန့်မှန်းချက်ကို ယခုနှစ်အတွက်(၅%) ဖြင့် ထိန်းထားကြောင်း၊ ၎င်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်ဖြစ်သည့် (၃-၄%) ထက် အနည်းငယ်ပိုမိုမြင့်မားနေပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ် ပထမသုံးလပတ်တွင် ပို့ကုန်တိုးတက်မှုအနေဖြင့် နှစ်အလိုက်တွင်(၁၄.၉%) ဖြင့်တိုးတက်မှုရရှိခဲ့ကြောင်း၊ မတ်လတွင် ပို့ကုန်တိုးတက်မှုမှာ နှစ်ပေါင်း(၃၀) အတွင်း အမြင့်မားဆုံးဖြစ်ကြောင်း ဧပြီလ(၂၆) ရက်နေ့တွင် အစီရင်ခံ တင်ပြခဲ့ပါသည်။

မတ်လတွင် ပြည်ပပို့ကုန်တင်ပို့မှုမှာ နှစ်အလိုက်တွင်(၁၉.၅%) ရရှိခဲ့ပြီး အကောက်ခွန်ရှင်းလင်းပြီး ပို့ကုန်တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ(၂၈.၈) ဘီလီယံ (ထိုင်းဘတ်ငွေ၉၂၂ဘီလီယံ) ရရှိခဲ့ကြောင်း၊ ၎င်းမှာ ၁၉၉၁ ခုနှစ်တည်းက မှတ်တမ်းများအရ အမြင့်မားဆုံးဖြစ်ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၁၈%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၂၇.၄) ဘီလီယံ ရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ(၁.၄၅) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ပထမသုံးလပတ်တွင် ထိုင်းပို့ကုန်တင်ပို့မှုအနေဖြင့်(၁၄.၉%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၇၃.၆) ဘီလီယံ ရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုအနေဖြင့်လည်း (၁၈.၄%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၇၄.၅) ဘီလီယံရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၉၄၄) သန်းရှိခဲ့ကြောင်း၊ ရွှေ၊ ရေနံနှင့်ဆက်စပ်ပစ္စည်းများ၊ လက်နက်တို့မပါ

Agribusiness & Trade

ဝင်ဘဲ အမှန်တင်ပို့နိုင်ခဲ့သည့် ထုတ်ကုန်များအနေဖြင့် မတ်လတွင်(၈.၉%) တိုးတက်ခဲ့ကြောင်း၊ ၎င်းမှာ (၁၃)လမြောက်ဆက်တိုက် တိုးတက်မှုဖြစ်ကြောင်း သိရှိရပါသည်။

မတ်လ၌ တိုးတက်တင်ပို့နိုင်သည့် ထုတ်ကုန်များတွင် ဈေးနှုန်းမြင့်တက်ခဲ့ပြီး အကျိုးအမြတ်ရရှိခဲ့သည့် သံ၊ သံမဏိ၊ ရေနံစိမ်းနှင့် သန့်စင်ပြီးစက်သုံးဆီတို့ပါဝင်ကြောင်း သိရှိရပါသည်။ မတ်လ၌ ပို့ကုန်တိုးတက်ခဲ့သော်လည်း TNSC အနေဖြင့် မော်တော်ကားလုပ်ငန်းနှင့် မော်တော်ကားအစိတ်အပိုင်းများ ထုတ်လုပ်သည့်လုပ်ငန်းများ၊ အလားတူ ရာဘာထုတ်ကုန်လုပ်ငန်းများ၊ အပေါ် စိုးရိမ်မှုရှိနေဆဲဖြစ်ကြောင်း၊ အဆိုပါကဏ္ဍနှစ်ခု၏ ပို့ကုန်တင်ပို့မှုများမှာ(၁၀%) နှင့်(၁၃.၄%) တို့ဖြင့် အသီးသီးကျဆင်းခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

အဓိကဈေးကွက်များဖြစ်သည့် တရုတ်၊ ဂျပန်နှင့် အီးယူနိုင်ငံများသို့ ပို့ကုန်တင်ပို့မှုမှာ ကျဆင်းသွားခဲ့ကြောင်းနှင့် ၎င်းဈေးကွက်များကို အနီးကပ်စောင့်ကြည့်သွားရန် လိုအပ်မည်ဟု Mr. Chaichanက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

……………………………………………………………………………………………..

## ဂျာမန်စားသောက်ကုန်လုပ်ငန်းများက အီးယူသို့ အစီရင်ခံစာတင်ပြမှုများအတွက် ဖြေလျော့ပေးမှုများ တောင်းဆို

ဂျာမနီနိုင်ငံရှိစားသောက်ကုန်လုပ်ငန်းများသည် အီးယူအဖွဲ့အစည်းများက ဆွေးနွေးဆုံးဖြတ်ချမှတ်ထားသော **Corporate Sustainability Reporting Directive (CSRD)** နှင့် ပတ်သက်၍ တင်ပြရမည့်အစီရင်ခံစာများကို လက်ရှိအကြပ်အတည်းကာလအခြေအနေများကြောင့် အကောင်အထည်ဖော်ရမည့် ကာလများကိုတိုးမြှင့်သတ်မှတ်ပေးရန်နှင့် **SMEs** လုပ်ငန်းများကို ကင်းလွတ်ခွင့်ပေးရန် မေလ ၅ ရက်နေ့က တောင်းဆိုလိုက်ပါသည်။ **CSRD** နှင့် ပတ်သက်၍ စားသုံးသူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ သတင်းမီဒီယာများနှင့် နိုင်ငံရေးလေ့လာသူများက ဂျာမန်စားသောက်ကုန် လုပ်ငန်းများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိသော ကြိုးပမ်းဆောင်ရွက်မှုများထွက်ပေါ်လာရန် မျှော်လင့်ထားရှိကြပါသည်။

Federal Association of the German Food Industry (BVE) ၏ မန်းနေးဂျင်းဒါရိုက်တာနှင့် ဘရပ်ဆဲလ်ရုံး အကြီးအကဲ ဖြစ်သူ **Ms.Stefanie Sabet** က ဂျာမန်စားသောက်ကုန်လုပ်ငန်းများသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ကာလအတွင်း စိုက်ပျိုးရေးဆိုင်ရာကုန်ကြမ်းပစ္စည်းများ၊ ထုတ်ပိုးမှု လုပ်ငန်း၊ စွမ်းအင်နှင့်သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် စရိတ်ကြီးမြင့်မှုဒဏ်ကိုခံခဲ့ကြရပြီး ယခု အခါ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ထပ်မံ၍ ကုန်ကြမ်းများပြတ်လပ်မှုနှင့် ဈေးနှုန်းကြီးမြင့်မှုတို့ကို ဆက်လက်ကြုံတွေ့နေရကြောင်း၊ အစိုးရအနေဖြင့် ဈေးကွက်ဝင်ရောက်မှုဖြေလျော့ပေးမှုနှင့်စား သောက်ကုန်လုံခြုံစိတ်ချရမှုတို့ကို ချမှတ်ဆောင်ရွက်သင့်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုပြင်း ထန်သည့်ကာလများအတွင်း supply chains ပိုင်းတွင် အခက်အခဲများ ရှိခဲ့သော်လည်း ကွာဟမှုများ စွာမရှိစေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကုမ္ပဏီများသည် ကုန်ကြမ်းဝယ်ယူစရိတ်ကြီးမြင့်ခြင်းအပြင် စွမ်းအင် ရရှိမှုအခက်အခဲများသည်လည်း ကြီးမားသောအဟန့်အတားတစ်ခု ဖြစ်လာနေကြောင်း၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် အရေးကြီးပြီး စွမ်းအင်ပြတ်တောက်မှုရှိလင့်ကစား မဖြစ်မနေဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ CSRD နှင့် ပတ်သက်၍ Ms.Stefanie Sabet က အီးယူ၏ ညွှန်ကြားချက်များသည် သင့်တော်ပြီး ကြိုတင်ခန့် မှန်းနိုင်မှုရှိရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ Supply Crisis ဖြစ်နေသည့်အခြေအနေတွင် ကုမ္ပဏီများ အတွက် မလိုလားအပ်သောကုန်ကျ စရိတ်များနှင့်အုပ်ချုပ်မှုဆိုင်ရာအတား အဆီးများဖြင့် ဝန်ထုပ် ဝန်ပိုးမဖြစ်စေရန် အရေးကြီးကြောင်း၊ ဘဏ္ဍာရေးနှင့်မသက်ဆိုင်သော တင်ပြမှုလိုအပ်ချက်များ (non-financial reporting requirements) ကို ကင်းလွတ်ခွင့်ပေးရန်သင့်ကြောင်း၊ အထူးသဖြင့် အစီရင်ခံစာတင်သွင်းရန် မလိုအပ်သေးသော ကုမ္ပဏီများအတွက် ပထမဦးဆုံးအကြိမ် တင်ပြမှုပုံစံ သစ်များကို အနည်းဆုံး ၂၀၂၆ ခုနှစ်ထိတိုင်အောင် ရွှေ့ဆိုင်း အချိန်ပေးစေလိုကြောင်း၊ အီးယူအဖွဲ့ အစည်းများ၏ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ အထွေထွေစံနှုန်းများ အပါအဝင် delegated act ကို သတ်မှတ်ပြဋ္ဌာန်းရန်မှာလည်း ဖြစ်နိုင်သည့်အလားအလာနည်းပါး ကြောင်း၊ အရည်အသွေးမီပြီး ပြည့်ဝသည့် စံနှုန်းများဖြစ်ရန်နှင့် Stakeholders များ၏ပါဝင်ဆောင် ရွက်မှုများ ရရှိနိုင်ရန် ယခုထက်အချိန် ပိုမိုလိုအပ်နေကြောင်း စသည်ဖြင့် ပြောဆိုခဲ့ပါသည်။

ဂျာမန်စားသောက်ကုန်လုပ်ငန်းကဏ္ဍသည် ဂျာမနီနိုင်ငံတွင် စတုတ္ထအကြီးဆုံးစီးပွားရေး လုပ်ငန်းဖြစ်ပြီး နှစ်စဉ်အရောင်းဝင်ငွေ ယူရို (၁၈၁) ဘီလီယံရှိပါသည်။ ကုမ္ပဏီပေါင်း (၆၁၀၀) ခန့်က လုပ်သားအင်အား(၆၁၀၀၀၀)ကျော်ဖြင့် အရည်အသွေးမြင့်စားသောက်ကုန်များကို ထုတ်လုပ်ဖြန့်

ဖြူးလျှက်ရှိပါသည်။ အသေးစား အလတ်စားကုမ္ပဏီများဖြင့် လုပ်ကိုင်လျှက်ရှိရာ (၉၀) ရာခိုင်နှုန်း ခန့်မှာ အလတ်စားလုပ်ငန်းများဖြစ် ကြပါသည်။

CSRD ကို Directive 2014/95/EU အရ ချမှတ်ထားပြီး ဦးဆောင်စစ်ဆေးမည့် အီးယူအဖွဲ့ အစည်းများတွင် European Commission (EC)၊ the Council of the European Union **နှင့်** the European Parliament **တို့** ပါဝင်ပြီး CSRD အရ ကုမ္ပဏီကြီးများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်မှု၊ လူမှုရေးဆိုင်ရာနှင့် အလုပ်သမားများအပေါ်ဆက်ဆံ ဆောင်ရွက်မှု၊ လူ့အခွင့်အရေး လေးစားလိုက်နာမှု၊ အဂတိလိုက်စားခြင်း ကင်းရှင်းမှု၊ ကုမ္ပဏီဘုတ်အဖွဲ့တွင်းညီတူညီမျှ ခန့်ထား ဆောင်ရွက်မှု အချက်အလက်များကို ထုတ်ပြန် အစီရင်ခံရမည်ဖြစ်ပါသည်။

Source: https://www.bve-online.de/presse/pressemitteilungen

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

…………………………………………………………………………………………..

**ဟောင်ကောင်ဒေသ၏ စီးပွားရေးဆိုင်ရာ သတင်းများ**

## ကိုဗစ်-၁၉ ရောဂါ လှိုင်းရိုက်ခတ်မှုကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးအား အကြီးအကျယ် ထိခိုက်လျက်ရှိခြင်း

ဟောင်ကောင်ဒေသတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ဆောင်ရွက်ခဲ့မှုမှာ တစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်သောကြောင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိခြင်းနှင့် တရုတ်ပြည်မကြီး၌ အိုမီခရွန်ဗိုင်းရပ်စ် ပြင်းထန်စွာရိုက်ခတ်မှုကြောင့် ကုန်သွယ်ရေးအပေါ် ပြင်းထန်စွာ ထိခိုက်လျက်ရှိသဖြင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ၂၀၂၂ ခုနှစ်၊ ပထမသုံးလပတ်အတွင်း ပထမဆုံးအကြိမ် လျော့ကျခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မေလ ၄ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Covid wave cripples HK economy” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း ဟောင်ကောင်ဒေသ၏ ဂျီဒီပီသည် (၄) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ တတိယသုံးလပတ်ကာလမှစ၍ ဟောင်ကောင်၏ စီးပွားရေးအကြီးမားဆုံး လျော့ကျခဲ့ခြင်းဖြစ်ပြီး ခန့်မှန်းထားသည်ထက် ပိုမို

ဆိုးရွားခဲ့ကာ Bloomberg ၏ စစ်တမ်း ကောက်ယူချက်များအရ (၁.၃) ရာခိုင်နှုန်း လျော့ကျခဲ့ခြင်း ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာနမှ အချက်အလက်များအား ကိုးကား၍ ဒေသအစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးမှ ပြောကြားခဲ့ရာတွင် ဟောင်ကောင်ဒေသ၏ စီးပွားရေး မှာ ၂၀၂၂ ခုနှစ်၊ ပထမသုံးလပတ်အတွင်း အကြီးမားဆုံး ဖိအားများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ ရခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ ပဉ္စမလှိုင်း ဖြစ်ပွားမှုနှင့် ကမ္ဘာ့ကပ်ရောဂါကြောင့် နယ်မြေဖြတ်ကျော် သယ်ယူပို့ဆောင်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများ အစရှိသည်တို့ကြောင့် စီးပွားရေး ကျဆင်းစေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ အာရှဒေသ၏ ငွေကြေးအချက်အချာကျသည့် ဒေသဖြစ်သော ဟောင်ကောင်အနေဖြင့် ပြန်လည်ဖွင့်လှစ်ရန် တဖြေးဖြေးချင်း စတင်ဆောင်ရွက်လာ ပြီဖြစ်ရာ ၂၀၂၂ ခုနှစ်၊ ပထမသုံးလပတ်တွင် စီးပွားရေးကျဆင်းမှုမှာ တစ်နှစ်ပတ်လုံးတွင် အနိမ့်ဆုံး အမှတ်ဖြစ်နိုင်ကြောင်း၊ သို့သော် တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ထိန်းချုပ်မှုများကြောင့် ကုန်ပစ္စည်းများအား တရုတ်ပြည်မကြီးမှ သယ်ယူပို့ဆောင်ရွက်ရန် အခက်အခဲများ အစရှိသည်တို့အပေါ်လည်း များစွာမူတည်နေမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ မှတရုတ်ပြည်မကြီးသို့ တင်ပို့မှုမှာ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ၁၂.၈ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဒုတိယ သုံးလပတ်အထိ ဟောင်ကောင်ဒေသ၏ စီးပွားရေးကျဆင်းရန် ခန့်မှန်းထား သော DBS Group မှ စီးပွားရေးပညာရှင်က ပြောကြားခဲ့ရာတွင် တရုတ်နိုင်ငံမှ ကုန်သွယ်ရေးဆိုင်ရာ ဖြတ်တောက်မှုများနှင့် ပြည်ပနိုင်ငံများမှ ဝယ်လိုအားလျော့ကျခဲ့မှုကြောင့် ဟောင်ကောင်၏ စီးပွား ရေးကျဆင်းမှုမှာ အနည်းဆုံး နောက်တစ်လအထိ ကြာရှည်နေမည်ဖြစ်ကြောင်း၊ Dah Sing Bank မှ အကြီးတန်း စီးပွားရေးပညာရှင်က ပြောကြားရာတွင် ဟောင်ကောင်ဒေသ၏ စီးပွားရေး အဆိုးရွားဆုံး ကျဆင်းမှု ပြီးဆုံးသွားနိုင်သော်လည်း ဟောင်ကောင်ဒေသ၏ စီးပွားရေးလျင်မြန်စွာ ပြန်လည်မြင့် တက်နိုင်သည်ဟု ပြောကြားရန် အချိန်စောလွန်းသေးကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးအလား အလာ၊ ကမ္ဘာ့ကပ်ရောဂါနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ဆုံးရှုံးစွန့်စားမှုများရှိနိုင်သည့် အခြေအနေများ ကြောင့် မသေချာမရေရာမှု အများအပြားရှိဆဲဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………………

## ဟောင်ကောင်ဒေသ၌ စားသောက်ကုန်များ လိုက်လံပို့ဆောင်ပေးရမှု မြင့်တက်လာလျက်ရှိပြီး စားသောက်ဆိုင်များအနေဖြင့် စားသောက်ကုန်များအား ဘေးကင်းလုံခြုံစွာ ပို့ဆောင်ရမည်ဖြစ်ကြောင်း

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားလျက်ရှိပြီး ဟောင်ကောင်၌ အွန်လိုင်းမှ ရောင်းချသည့် စားသောက်ကုန်များအား လိုက်လံပို့ဆောင်မှုများ အဓိကဆောင်ရွက်လာလျက်ရှိပြီး စားသောက်ကုန်များ ဆိုင်ပြင်ပသို့ ဝယ်ယူမှုများနှင့် ဖြန့်ဖြူးပို့ဆောင်မှုများ မြင့်တက်လာလျက်ရှိရာ အစားအစာ ဘေးကင်းလုံခြုံမှု ရှိစေရန်အတွက် လိုင်စင်စနစ်ဖြင့်ဆောင်ရွက်ရန် ဟောင်ကောင်ဒေသအာဏာပိုင်များမှ စီစဉ်လာကြကြောင်း ၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့ထုတ် The Standard သတင်းစာ၌ “ Restaurants must go all the way on safety amid delivery boom” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

ထိုကဲ့သို့ အစားအစာများ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် လိုင်စင်စနစ်ဖြင့် ဆောင်ရွက်ရန် စီစဉ်ရခြင်းမှာ ဟောင်ကောင်ဒေသ Food and Environmental Hygiene Department အနေဖြင့် ၂၀၂၁ ခုနှစ်က အစားအစာဘေးကင်းလုံခြုံမှုနှင့် ပတ်သက်၍ တိုင်ကြားမှု (၁၆၄) ခုရရှိခဲ့ပြီးနောက် စီစဉ်ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် တိုင်ကြားမှု (၆၄) ခုရရှိခဲ့မှုနှင့် နှိုင်းယှဉ်လျှင် နှစ်ဆကျော် မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ တိုင်ကြားမှု (၉) ခုရရှိခဲ့မှုနှင့် နှိုင်းယှဉ်လျှင် အများအပြားမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်က တိုင်ကြားမှု (၂၀) ခု လက်ခံရရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်က ကုန်သွယ်မှုနှင့် ပတ်သက်၍ မှားယွင်းဖော်ပြမှုများနှင့် မေ့လျော့ခဲ့မှုများကြောင့် အကောက်အခွန်အရာရှိများအနေဖြင့် တိုင်ကြားမှု (၇၇) ခု လက်ခံရရှိမှု မြင့်တက်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသစားသောက်ကုန်နှင့် ကျန်းမာရေးဆိုင်ရာ အတွင်းဝန် (ဝန်ကြီး) Ms. Sophia Chau Siu-chee ကပြောကြားခဲ့ရာတွင် ယခုနှစ် လက်ခံရရှိခဲ့သည့် တိုင်ကြားမှု (၁၆၄) ခုမှ (၂) ခုတွင် စားသောက်ကုန်များပြင်ဆင်ရာတွင် မပါဝင်သင့်သည့် အရာဝတ္ထုများ ရှာဖွေတွေ့ရှိခဲ့မှုကြောင့် စားသောက်ကုန်ရောင်းချသည့် အဆောက်အအုံအား စွဲချက်တင်ထားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ စားသောက်ဆိုင်များ အနေဖြင့် အွန်လိုင်းမှ မှာယူမှုများ (သို့မဟုတ်) စာချုပ်ချုပ်ဆို စားသောက်ကုန် ပို့ဆောင်မှုများအတွက် စားသောက်ကုန်များ ဖြန့်ဖြူးပို့ဆောင်မှုများတွင် သင့်လျော်သောလိုင်စင်နှင့် ပတ်သက်၍ လိုအပ်ချက်များကို ပြည့်မီစေရေးရှင်းလင်းပြတ်သားစေရန် စားသောက်ကုန်နှင့် ကျန်းမာရေးဌာနအနေဖြင့် စီစဉ်မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

Agribusiness & Trade

စားသောက်ကုန်များအား အချိန်ပြည့် သင့်တင့်သော အပူချိန်၌ ဘေးကင်းလုံခြုံစွာထိန်းသိမ်းထားသိုရမည်ဖြစ်ပြီး စားသုံးသူထံသို့ ပို့ဆောင်ရာတွင်လည်း ညစ်ညမ်းမှုများနှင့် အဆိပ်အတောက်ဖြစ်ပွားမှုများ လျော့နည်းစေရန်အတွက် သယ်ယူပို့ဆောင်ရာတွင် သေချာစွာ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ အစားအစာ ဘေးကင်းလုံခြုံရေးစင်တာ အနေဖြင့်လည်း ဒေသတွင်းရှိ အွန်လိုင်းစားသောက်ကုန် ပို့ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းများအား စားသောက်ကုန်များ ပို့ဆောင်ရာတွင် သင့်လျော်သည့်အပူချိန်ဖြင့် ထိန်းချုပ်ပို့ဆောင်ရန်၊ တစ်ကိုယ်ရည်သန့်ရှင်းမှုနှင့် သန့်ရှင်းစွာပို့ဆောင်မှုများ ဆက်လက်ထိန်းသိမ်းထားရန် တိုက်တွန်းပြောကြားခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှု ကာလအတွင်းတွင် သတိထားဆောင်ရွက်ရမည့်အချက်များကိုလည်း သတိပေးထုတ်ပြန်ခဲ့ကြောင်း၊ ရောင်းချသူများနှင့် ဝယ်ယူသူများအကြား အငြင်းပွားမှုများဖြေရှင်းရန်လိုအပ်ပါက စားသုံးသူကောင်စီမှ ကူညီဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် စည်ပင်သာယာဝန်ဆောင်မှု သတ်မှတ်ချက်အရ စားသုံးသူများအား ရောင်းချသည့် ဟောင်ကောင်ဒေသ၌ ထုတ်လုပ်သည့် (သို့မဟုတ်) ပြည်ပမှ တင်သွင်းသည့် စားသောက်ကုန်အားလုံး အနေဖြင့်စားသုံးသူများအတွက် လိုအပ်သော စံသတ်မှတ်ချက်များ ပြည့်မီရမည်ဖြစ်ကြောင်း၊ အဆိုပါ သတ်မှတ်ချက်များကို ချိုးဖောက်သူများအား အမြင့်ဆုံး ပြစ်ဒဏ်အနေဖြင့် ဟောင်ကောင်ဒေါ်လာ ၅၀,၀၀၀ နှင့် ထောင်ဒဏ် (၆) နှစ် ကျခံရမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.............................................................

**ဟောင်ကောင်ဒေသ၌ အားလပ်ရက်ပိတ်ရက်များအတွင်း SHKP malls များ၌ ကုန်ပစ္စည်းရောင်းချ ရမှုများ (၆၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း**

ဟောင်ကောင်ဒေသရှိ Sun Hung Kai အိမ်ခြံမြေလုပ်ငန်းပိုင်ဆိုင်သည့် ကုန်တိုက်များတွင် အမေများနေ့နှင့် ဗုဒ္ဓမွေးနေ့ အားလပ်ရက် ပိတ်ရက်များတွင် ကုန်ပစ္စည်းရောင်းချရမှုများ (၆၀) ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မေလ ၁၀ ရက်နေ့ ထုတ် The Standard သတင်းစာ၌ “Holiday slaes soar 60 pc at SHKP malls” ခေါင်းစဉ် ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များဖြေလျှော့ပေးပြီးနောက် အမေများနေ့နှင့် ဗုဒ္ဓမွေးနေ့ အပါအဝင် ရက်သတ္တပတ် အားလပ်

ရက်ပိတ်ရက်များအတွင်း Sun Hung Kai အိမ်ခြံမြေလုပ်ငန်း ပိုင်ဆိုင်သည့် ကုန်တိုက် (၅၀) ခုအနက် World Trade Centre နှင့် Amp ကုန်တိုက်အပါအဝင် ကုန်တိုက် (၂၇)ခုတို့တွင် ဝယ်ယူသူများလာရောက်မှု (၄၀) ရာခိုင်နှုန်းနှင့် ကုန်ပစ္စည်းရောင်းချမှု (၆၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အမေများနေ့တွင် ရောင်းချမှု (၉၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဥ္စမလှိုင်း ဖြစ်ပွားမှုမတိုင်မီ ရောင်းချမှုပမာဏသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ စားသောက်ဆိုင်များ၊ ကိတ်မုန့်အရောင်းဆိုင်များနှင့် ကျောက်မျက်လက်ဝတ်ရတနာ ရောင်းချမှုများ မြင့်တက်ခဲ့ကြောင်း၊ အမေများနေ့တွင် စားသောက်ဆိုင်များ၌ သွားရောက်စားသောက်မှုများ မြင့်တက်ခဲ့မှုကြောင့် ကုန်တိုက်များတွင် လူများသွားလာမှုများပြားပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ ကောင်းမွန်လာခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သော ရက်သတ္တပတ်မှ စတင်၍ စားသောက်ဆိုင်များ၌ စားပွဲတစ်ဝိုင်းလျှင် လူဦးရေ (၈) ဦး အထိ ထိုင်၍စားသောက်ခွင့်ပြုခဲ့ခြင်းနှင့် Consumption Coupons များ ဖြန့်ဝေခဲ့ခြင်းကြောင့် လက်လီရောင်းချမှုများနှင့် စားသောက်ကုန်လုပ်ငန်းများအတွက် ရောင်းချမှု မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ရေးသား ဖော်ပြထားပါသည်။

Sun Hung Kai အိမ်ခြံမြေလုပ်ငန်းပိုင်ဆိုင်သည့် East Point City ၊ Harbour North နှင့် Park Central အပါအဝင် အခြားသော ကုန်တိုက် (၁၂) ခုတွင်လည်း ဝယ်ယူသူများ လာရောက်မှု (၁၀) ရာခိုင်နှုန်းနှင့် ရောင်းချမှု (၁၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ပထမသုံးလပတ်က ရောင်းချမှုထက် ကျော်လွန်၍ မေလတွင် (၁၅) ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း၊ ကုန်တိုက် (၁၂) ခုတွင်အရောင်းမြှင့်တင်ခဲ့မှုများနှင့် Consumption Vouchers များသည် ဟောင်ကောင်ဒေသရှိ စီးပွားလုပ်ငန်းများ တိုးတက်ရန်နှင့် ၂၀၂၂ ခုနှစ်၊ ပထမသုံးလပတ်အတွင်း ကျဆင်းခဲ့သည့် စားသုံးမှုများကို ဒုတိယသုံးလပတ်နှင့် တတိယသုံးလပတ်တို့တွင် ပြန်လည်မြင့်တက်ရန် ကုန်သည်များအား ပံ့ပိုးကူညီရာရောက်မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………………………………………………

Agribusiness & Trade

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၉ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ မေလ(၁၉) ရက်

| ၁၉-၅-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၉၄၁.၂ |
| စင်္ကာပူဒေါ်လာ | ၁၃၃၂.၇ |
| စတာလင်ပေါင် | ၂၂၉၁.၀ |
| ဂျပန်ယန်း (၁၀၀) | ၁၄၄၆.၆ |
| တရုတ်ယွမ် | ၂၇၃.၄၅ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၇၅ |
| အိန္ဒိယရူပီး | ၂၃.၈၀၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၄.၅၉ |
| မလေးရှား ရင်းဂစ် | ၄၁၉.၉၃ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၂၇၇ |
| ထိုင်းဘတ် | ၅၃.၄၉၁ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၈၅၃ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ထိုင်း ဒူရင်းသီးတင်ပို့မှု တိုးတက်လာခြင်း

➢ ဘရာဇီးလ်နိုင်ငံရှိဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ တက်ရိပ်ပြလျက်ရှိ

➢ ဘရာဇီးလ်နိုင်ငံမှ တရုတ်နိုင်ငံသို့ အမဲသားတင်ပို့မှုတွင် ၃၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ဝက်သားတင်ပို့မှုတွင် ၅၀ ရာခိုင်နှုန်းခန့်လျော့ကျခဲ့

- **အထွေထွေသတင်းများ**

➢ မေလအတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံ ဖြစ်ပေါ်လျက်ရှိ (ဘရာဇီးလ်နိုင်ငံ)

➢ အရှေ့တီမောသို့ တင်ပို့မည့် ဟင်းချက်ဆီများကို အင်ဒိုနီးရှားအာဏာပိုင်များက သိမ်းယူလိုက်ခြင်း

➢ လစ်သီယံဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဩစတြေးလျနိုင်ငံရှိ အမေရိကန်ဓာတုကုမ္ပဏီကြီးက လုပ်ငန်းချဲ့ထွင်လိုက်ခြင်း

➢ Albany ခရီးသွားနေရာအတွက် ဒေါ်လာ ၂၅ သန်းတန်ဖိုးရှိ ဟိုတယ်တည်ဆောက်ရန် အဆိုပြုထားခြင်း

➢ ဂျာမနီနိုင်ငံ Global Foods Trading GmbH ကုမ္ပဏီနှင့် မြန်မာနိုင်ငံကောင်းရန်နံ့ကုမ္ပဏီတို့အကြား အွန်လိုင်းတွေ့ဆုံဆွေးနွေး

➢ Morgan Stanley Investment Bank ၏ ပြောကြားချက်အရ ဟောင်ကောင်ဒေသ၏စီးပွားရေး ပြန်လည်နာလန်ထူလာနိုင်ကြောင်း

- ဗြိတိန်ငွေကြေး စတာလင်ပေါင် ကျဆင်းလာမှုကြောင့် ဟောင်ကောင်ဒေသခံများအနေဖြင့် ဗြိတိန်နိုင်ငံ၌ အိမ်ခြံမြေများ ပိုမိုဝယ်ယူလာမည်ဖြစ်ကြောင်း
- ထိုင်းကုမ္ပဏီများအနေဖြင့် ဆော်ဒီအာရေဗျသို့ တရားဝင်ကုန်သွယ်ရေး မစ်ရှင်အဖြစ် သွားရောက်ခြင်း
- ယခုနှစ်အတွက် ထိုင်းအစားအစာ ပြည်ပတင်ပို့မှု ၅% တိုးတက်မည် ခန့်မှန်းခြင်း
- ၂၀၂၂ ခုနှစ်၊ မတ်လအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်း ထုတ်ပြန်ချက်

## ထိုင်း ဒူရင်းသီးတင်ပို့မှု တိုးတက်လာခြင်း

ယခုနှစ်အတွက် တရုတ်နိုင်ငံသို့ ထိုင်းနိုင်ငံမှ ဒူရင်းသီးတင်ပို့မှုသည်ဝင်ငွေဘတ် (၁၂၀) ဘီလီယံ ရရှိနိုင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနဝန်ကြီး Chalermchai Sri-On က ပြောကြားလိုက်ကြောင်း သိရှိရပါသည်။

၎င်းက တရုတ်အစိုးရမှ တင်းကြပ်သည့် Zero Covid Policy ချမှတ်ထားသော်လည်း ယမန်နှစ်က တရုတ်နိုင်ငံသို့ ဒူရင်းသီးတန်ချိန်(၈၇၅,၀၉၇) တန် တင်ပို့နိုင်ခဲ့ပြီး ထိုင်းဘတ်ငွေ (၁၀၉.၂) ဘီလီယံရရှိခဲ့ကြောင်း၊ ထိုင်းဒူရင်းသီးများအနေဖြင့် ဈေးကွက်ဝေစုအများအပြားရရှိထား ကြောင်း၊ ထိုင်းဒူရင်းသီးများအနေဖြင့် တရုတ်နိုင်ငံတွင်ဈေးကွက်ဝေစု (၄၀%) ရရှိထားကြောင်း၊ ၎င်းနောက်တွင် ချီလီကဈေးကွက်ဝေစု (၁၅%)နှင့် ဗီယက်နမ်ကဈေးကွက်ဝေစု(၆%) တို့ဖြင့် အသီး သီးရရှိထားကြောင်း သိရှိရပါသည်။

ယခုနှစ်တွင် ဝန်ကြီးဌာနအနေဖြင့် တရုတ်နိုင်ငံသို့ဒူရင်းသီးတင်ပို့မှု (၉.၈%) ပိုမိုမြင့် တက်နိုင်မည်ဟု ခန့်မှန်းထားပြီး တန်ဖိုးအားဖြင့်ဘတ်ငွေ(၁၂၀) ဘီလီယံရရှိနိုင်မည်ဟုမျှော်မှန်း ထားကြောင်း သိရှိရပါသည်။

ထိုင်းဒူရင်းသီးများအနေဖြင့် တရုတ်နိုင်ငံတွင်သာ လူသိများကျော်ကြားခြင်း မဟုတ်ပဲ အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများ၌လည်း ကျော်ကြားထင်ရှားလှကြောင်း၊ ထိုင်း ဒူရင်းသီးများအနေဖြင့် ယမန်နှစ်က ဟောင်ကောင်ဈေးကွက်တွင် ဈေးကွက်ရှယ်ယာ(၅.၅၆%)၊ တောင်ကိုရီးယားတွင် ဈေး ကွက်ဝေစု(၀.၁၂%)၊ အမေရိကန်တွင်ဈေးကွက်ဝေစု(၀.၂၄%)နှင့် ဂျပန်နိုင်ငံတွင် ဈေးကွက်ဝေစု (၀.၀၆%) တို့ဖြင့် အသီးသီးရရှိထားကြောင်း သိရှိရပါသည်။

အစိုးရသစ်သီးဝလံဘုတ်အဖွဲ့အနေဖြင့် လယ်သမားများကိုကူညီရန် ဒူရင်းသီးများကို ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့လိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်မှုမှ ပြေပျောက်စေရန်အတွက် ကွန်တိန်နာသင်္ဘောများ၊ မီးရထားဝန်ဆောင်မှုများမှတစ်ဆင့် ဒူရင်းသီးများကိုတိုးမြှင့်တင်ပို့သွားနိုင် ရေး ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရည်မှန်းထားသည့် သစ်သီးဝလံပို့ကုန်များအား ပင်လယ်ရေကြောင်းမှတစ်ဆင့်(၅၅%) ကိုလည်းကောင်း၊ ကုန်းလမ်းဖြင့်(၄၀%)နှင့် တရုတ်လာအိုရထားလမ်းနှင့် လေကြောင်းတို့မှ(၅%) တို့

ဖြင့် အသီးသီးတင်ပို့သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံမှသစ်သီးဝလံများအား တရုတ်နိုင်ငံသို့တင်ပို့ရာတွင် တရုတ်နိုင်ငံ၏ zero Covid Policy ကြောင့် ထိခိုက်မှုများရှိသော်လည်း ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်တွင် ယခင်နှစ်ကထက်(၄၂%) ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် ထိုင်းဒူရင်းသီးများအနေဖြင့် တစ်ကီလိုဂရမ်လျှင် ထိုင်းဘတ်ငွေ(၁၂၀)မှ (၁၅၀) အထိတိုးမြှင့်ရရှိကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ အခြားသောလောင်ဂန်သီးနှင့် သရက်သီးများအပါအဝင် အခြားသစ်သီးဝလံများလည်း အများအပြားတင်ပို့ကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

## ဘရာဇီးလ်နိုင်ငံရှိဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ တက်ရိပ်ပြလျက်ရှိ

မေလ ၁၂ တွင် ဘရာဇီးလ်နိုင်ငံရှိ ပဲပုတ်စေ့ဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ တက်ရိပ်ပြလျက်ရှိပြီး အမေရိကန်စိုက်ပျိုးရေးဌာန(U.S. Department of Agriculture – USDA) ၏ သုံးသပ်ချက်အား အလေးထားစောင့်ကြည့်လျက်ရှိကြောင်း၊ ချီကာဂိုစတော့ဈေးကွက်တွင်လည်း အမေရိကန်ဒေါ်လာငွေတန်ဖိုးအတက်အကျများ လျင်မြန်စွာဖြစ်ပေါ်နေမှုကြောင့် သီးနှံဈေးနှုန်းများ တည်ငြိမ်မှုမရှိသဖြင့် အရောင်းအဝယ်ဖြစ်မှုများကျဆင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

မေလ ၁၂ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အလေးချိန် ၆၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ၁၉၆.၀၀ မှ ၁၉၅.၀၀ ဟဲရာသို့လည်းကောင်း၊ Missions region ဈေးကွက်တွင် ၁၉၅.၀၀ ဟဲရာမှ ၁၉၄.၀၀ ဟဲရာသို့လည်းကောင်း ဈေးနှုန်းများကျဆင်းခဲ့သော်လည်း Port of Rio Grande ဈေးကွက်တွင် ၁၉၆.၅၀ ဟဲရာမှ ၁၉၈.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel, Paraná ဈေးကွက်တွင် ၁၈၉.၀၀ ဟဲရာမှ ၁၈၉.၅၀ ဟဲရာသို့လည်းကောင်း၊ port of Paranaguá (PR) ဈေးကွက်တွင် ၁၉၆.၀၀ ဟဲရာမှ ၁၉၆.၅၀ ဟဲရာသို့လည်းကောင်း၊ Rondonópolis (MT) ဈေးကွက်တွင် ၁၇၈.၅၀ ဟဲရာမှ ၁၇၉.၅၀ ဟဲရာသို့လည်းကောင်း အသီးသီးဈေးနှုန်းများမြင့်တက်ခဲ့ပြီး Dourados (MS)ဈေးကွက်တွင် ၁၈၁.၀၀ ဟဲရာ

နှင့် Rio Verde (GO) ဈေးကွက်တွင် ၁၇၅.၀၀ ဟဲရာတို့ဖြင့် ဈေးနှုန်းများတည်ငြိမ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

မေလ ၁၂ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်(Chicago Commodity Exchange – CBOT)၌ ပဲပုတ်စေ့၊ ပြောင်းနှင့် ဂျုံဈေးနှုန်းများ တက်ရိပ်ပြခဲ့ကြောင်း USDA ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။ ထို့အပြင် ၂၀၂၂-၂၀၂၃ ခုနှစ်ကာလတွင် မြောက်အမေရိကတိုက်မှ ပဲပုတ်စေ့တန်ချိန် ၁၂၆.၂၈သန်း ထွက်ရှိနိုင်ရန်ခန့်မှန်းထားကြောင်း၊ ပြည်တွင်းကြိတ်ခွဲမှုတွင် ပဲပုတ်စေ့စည်ပေါင်း ၂.၂၅၅ ဘီလီယံကိုအသုံးပြုနိုင်ပြီး ပြည်ပနိုင်ငံများသို့ ပဲပုတ်စေ့တန်ချိန် ၂.၂ ဘီလံယံ တင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း၊ ၂၀၂၁ – ၂၀၂၂ ခုနှစ်ကာလတွင် အမေရိကန်နိုင်ငံမှ ပဲပုတ်စေ့စည်ပေါင်း ၄.၄၃၅ ဘီလီယံစိုက်ပျိုးထွက်ရှိနိုင်ပြီး ပြည်တွင်းလက်ကျန်အဖြစ် ပဲပုတ်စေ့စည်ပေါင်း ၂၃၅ သန်း ကျန်ရှိနိုင်ကြောင်း၊ ဈေးကွက်တွင်းအရောင်းအဝယ်ဖြစ်မှုသည် ပဲပုတ်စေ့စည်ပေါင်း ၂၂၂ ဘီလီယံရှိနိုင်ကြောင်း USDA ၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၂-၂၀၂၃ ခုနှစ်ကာလ ကမ္ဘာ့ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၃၉၄.၇ သန်း အထိရှိနိုင်ပြီး ပဲပုတ်စေ့လက်ကျန်သည် တန်ချိန် ၉၉.၆ သန်းရှိနိုင်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုတွင် အမေရိကန်မှ ပဲပုတ်စေ့တန်ချိန် ၁၂၆.၃ သန်း၊ ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၁၄၉ သန်းနှင့် အာဂျင်တီးနားနိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၅၁ သန်းတို့ အသီးသီးထုတ်လုပ်နိုင်ပြီး တရုတ်နိုင်ငံသည် ကမ္ဘာ့ဈေးကွက်မှ ပဲပုတ်စေ့တန်ချိန် ၉၉ သန်းအထိ ဝယ်ယူတင်သွင်းနိုင်ကြောင်း USDA ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ချီကာဂိုစတော့ဈေးကွက်ရှိ ပဲပုတ်စေ့နှင့် ပဲပုတ်ထွက်ကုန် ကြိုပွိုင့်ရောင်းဝယ်မှုတွင် ဇူလိုင်လအတွက် ပဲပုတ်စေ့ကြိုပွိုင့် ၁ စည်ဈေးနှုန်းသည်ယခင်နေ့ကထက် ၀.၄၃ ရာခိုင်နှုန်း ဈေးနှုန်းပိုမိုမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၆.၁၃ ဖြင့်လည်းကောင်း၊ ဩဂုတ်လအတွက် ပဲပုတ်စေ့ကြိုပွိုင့် ၁ စည်ဈေးနှုန်းသည် ၀.၄၄ ရာခိုင်နှုန်း ဈေးနှုန်းပိုမိုမြင့်တက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၅.၆၉ ဖြင့်လည်းကောင်းဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး ဇူလိုင်လအတွက် ပဲပုတ်ခွံ ၁ တန် ကြိုပွိုင့်ဈေးနှုန်းသည် ယခင်နေ့ကထက် ၀.၄၇ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၉၆.၀၀ ဖြင့်လည်းကောင်း၊ ဇူလိုင်လအတွက် ပဲပုတ်ဆီ ၁ ပေါင်ကြိုပွိုင့်ဈေးနှုန်း ၁.၁၁ ရာခိုင်နှုန်းဈေးနှုန်းကျဆင်းခဲ့ကာ အမေရိကန်ဒေါ်လာ ၈၂.၅၂ ဆင့်ဖြင့်လည်းကောင်း ဈေးနှုန်းအသီးသီးတို့ဖြင့် အရောင်းအဝယ်များပြုလုပ်ခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

## ဘရာဇီးလ်နိုင်ငံမှ တရုတ်နိုင်ငံသို့ အမဲသားတင်ပို့မှုတွင် ၃၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဝက်သား တင်ပို့မှုတွင် ၅၀ ရာခိုင်နှုန်းခန့်လျော့ကျခဲ့

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှဧပြီလအထိ ဘရာဇီးနိုင်ငံ၏ အမဲသားတင်ပို့မှုသည် တန်ချိန် ၆၂၀,၀၀၀ တန်ရှိအထိရောက်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှဧပြီလအထိ အမဲသားတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ၃၃ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာန(Ministry of Foreign Trade – Secex)၏ သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ အမဲသားတင်ပို့မှုသည် စံချိန်တင်မြင့်တက်နိုင်ကြောင်းခန့်မှန်းထားပြီး အမဲသားတန်ချိန် ၁.၉ သန်းအထိတင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း Canal Rural သတင်းဌာနမှ ညွှန်ကြားရေးမှူး Giovani Ferreira ကပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှကြက်သားတင်ပို့မှုသည် ၂၀၂၁ ခုနှစ်၏ တင်ပို့မှုကို ကျော်လွန်နိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှဧပြီလအထိ (၄) လတာကာလအတွင်း ကြက်သား တန်ချိန် ၁.၄ သန်းတင်ပို့ခဲ့ပြီး ယခင်နှစ်ကာလတူတွင် ကြက်သားတန်ချိန် ၁.၃ သန်းကိုသာ တင်ပို့နိုင်ခဲ့သဖြင့် နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း၊ ဝက်သားတင်ပို့သည့် အချက်အလက်များအရ ၂၀၂၂ ခုနှစ်ပထမ(၄)လတာကာလအတွင်း ဘရာဇီးလ်နိုင်ငံ၏ ဝက်သား တင်ပို့မှုသည် ယခင်နှစ်ကာလတူတင်ပို့မှုပမာဏအောက်သို့ ၅၀ ရာခိုင်နှုန်းခန့်အထိ လျော့ကျနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ် နှစ်ကုန်ဆုံးချိန်တွင် ဝက်သားတန်ချိန် ၉၀၀,၀၀၀ ဝန်းကျင်အထိသာ တင်ပို့နိုင်ရန်မျှော်မှန်းထားပြီး ၂၀၂၁ ခုနှစ်တွင် ဝက်သားတန်ချိန် ၁ သန်းကျော်တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ပထမ(၄) လတာကာလအတွင်း ဝက်သားတန်ချိန် ၂၉၀,၀၀၀ ကိုတင်ပို့ခဲ့ပြီး ၂၀၂၁ ခုနှစ် နှစ်ကုန်ဆုံးချိန်တွင် ဝက်သားတန်ချိန် ၉၀၀,၀၀၀ အထိတင်ပို့နိုင်ခဲ့ကြောင်း Ferreira က ပြောကြား ခဲ့သည်။

၂၀၂၁ ခုနှစ် ပထမလေးလပတ်ကာလတွင် ဘရာဇီးနိုင်ငံမှ တရုတ်နိုင်ငံသို့ ဝက်သား တန်ချိန် ၂၁၃,၀၀၀ တန် တင်ပို့ခဲ့ပြီး ဘရာဇီးလ်နိုင်ငံမှတင်ပို့သည့် ဝက်သားပမာဏ၏ ၆၀ ရာခိုင်နှုန်း နီးပါးရှိခဲ့ကြောင်း၊ လက်ရှိ ၂၀၂၂ ခုနှစ်၊ ပထမလေးလပတ်ကာလတွင် ဝက်သားတန်ချိန် ၁၀၂,၀၀၀ တန်အား တင်ပို့ခဲ့သဖြင့် နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်းခန့်လျော့ကျသွားကြောင်း၊ ထို့သို့ တရုတ်နိုင်ငံ၏ ဝယ်ယူတင်သွင်းမှုလျော့ကျရခြင်းအား လေ့လာခဲ့ရာတွင် အဓိကအချက် (၃)ချက်ကို တွေ့ရှိရကြောင်း၊ ပထမအချက်အနေဖြင့် တရုတ်နိုင်ငံရှိမွေးမြူရေးခြံများ၌ အာဖရိကကြက် တုတ်ကွေးရောဂါပြန့်ပွားခဲ့သဖြင့် ဆုံးရှုံးနစ်နာမှုများကြုံတွေ့ခဲ့ရပြီးနောက်တွင် ပြည်တွင်းအသား လိုအပ်ချက်ကို

Agribusiness & Trade

ပြန်လည်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝက်မွေးမြူရေးလုပ်ငန်း ပြန်လည်ထူထောင်ရေးများကို အလျင်အမြန်လုပ်ဆောင်ခဲ့ကြကြောင်း၊ ဒုတိယအချက်မှာ တရုတ်အစိုးရ၏ Zero-COVID မူဝါဒကြောင့် တရုတ်နိုင်ငံ၏အရေးပါသော ပင်လယ်ဆိပ်ကမ်းများကိုပိတ်ထားခဲ့ရာ ကုန်သင်္ဘောများ ဆိပ်ကမ်းသို့ ဆိုက်ကပ်ခွင့်မရသဖြင့် သွင်းကုန်များတင်သွင်းနိုင်မှုမရှိခဲ့ကြောင်း၊ နောက်ဆုံးအချက်မှာ အာဆီယံနိုင်ငံများမှ တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းသောဝက်သားများအပေါ်တွင် မြင့်မားသော အခွန်နှုန်းထားများချမှတ်ခဲ့သဖြင့် တင်သွင်းမှုများကျဆင်းခဲ့ကြောင်း Giovani Ferreira ကပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ဝယ်ယူတင်သွင်းမှုကျဆင်းနေသော်လည်း ဘရာဇီးလ်ဝက်သားများတိုးတက်တင်ပို့နိုင်ရေးအတွက် ဈေးကွက်နိုင်ငံများအား ရှာဖွေချိတ်ဆက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ဝယ်ယူမှုလျော့ကျခဲ့သည့် ဝက်သားတန်ချိန် ၁၀၀,၀၀၀ တန်အား အခြားနိုင်ငံများသို့ တိုးချဲ့တင်ပို့နိုင်ရေး ဈေးကွက်နိုင်ငံများနှင့် ဆွေးနွေးလျက်ရှိကြောင်း Ferreira က ပြောကြားခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

.................................................................

## မေလအတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံ ဖြစ်ပေါ်လျက်ရှိ

၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၁၆ ရက်နေ့အတွင်း ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုတွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂.၇၀၉ ဘီလီယံ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မေလအတွင်း ကုန်သွယ်မှုတန်ဖိုးသည် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄.၀၇၈ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး ၁၁.၃၆၉ ဘီလီယံရှိခဲ့ပြီး စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၂၅.၄၄၇ ဘီလီယံတန်ဖိုးရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ ဘရာဇီးလ်နိုင်ငံ၏ ကုန်သွယ်မှုပိုငွေသည် အမေရိကန်ဒေါ်လာ ၂၂.၈၉၄ ဘီလီယံ ရရှိလျက်ရှိကြောင်း စီးပွားရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံခြားကုန်သွယ်မှုဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကုန်သွယ်မှုဆိုင်ရာအချက်အလက်များကို လစဉ် ၁၅ ရက်နေ့တွင် ပုံမှန်ထုတ်ပြန်ခဲ့သော်လည်း ပြည်ပကုန်သွယ်မှုဆိုင်ရာအချက်အလက်များကို အသေးစိတ် သုတေသနပြုလုပ်ခဲ့သဖြင့်

မေလတွင် ၁၈ ရက်နေ့မှသာ ထုတ်ပြန်နိုင်ခဲ့သည်။ မေလ ပထမအပတ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇.၆၁၅ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅.၄၀၁ ဘီလီယံရှိခဲ့သဖြင့် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂.၂၁၃ ဘီလီယံ ရရှိခဲ့ကြောင်း၊ မေလဒုတိယအပတ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆.၄၆၁ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၅.၉၆၇ ဘီလီယံရှိခဲ့သဖြင့် ကုန်သွယ်မှုပိုငွေ ၄၉၅.၇ ဘီလီယံရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ထို့ကြောင့် မေလ၏ ပထမနှစ်ပတ်အတွင်း တစ်ရက်ပျမ်းမျှပို့ကုန်တန်ဖိုးသည် ၂၀၂၁ ခုနှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက ၁၂.၈ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း၊ မေလပို့ကုန်တိုးတက်မှုတွင် လယ်ယာပို့ကုန်ကဏ္ဍ၌ ၂.၈ ရာခိုင်နှုန်းနှင့် စက်မှုထုတ်ကုန်ကဏ္ဍတွင် ၂၂.၆၈ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပြီး သွင်းကုန်တိုးတက်မှုသည် ၂၀၂၁ ခုနှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက ၃၅.၂ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း၊ ၎င်းတို့တွင် လယ်ယာကဏ္ဍတွင်း ၁၀.၃၄ ရာခိုင်နှုန်းနှင့် စက်မှုထုတ်ကုန်ကဏ္ဍတွင် ၃၄.၀၆ ရာခိုင်နှုန်းတို့အသီးသီးတိုးတက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

.............................................................................................................

## အရှေ့တီမောသို့ တင်ပို့မည့် ဟင်းချက်ဆီများကို အင်ဒိုနီးရှားအာဏာပိုင်များက သိမ်းယူလိုက်ခြင်း

အင်ဒိုနီးရှားအစိုးရက စားအုန်းဆီကြမ်းနှင့် ယင်းထွက်ကုန်များ တင်ပို့မှုကို တားမြစ်ပိတ်ပင်ရေးကြိုးပမ်းနေချိန်တွင် အင်ဒိုနီးရှားသည် အရှေ့တီမောသို့ တင်ပို့မည့် အနည်းဆုံး စားသုံးဆီ လီတာ ၈၁,၀၀၀ ကို သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။၂၈-၄-၂၀၂၂ ရက်နေ့က ဂျာဗားကျွန်း၊ ဆူရာဘာရာရှိ Tanjung Perak ဆိပ်ကမ်းတွင် ပို့ကုန်ကြေညာလွှာတွင် ဟင်းချက်ဆီစာရင်းမပါဘဲ တင်ပို့မည့် ဟင်းချက်ဆီနှင့် အခြားပစ္စည်း များတင်ဆောင်ထားသည့် သင်္ဘောကွန်တိန်နာ ၈ လုံးထက်မနည်းသိမ်းဆည်းရမိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီး ဌာနက ၁၂-၅-၂၀၂၂ နေ့နှောင်းပိုင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Agribusiness & Trade

ဟင်းချက်ဆီ တင်ပို့မှုတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထောင်ဒဏ် (၅)နှစ်နှင့် ဒဏ်ငွေ အင်ဒိုနီးရှား ရူပီး ၅ ဘီလီယံ (ဒေါ်လာ ၅၀၀,၀၀၀) အထိ ချမှတ်နိုင်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး Sihard Hadjopan Pohan က ပြောကြားခဲ့သည်။ တာဝန်ရှိသူများက သင်္ဘောပိုင်ရှင်နှင့် ကုန်စည်ပိုင်ရှင်ကို အမည်များကို မဖော်ပြခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထုတ်လုပ်သည့် အင်ဒိုနီးရှားသည် ပြီးခဲ့သော လနှောင်းပိုင်းတွင် စားအုန်းဆီကြမ်းနှင့် သန့်စင်ပြီး စားအုန်းဆီထုတ်ကုန်များ တင်ပို့မှုကို ရပ်တန့်လိုက်ခြင်းဖြင့် နိုင်ငံအတွင်းရှိ ဟင်းချက်ဆီဈေးနှုန်းများမြင့်တက်လာမှုကို ထိန်းချုပ်ရန်ကြိုးစားခဲ့သည်။ ပြီးခဲ့သည့်လက ပါလီမန်သို့ ကျောင်းသားရာနှင့်ချီ ချီတက်ဆန္ဒပြပွဲများအပြီးတွင် အဆိုပါ တားမြစ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

နေကြာဆီထောက်ပံ့မှု အများအပြား ဖယ်ရှားခံလိုက်ရသည့် ယူကရိန်းစစ်ပွဲကြောင့် ရှန်းကန်နေရသော ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီဈေးကွက်များသည် တင်ပို့မှု ပိတ်ပင်လိုက်ခြင်းကြောင့် လှုပ်ခတ်သွားခဲ့ရသည်။ စားအုန်းဆီသည် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီဈေးကွက်၏ သုံးပုံ တစ်ပုံကျော်ရှိပြီး၊ အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီထောက်ပံ့မှု၏ ၆၀ % ခန့်ရှိသည်။

အင်ဒိုနီးရှားစီးပွားရေးဝန်ကြီး Airlangga Hartarto က နိုင်ငံတစ်ဝှမ်း စားသုံးဆီဈေးနှုန်းများ တစ်လီတာလျှင် အင်ဒိုနီးရှား ရူပီး ၁၄,၀၀၀ အထိ ကျဆင်းသွားသည်အထိ တင်ပို့မှုပိတ်ပင်ထားမည်ဟု ပြောကြားခဲ့သည်။ ၁၂-၅-၂၀၂၂ ရက်နေ့ရှိ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ စားသုံးဆီ တစ်လီတာလျှင် အင်ဒိုနီးရှား ရူပီး ၁၆,၆၀၀ ဖြင့် ရောင်းချနေကြောင်း သိရှိရသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………………..

Agribusiness & Trade

# လစ်သီယံဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဩစတြေးလျနိုင်ငံရှိ အမေရိကန်ဓာတုကုမ္ပဏီကြီးက လုပ်ငန်းချဲ့ထွင်လိုက်ခြင်း

လစ်သီယံဈေးနှုန်းများ မြင့်တက်လာသည်နှင့်အမျှ အမေရိကန်ဓာတုဗေဒပစ္စည်း ကုမ္ပဏီ Albemarle သည် ဩစတြေးလျနိုင်ငံ၊ ပါ့သ်မြို့၏ တောင်ဘက် ကီလိုမီတာ ၂၀၀ အကွာတွင် ၎င်း၏ သန့်စင်ရေးစက်ရုံကြီးကို တိုးချဲ့ရန် စဉ်းစားနေပြီး၊ ခုတင် ၁,၀၀၀ ဆံ့ အလုပ် သမားကျေးရွာတည်ဆောက်ရန် အစီအစဉ်များ ချမှတ်ထားကြောင်း သိရှိရသည်။

လစ်သီယံဈေးနှုန်းများ မြင့်တက်လာခြင်းသည် Kemerton လစ်သီယံသန့်စင်စက်ရုံတွင် အလားအလာရှိသောတိုးချဲ့မှုကို လှုံ့ဆော်ပေးပါသည်။ တိုးချဲ့မှုတစ်ခုအတွက် နောက်ဆုံးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းလျက်ရှိစဉ်အတွင်း အနီးနားရှိ Binningup မြို့ရှိ အလုပ်သမားကျေးရွာအတွက် အစီအစဉ်များကို ကြေညာထားခြင်းဖြစ်သည်။

Kemerton အခြေစိုက် ရေနံချက်စက်ရုံသည် မူလက နှစ်စဉ်လစ်သီယံဟိုက်ဒရောဆိုဒ် တန်ချိန် ၁၀၀,၀၀၀ ထုတ်လုပ်ရန် စီစဉ်ထားသော်လည်း လစ်သီယံဈေးနှုန်းများ ကျဆင်းသွားပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ထုတ်လုပ်မှု ခန့်မှန်းချက် ထက်ဝက်ခန့် ကျဆင်းသွားခဲ့သည်။

လစ်သီယမ်ဟိုက်ဒရောဆိုဒ်အတွက် ဈေးနှုန်းအညွှန်းကိန်းသည် လွန်ခဲ့သည့်နှစ်ကထက် ၄၀၀% ကျော် တိုးလာသောကြောင့် လုပ်ငန်းတိုးချဲ့ရန် ဆောင်ရွက်လာခြင်းဖြစ်ပြီး၊ လုပ်ငန်းခွင်ဒါရိုက်တာ Daniel O'Shea က ကုမ္ပဏီသည် တတိယနှင့် စတုတ္ထမြောက်ပြုပြင်ထုတ်လုပ်ရေး စက်ရုံများကို တည်ဆောက်ရန် ရှာဖွေနေကြောင်း ပြောကြားခဲ့သည်။

ကုမ္ပဏီသည် Kemerton စက်ရုံ၏ပထမအဆင့်ကိုတည်ဆောက်စဉ် ဆောက်လုပ်ရေးလုပ်သားများအတွက် နေရာထိုင်ခင်းရှာဖွေရာတွင် စိန်ခေါ်မှုများကြုံတွေ့ခဲ့ရကြောင်းနှင့် အဆိုပါဒေသအတွင်း ကာလတိုမှ ကာလလတ်အတွင်း နေရာထိုင်ခင်း လုံလောက်မှုမရှိခြင်းကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အနာဂတ်တွင် လုပ်သားအင်အားထားရှိရန် ကုမ္ပဏီက ဖြေရှင်းချက်ကို ရှာဖွေလျက်ရှိကြောင်း သိရှိရသည်။

ကုမ္ပဏီသည်ပြည်တွင်းမြေသယ်ကုမ္ပဏီ B နှင့် J Catalano ထံမှမြေငှားရမ်းရန်ရှာဖွေနေပြီး လူမှုရေးဆိုင်ရာ သက်ရောက်မှု အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ပင်လယ်ကမ်းစပ်နေ ဒေသခံများက စီမံကိန်းမှရေရှည်အကျိုးခံစားခွင့်များရရှိမှု သေချာစေရေးအတွက် တွန်းအားပေးနေကြပြီး၊ လုပ်သားအများအပြားဝင်ရောက်လာပါက မြို့ကို ထိခိုက်စေမည်ကို စိုးရိမ်ကြောင်း ဖော်ပြကြ

သည်။ ယခုစီမံကိန်းသည် စီးပွားရေးလုပ်ငန်းနှင့် လူမှုအသိုင်းအဝိုင်း နှစ်ခုလုံးအတွက် အကျိုးအမြတ်ရှိနိုင်သော စီမံကိန်းတစ်ခုဖြစ်ကြောင်း ကုမ္ပဏီဖက်မှ သုံးသပ်ထားသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

…………………………………………………………………………

## Albany ခရီးသွားနေရာအတွက် ဒေါ်လာ ၂၅ သန်းတန်ဖိုးရှိ ဟိုတယ်တည်ဆောက်ရန် အဆိုပြုထားခြင်း

အနောက်ဩစတြေးလျ၊ တောင်ဘက်ကမ်းရိုးတန်း၏ အကျော်ကြားဆုံး ခရီးသွားနေရာများအနက်မှ တစ်နေရာဖြစ်သည့် Albany တွင် အထပ် (၈) ထပ်၊ အခန်း (၆၆) ခန်းပါ ဟိုတယ်တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

ဒေါ်လာ ၂၅ သန်းတန် Middleton Beach Seashells ဟိုတယ်သည် ဆယ်စုနှစ်တစ်ခုကျော်ကြာပိုက်လိုင်းစီမံကိန်းတွင် ပါဝင်နေပြီး၊ အဆိုပါနေရာတွင် ၂၀၀၇ ခုနှစ်က ဟိုတယ်အဟောင်း Esplanade Hotel ကို ဖြိုဖျက်ထားခြင်းဖြစ်ပြီး၊ စီမံကိန်းနှင့် စပ်လျဉ်းသည့် ပဏာမ အစီအစဉ်များကို အဓိကအဆင့်တွင် ပြည်နယ်စီမံကိန်းရေးဆွဲသူများနှင့် ထည့်သွင်းထားပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပြုချက်သည် COVID-19 ကပ်ရောဂါကာလအတွင်း အဓိကစီမံကိန်းများကို အရှိန်မြှင့်တင်ကူညီရန် ပြည်နယ်အစိုးရမှ တင်သွင်းထားသည့် အနောက်ဩစတြေးလျ၏ အမြန်လမ်းကြောင်းစီမံကိန်းမှတစ်ဆင့် အဆိုပြုမည်ဖြစ်သည်။ အောက်တိုဘာလ (သို့) နိုဝင်ဘာလတွင် စတင်တည်ဆောက်မည်ဆိုပါက အနောက်ဩစတြေးလျ၏ ထောက်ပံ့ရေးအခက်အခဲများနှင့် အလုပ်သမားရှားပါးမှုဆိုင်ရာ စိန်ခေါ်မှုများကြောင့် (၁၈) လအကြာမှ အပြီးသတ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

……………………………………………………………………………………………

## ဂျာမနီနိုင်ငံ Global Foods Trading GmbH ကုမ္ပဏီနှင့် မြန်မာနိုင်ငံ ကောင်းရန့်ကုမ္ပဏီတို့အကြား အွန်လိုင်းတွေ့ဆုံဆွေးနွေး

ဂျာမနီနိုင်ငံရှိ Global Foods Trading GmbH (GFT) ကုမ္ပဏီနှင့် မြန်မာနိုင်ငံရှိ ကောင်းရန့်ကုမ္ပဏီတို့အကြား အွန်လိုင်း(zoom) တွေ့ဆုံဆွေးနွေးခြင်းကို ၁၁.၅.၂၀၂၂ ရက်နေ့တွင် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ GFT ကုမ္ပဏီသည် အိန္ဒိယလူမျိုးပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ဂျာမနီနိုင်ငံတွင် အာရှဒေသမှစားသောက်ကုန်နှင့် အခြားလူသုံးအိမ်သုံးပစ္စည်းများကို ဥရောပဈေးကွက်တွင် ဦးဆောင်တင်သွင်းဖြန့်ဖြူးသူ အဖြစ်လုပ်ကိုင် ဆောင်ရွက်နေသူ ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ Cashew Nuts အားစိတ်ဝင်စားမှုရှိ၍ ဝယ်ယူရရှိနိုင်မှု အခြေအနေကို မေးမြန်းစုံစမ်းလာခြင်းအပေါ် မြန်မာနိုင်ငံရှိ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်တင်ပို့နေသောကောင်းရန့်ကုမ္ပဏီ၏ အချက်အလက်များပေးပို့၍ ချိတ်ဆက်ပေးပြီး Cashew Nuts အပြင် အခြားလယ်ယာထွက်ကုန် ပစ္စည်းများကို မိတ်ဆက်ဆွေးနွေးနိုင်ရန်အတွက် နှစ်ဘက်ကုမ္ပဏီအကြား အွန်လိုင်းတွေ့ဆုံ ဆွေးနွေးခြင်းကို စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ GFT ကုမ္ပဏီဘက်က မန်းနေးဂျင်းဒါရိုက်တာ Mr.Manav Bhandari တက်ရောက်၍ ကောင်းရန့်ကုမ္ပဏီဘက်က မန်းနေးဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးသံမှူးက ကုမ္ပဏီနှစ်ခုတို့အကြား လက်ရှိထုတ်ကုန်အချက်အလက်များအား ဆွေးနွေးပွဲမတိုင်မီကပင် ကြိုတင်လေ့လာထားကြပြီးဖြစ်၍ GFT ကုမ္ပဏီအတွက် ကောင်းရန့်ကုမ္ပဏီမှ Cashew Nuts အပြင် အခြားထုတ်ကုန်များသည်လည်း ဥရောပဈေးကွက် အလားအလာရှိနိုင်မည်ဟု ထင်မြင်ပါကြောင်း၊ ဈေးကွက်လိုအပ်ချက်များကိုလည်း သိရှိလိုပြီး နှစ်ဘက်ပွင့်လင်းစွာဆွေးနွေးကြစေလိုကြောင်း ဖိတ်ခေါ်ဆွေးနွေးပါသည်။ မြန်မာနိုင်ငံရှိအခြား စိုက်ပျိုးရေးနှင့်စားသောက်ကုန်များကိုလည်း GFT ကုမ္ပဏီ၏ ထုတ်ကုန်အမယ်များစာရင်းတွင် ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် သီးခြားပေးပို့ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

GFT ကုမ္ပဏီက အစည်းအဝေးစီစဉ်ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ထုတ်ကုန်အများစုကို ဥရောပဈေးကွက်တွင်စားသောက်ဆိုင်များသို့ ဖြန့်ဖြူးနေကြောင်း၊ မိမိတို့အနေဖြင့် ကောင်းရန့်ကုမ္ပဏီ၏ ထုတ်ကုန်အချက်အလက်များကို လေ့လာပြီးဖြစ်၍ ထုတ်ကုန်အများစုမှာ မိမိတို့ထုတ်လုပ် ဖြန့်ဖြူးနေသော ထုတ်ကုန်များစာရင်းတွင် ပါဝင်ပြီး စိတ်ဝင်စားဘွယ်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် မေလအတွင်းပြုလုပ်မည့် THAIFEX ပြပွဲတွင် ပါဝင်ပြသရန်အစီအစဉ်ရှိကြောင်း၊ ဦးစွာ Cashew Nuts (Broken)၏ အမျိုးအမည်၊ အရွယ်အစား၊ ဓါတ်ပုံများနှင့် FOBဈေးနှုန်းအပါအဝင် အချက်အလက်များကို ပေးပို့စေလိုပြီး ဆက်လက်၍ နမူနာထုတ်ကုန်များရရှိလိုကြောင်း၊ ဆွေးနွေးမှု

များအားလုံး အဆင်ပြေပါက နှစ်ဘက်လုပ်ငန်းများ စတင်ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ အခြား ထုတ်ကုန်များကိုလည်း အလားတူပေးပို့စေလိုကြောင်း၊ လက်ရှိတင်ပို့နေသော အခြားဈေးကွက်များ ကိုလည်း သိရှိလိုကြောင်း၊ ဆွေးနွေးပါသည်။

ကောင်းရန့်ကုမ္ပဏီက မိမိတို့သည် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်နှင့် စားသောက်ကုန်များကို ထုတ်လုပ်တင်ပို့နေပြီး စင်္ကာပူနိုင်ငံတွင်လည်း ရုံးခွဲထားရှိကြောင်း၊ ခတ်ပုံနှင့် နမူနာထုတ်ကုန်များ ပို့ပေးနိုင်ပြီး လိုအပ်သည့် Certificate အမျိုးအစားကို သိရှိလိုကြောင်း၊ လက်ရှိတွင် Fumigation နှင့် phytosanitary certificate များရရှိနိုင်ကြောင်း၊ Specification လိုအပ်ချက်လည်း သိရှိလိုကြောင်း၊ လက်ရှိ ဆန်နှင့် ဆန်ကွဲတို့ကို ဥရောပဈေးကွက်သို့ တင်ပို့နေကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်နေသဖြင့် Trading တစ်ခုတည်းသာမက Supply Chain business ပိုင်းတွင်လည်း ဖြစ်နိုင်လျှင် one time business မဟုတ်ဘဲ long term business အနေဖြင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ မိမိတို့တွင် အော်ဂဲနစ်ခတ်မြေသြဇာစက်ရုံရှိပြီး အော်ဂဲနစ်စိုက်ပျိုးရေးလုပ်ငန်းကိုလည်း လုပ်ကိုင်နေကြောင်း စသည်ဖြင့် ဆွေးနွေးပါသည်။

ဆွေးနွေးချက်များအရ ကုမ္ပဏီနှစ်ခုအကြား Cashew Nuts ထုတ်ကုန်အသေးစိတ်အချက် အလက်များနှင့် နမူနာထုတ်ကုန်များပေးပို့ကာ အခြားဈေးကွက်ဝင်ရောက်နိုင်မည့် ထုတ်ကုန်များနှင့် Supply Chain business အပါအဝင်ရေရှည်ပူးပေါင်းမှုအတွက် လိုအပ်သည်များဆက်လက် ဆွေး နွေးသွားကြမည်ဖြစ်ပြီး စီးပွားရေးသံမှူးအနေနှင့် GFT ကုမ္ပဏီနှင့် အခြားမြန်မာကုမ္ပဏီများ နှင့်လည်း မိတ်ဆက်ဆွေးနွေးနိုင်ရေးအတွက် ဆက်လက် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

GFT ကုမ္ပဏီသည် ၁၉၈၀ ခုနှစ် လောက်ကတည်းက ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် Cash and Carry Store လုပ်ငန်းဖြင့် အာရှဒေသထွက်ကုန်များ ရောင်းဝယ်ခြင်းလုပ်ငန်းကို စတင်လုပ် ကိုင်ခဲ့ပြီး လုပ်ငန်းများအဆင့်ဆင့်ချဲ့ထွင် လုပ်ကိုင်ခဲ့ရာ ယခုအခါ ထုတ်ကုန်အမယ်ပေါင်း (၄၀၀၀) ကျော်ကို ဥရောပနိုင်ငံပေါင်း (၂၉) နိုင်ငံသို့ တင်ပို့ဖြန့်ဖြူးလျှက်ရှိပြီး အိန္ဒိယနိုင်ငံနှင့် ဂျာမနီ(ရုံးချုပ်)၊ နယ်သာလန်၊ စပိန်၊ ပြင်သစ်၊ ယူကေနိုင်ငံတို့တွင် ထုတ်လုပ်ဖြန့်ဖြူးရေးစင်တာများ ရှိပါသည်။ GFT ကုမ္ပဏီ၏ အသေးစိတ်အချက်အလက်များကို www.gftonline.de တွင် ဝင်ရောက်လေ့လာနိုင်ပါ သည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

## Morgan Stanley Investment Bank ၏ ပြောကြားချက်အရ ဟောင်ကောင်ဒေသ၏ စီးပွားရေး ပြန်လည်နာလန်ထူလာနိုင်ကြောင်း

ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ယခုလသုံးလပတ်အတွင်း ပြန်လည်နာလန်ထူလာနိုင်ပြီး ၂၀၂၂ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှု (၀.၅) ရာခိုင်နှုန်းရှိနိုင်သည်ဟု Morgan Stanley Investment Bank ကခန့်မှန်းထားကြောင်း ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Hong Kong Recoverning says Morgan Stanley" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ Morgan Stanley Investment Bank က ပြောကြား ရာတွင် ငွေကြေးအချက်အချာကျသည့် ဟောင်ကောင်ဒေသ၏ စီးပွားရေးတိုးတက်မှုမှာ ယခင်နှစ်က (၄) ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်၊ ပထမသုံးလပတ်တွင် လျော့ကျခဲ့သော်လည်း တစ်ဖြေးဖြေးချင်းပြန်လည်နာလန်ထူလာနိုင်မည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ ယခုနှစ်အစောပိုင်းနှင့် နှိုင်းယှဉ်လျှင် ဒုတိယသုံးလပတ်တွင် စီးပွားရေး (၀.၄) ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း၊ သို့ဖြစ်ရာ စီးပွားရေးတိုးတက်မှု အရှိန်မြင့်တက်နိုင်ပြီး ယခုနှစ် ဒုတိယ သုံးလပတ်တွင် (၂.၆) ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်၊ တစ်နှစ်လုံးစာအတွက် (၀.၅) ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

တရုတ်ပြည်မကြီးနှင့် Quarantine နေထိုင်ရန်မလိုအပ်သည့် ခရီးသွားလာမှုများ ပြန်လည်ဖွင့်လှစ်နိုင်ပါက လာမည့် ၂၀၂၃ ခုနှစ်တွင် ဟောင်ကောင်ဒေသ၏ စီးပွားရေးသည် (၄.၅) ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း၊ စားသုံးမှုနှုန်းမှာ ယခင်နှစ်က(၅.၄) ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်၊ ပထမသုံးလပတ်တွင် လျော့ကျခဲ့ပြီး ပြန်လည်နာလန်ထူနိုင်ရန် ခန့်မှန်းထားကာ ၂၀၂၂ ခုနှစ်၊ ဒုတိယသုံးလပတ်တွင် (၁) ရာခိုင်နှုန်းနှင့် ဒုတိယနှစ်ဝက် အတွင်းတွင် (၀.၆) ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း၊ သို့သော် တရုတ်ပြည်မကြီးမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု လုံးဝကင်းစင်သည့် မူဝါဒအား စတုတ္ထသုံးလပတ်မတိုင်မီ ပြောင်းလဲခြင်းမရှိပါက စီးပွားရေး ပြန်လည်နာလန်ထူမှုမှာ ဆက်လက်နှေးကွေးလျက်ရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များအား လာမည့် တတိယသုံးလပတ်အထိ ပြောင်းလဲခြင်း မရှိပါက ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များအား နှောင့်နှေးကြန့်ကြာနိုင်ပြီး ဟောင်ကောင်ဒေသ၏ ကုန်သွယ်ရေးအပေါ် သက်ရောက်မှုများ ရှိနိုင်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားလျော့ကျမှု၊ အတိုးနှုန်းမြင့်တက်မှုနှင့် ပထဝီနိုင်ငံရေး တင်းမာမှုများကြောင့် ဟောင်ကောင်ဒေသ၏ ပို့ကုန်တင်ပို့မှုအပေါ် ဖိအားများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ပြင် ၂၀၁၉ ခုနှစ်၊ မေလမှ စတင်၍ ပထမဆုံးအကြိမ်အနေဖြင့် အမေရိကန်ဒေါ်လာတန်ဖိုးနှုန်း မြင့်တက်လာမှုနှင့် အမေရိကန်နိုင်ငံမှ ဟောင်ကောင်ဒေသ၏ ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ ပြင်းထန်သည့် ကန့်သတ်ဟန့်တားမှုများကြောင့် ဟောင်ကောင်ဒေါ်လာဈေး ကျဆင်းလာသဖြင့် ငွေလဲလှယ်နှုန်း

သတ်မှတ်ချက်မှ အားပျော့လာကြောင်း၊ ထို့ပြင် အမေရိကန်နိုင်ငံ၌ ငွေကြေးဖောင်းပွမှုမှာ မျှော်မှန်းထားသည်ထက် လျင်မြန်လာသောကြောင့် ဒေါ်လာဈေး မြင့်တက်လာပြီး အခက်အခဲ အမျိုးမျိုးဖြင့် ရင်ဆိုင်ရလျက်ရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………………………..

## ဗြိတိန်ငွေကြေး စတာလင်ပေါင် ကျဆင်းလာမှုကြောင့် ဟောင်ကောင်ဒေသခံများအနေဖြင့် ဗြိတိန်နိုင်ငံ၌ အိမ်ခြံမြေများ ပိုမိုဝယ်ယူလာမည်ဖြစ်ကြောင်း

ဗြိတိန်ငွေကြေး စတာလင်ပေါင် (Pound sterling) တန်ဘိုး လျော့နည်းကျဆင်းလာမှုကြောင့် လာမည့်လများအတွင်း ဟောင်ကောင်ဒေသခံများအနေဖြင့် ဗြိတိန်နိုင်ငံရှိ လန်ဒန်နှင့် အခြားသောမြို့ကြီးများ၌ အိမ်ခြံမြေများ ပိုမိုဝယ်ယူလာမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့ထုတ် South China Morning သတင်းစာ၌ "Hongkongers to buy more homes as pound falls" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ စတာလင်ပေါင် ငွေကြေးကျဆင်းမှု (၂) နှစ်နီးပါး ရှိပြီဖြစ်ရာ ဗြိတိန်နိုင်ငံ၏ စီးပွားရေးအား နှေးကွေးစေလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အတိုးနှုန်း မြင့်မားနေသော်လည်း ဟောင်ကောင်ဒေသခံများ အနေဖြင့် အိမ်ခြံမြေများ ဝယ်ယူမည်ကို တွေ့ရှိရကြောင်း၊ စတာလင်ပေါင်ငွေကြေးမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှ စတင်၍ အနိမ့်ဆုံး အခြေအနေသို့ ရောက်ရှိလျက်ရှိကြောင်း၊ စတာလင်ပေါင်ငွေကြေးတန်ဘိုး သိသာစွာ ကျဆင်းမှုသည် ဗြိတိန်နိုင်ငံ၌ အိမ်ခြံမြေများဝယ်ယူရန် ဟောင်ကောင်ဒေသမှ ဝယ်ယူသူများအား ဆွဲဆောင်လျက်ရှိကြောင်း၊ စတာလင်ပေါင်ငွေကြေးမှာ (၅) ရာခိုင်နှုန်းနှင့်အထက် ကျဆင်းလျက်ရှိသောကြောင့် လန်ဒန်၌ အိမ်ဝယ်ရန်နှင့် ပတ်သက်၍ ဟောင်ကောင်မှ ဝယ်ယူသူများ၏ စုံစမ်းမေးမြန်းမှုများမှာ (၁၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

British National (Overseas) passport ကိုင်ဆောင်ထားသည့် ဟောင်ကောင်ဒေသခံများအတွက် Fast track residency အား ၂၀၂၁ ခုနှစ်က စတင်ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါလျှောက်ထားသူများသည် ဗြိတိန်နိုင်ငံ၌ အိမ်ခန်းများဝယ်ယူရန် ရည်ရွယ်လျက်ရှိကြောင်း၊ လာမည့်လများအတွင်း စတာလင်ပေါင် ငွေကြေးကျဆင်းနိုင်ပြီး ဗြိတိန်နိုင်ငံ၏ စီးပွားရေးကျဆင်းနိုင်မည်ဟု ခန့်

မှန်းထားကြောင်း၊ သို့သော် ဗြိတိန်ငွေကြေးအာဏာပိုင်မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ စတုတ္ထအကြိမ်အနေဖြင့် အတိုးနှုန်းတိုးမြှင့်ခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံ၌ အတိုးနှုန်း မြင့်တက်လျက်ရှိသော်လည်း အချို့မှာ အိမ်ခန်းများ ဝယ်ယူလျက်ရှိကြောင်း၊ စတာလင်ပေါင်ငွေကြေး ကျဆင်းမှုကြောင့် ဟောင်ကောင်ဒေသခံများမှလည်း ဗြိတိန်နိုင်ငံ၌ အိမ်ခန်းများ ပိုမိုဝယ်ယူရန် ဆွဲဆောင်လျက်ရှိကြောင်း၊ ဗြိတိန်၌ စတာလင်ပေါင်ငွေကြေး ကျဆင်းသည်နှင့်အမျှ အတိုးနှုန်းမြင့်မားလျက်ရှိကြောင်း၊ ဗြိတိန်နိုင်ငံမှ ငွေကြေးအာဏာပိုင်များ အနေဖြင့် ကုန်စျေးနှုန်း မြင့်တက်မှုနှင့် စီးပွားရေးဖိအားများအကြား ချိန်ညှိဆောင်ရွက်လျက်ရှိရာ လာမည့်လအတွင်း အတိုးနှုန်း ဆက်လက်မြင့်တက်နိုင်မည် မဟုတ်ကြောင်း၊ သို့သော် Bank of England မှ အတိုးနှုန်းတိုးမြှင့်ပါက စတာလင်ပေါင်ငွေကြေး ကျဆင်းရန် ဖိအားများ ပိုမိုဖြစ်ပေါ်နိုင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.....................................................................................................

**ထိုင်းကုမ္ပဏီများအနေဖြင့် ဆော်ဒီအာရေဗျသို့**
**တရားဝင်ကုန်သွယ်ရေးမစ်ရှင်အဖြစ် သွားရောက်ခြင်း**

ထိုင်းကုန်သည်ကြီးများအသင်းအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများပြန်လည်၍ ထူထောင်နိုင်ရန်အတွက် ဆော်ဒီအာရေဗျနိုင်ငံသို့(၃၂) နှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ်မေလ(၁၅) ရက်နေ့မှ (၁၈) ရက်နေ့အထိ စီးပွားရေးကိုယ်စားလှယ်အဖွဲ့များကို ဦးဆောင်၍ သွားရောက်ရန် စီစဉ်ခဲ့ကြောင်း သိရှိရပါသည်။

ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Sanan Angubolkul ၏ အဆိုအရ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် ကုန်သွယ်ရေးမစ်ရှင်အဖွဲ့အား ထိုင်းနိုင်ငံခြားရေးဝန်ကြီး Din Pramudwinai က ဦးဆောင်၍ Riyadh, Al-Ula နှင့် Jeddah မြို့များသို့အလည်အပတ် သွားရောက်လိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

လယ်ယာစိုက်ပျိုးရေး၊ အစားအစာ၊ စွမ်းအင်၊ ဓါတုဗေဒ၊ အိမ်ခြံမြေ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ကား၊ လေကြောင်း၊ နည်းပညာ၊ ဒီဂျယ်တယ်၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ၊ ခရီးသွား၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးနှင့် လူသုံးကုန်ပစ္စည်းများနှင့် ဆောက်လုပ်

ရေးစသည့် အမျိုးမျိုးသောကဏ္ဍများမှ ထိုင်းထိပ်တန်းကုမ္ပဏီကြီးများမှ အမှုဆောင်အရာရှိ(၃၈) ဦးတို့သည် ကုန်သွယ်ရေးမစ်ရှင်အဖွဲ့တွင် ပါဝင်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ ခရီးစဉ်မှာ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ၏ ယခုနှစ်ဇန်နဝါရီလတွင် ဆော်ဒီအာရေဗျနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်လည်ပတ်ခဲ့ပြီးနောက် ဆယ်စုနှစ်သုံးစုကျော်ကြာ ရပ်တန့်ခဲ့သည့် သံတမန်ဆက်ဆံရေးကို အပြည့်အဝပြန်လည်ထူထောင်ရန် ထိုင်းနှင့် ဆော်ဒီအာရေဗျတို့ကြား သဘောတူညီမှုရရှိခဲ့ပြီးနောက် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

Mr. Sanan ၏အဆိုအရ ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် ဆော်ဒီအာရေဗျရင်းနှီးမြှုပ်နှံမှုဝန်ကြီးတို့အနေဖြင့် ဆော်ဒီ-ထိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို (၁၆.၅.၂၀၂၂) ရက်နေ့တွင် ကျင်းပကြမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံပုဂ္ဂလိကကဏ္ဍများအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးများ တည်ဆောက်နိုင်ကြစေရန်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းကုန်သည်ကြီးများအသင်းနှင့် ဆော်ဒီဖက်မှအပါအဝင် နှစ်နိုင်ငံအစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍများအနေဖြင့် နားလည်မှုစာချွန်လွှာ(MOU) များကိုလည်း လက်မှတ်ရေးထိုးကြရန် စီစဉ်ထားကြောင်းသိရှိရပါသည်။ (၁၆.၅.၂၀၂၂) ရက်နေ့မွန်းလွဲပိုင်းတွင် နှစ်နိုင်ငံ ကဏ္ဍအသီးသီးမှ ကုမ္ပဏီကြီးများအနေဖြင့် Business- Business တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်သွားရန် စီစဉ်ခဲ့ကြောင်း သိရှိရပါသည်။

ဆော်ဒီအာရေဗျသည် တူရကီပြီးပါက ဒေသတွင်းတွင် ထိုင်းနိုင်ငံ၏ ဒုတိယအကြီးမားဆုံးဈေးကွက်ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ ဘတ်ငွေ(၂၄၁) ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းတွင်ပို့ကုန်တင်ပို့မှုအနေဖြင့် ဘတ်ငွေ(၅၃.၉) ဘီလီယံပါဝင်ပြီး သွင်းကုန်တင်သွင်းမှုအနေဖြင့် ဘတ်ငွေ(၁၈၇) ဘီလီယံရှိကြောင်း သိရှိရပါသည်။

ထိုင်းကုန်သည်ကြီးများအသင်းအနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှု အပြည့်အဝစတင်သည်နှင့် ဆော်ဒီအာရေဗျသို့ ပို့ကုန်တင်ပို့မှု(၂.၂%) တိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း၊ ယခင်က စုစုပေါင်းပြည်ပတင်ပို့မှုထက်(၀.၆%) ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အလားအလာရှိသည့်ပို့ကုန်များတွင် မော်တော်ကားနှင့် မော်တော်ကားအစိတ်အပိုင်းများ၊ စားသောက်ကုန်နှင့် ပြုပြင်ထားသော အစားအစာများ၊ စက်ယန္တရားများနှင့် လျှပ်စစ်ပစ္စည်းများ ပါဝင်ကြကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထိုင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ်တွင် ဘတ်ငွေ(၂၈၀) ဘီလီယံအထိရှိလာနိုင်ကြောင်း၊ ၎င်းမှာယခင်နှစ်ကထက်(၂၀.၃%) တိုးတက်လာနိုင်ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နောက်ဆုံးခန့်မှန်းချက်များအရ သိရှိရပါသည်။ စုစုပေါင်းပို့ကုန်မှာ ဘတ်ငွေ(၅၄.၇) ဘီလီယံရှိနိုင်ကြောင်း၊ ၎င်းမှာ(၆.၂%) တိုးလာနိုင်ခြင်းဖြစ်ကြောင်းနှင့် သွင်းကုန်မှာဘတ်ငွေ(၂၂၆) ဘီလီယံရှိနိုင်ကာ(၂၄.၃%) တိုးလာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

အရှေ့ပိုင်းစီးပွားရေးစင်္ကြံ( EEC ) ရုံးသည် ကုန်သွယ်ရေးမစ်ရှင်တွင် ပါဝင်လိမ့်မည်ဖြစ်ကြောင်း ၎င်းမှာ ကပ်ရောဂါဖြစ်ကတည်းက EEC ၏ ပထမဆုံးသောပြည်ပပြပွဲတွင် ပါဝင်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ EEC ၏ အထွေထွေအတွင်းရေးမှူးချုပ် Kanit Sangsubhan ၏အဆိုအရ အေဂျင်စီအနေဖြင့် အဆင့်မြင့်နည်းပညာ၊ R&D၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို အဓိက ဦးတည်ချက်ထားလိမ့်မည်ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများအနေဖြင့် ကမ္ဘောဒီးယား၊ မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများသို့ ပို့ကုန်ဈေးကွက်အဖြစ်ဝင်ရောက်ရန် အခွင့်အလမ်းများ ရှိနေသည်ကို ဆော်ဒီလုပ်ငန်းရှင်များအား ရှင်းလင်းပြသလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အာဆီယံဈေးကွက်များအတွက် ထိုင်းနိုင်ငံအား ထုတ်လုပ်မှုအခြေစိုက်စခန်းအဖြစ် ထူထောင်နိုင်မည်ဖြစ်ကြောင်း(သို့မဟုတ်) ဒေသတွင်းရုံးချုပ်တစ်ခုအဖြစ်တည်ထောင်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် စမတ်မော်တော်ကားများနှင့် စွမ်းအင်အပါအဝင် ဆော်ဒီအာရေဗျ၏ ကဏ္ဍအားလုံးမှ ရင်းနှီးမြှုပ်နှံမှုများအပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလာစေရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

.............................................................

## ယခုနှစ်အတွက် ထိုင်းအစားအစာ ပြည်ပတင်ပို့မှု ၅% တိုးတက်မည် ခန့်မှန်းခြင်း

ရုရှား-ယူကရိန်းပဋိပက္ခနှင့် နိုင်ငံအများအပြားတို့တွင် အစားအစာမလုံလောက်မှုအပေါ် စိုးရိမ်မှုများကြောင့် ယခုနှစ်အတွက် ထိုင်းအစားအစာပြည်ပတင်ပို့မှုအနေဖြင့် ပထမသုံးလပတ်တွင် (၂၆%) တိုးတက်ခဲ့ပြီးနောက် ယခုနှစ်တစ်နှစ်လုံးအတွက်(၅%) တိုးတက်မည်ဟု ထိုင်းအစားအစာ ပြည်ပတင်ပို့သူများက မျှော်မှန်းထားကြကြောင်း သိရှိရပါသည်။

ထိုင်းအစားအစာ ထုတ်လုပ်သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Visit Limlurcha က ရုရှား-ယူကရိန်းပဋိပက္ခကြောင့် နိုင်ငံအများအပြားတို့အနေဖြင့် အစားအစာဖူလုံရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ တိုးပွားလာကာ အစားအစာတင်သွင်းသူများအနေဖြင့်လည်း အစားအစာပြတ်လပ်မှုမရှိစေရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်လျှက်ရှိကြကြောင်း ဆိုပါသည်။

ကမ္ဘာ့အစားအစာ တင်ပို့ရောင်းချသူတစ်ဦးအနေဖြင့် ထိုင်းနိုင်ငံသည် ရုရှားယူကရိန်း ပဋိပက္ခမှ အကျိုးအမြတ်များရရှိခဲ့ကြောင်း၊ အစားအစာပြည်ပတင်ပို့သူများအနေဖြင့် ပထမသုံးလပတ်တွင် ထိုင်းဘတ်ငွေ(၃၂၄) ဘီလီယံအထိ တင်ပို့နိုင်ခဲ့ကြောင်းသိရှိရပါသည်။ ထိုင်းဘတ်ငွေအားနည်းခြင်းကလည်း ပထမသုံးလပတ်တွင် အစားအစာတင်ပို့နိုင်ခဲ့ခြင်းအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ခဲ့ကြောင်း၊ စုစုပေါင်းတင်ပို့မှုတွင် စက်မှုလုပ်ငန်းအစားအစာထုတ်ကုန်များအနေဖြင့် နှစ်အလိုက်တွင်(၄၀.၅%) တိုးတက်ခဲ့ပြီး ဘတ်ငွေ(၁၈၇) ဘီလီယံဖိုးပါဝင်ခဲ့ကြောင်း၊ လယ်ယာထုတ်ကုန်အစားအစာများအနေဖြင့် နှစ်အလိုက်တွင်(၁၀%) တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် ဘတ်ငွေ (၁၃၈) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

အများဆုံးတင်ပို့နိုင်ခဲ့သည့် ထုတ်ကုန်(၁၀) မျိုးတွင် အပင်နှင့် တိရစ္ဆာန်များမှ အဆီနှင့် စားသုံးနိုင်သောဆီများ၊ သကြား၊ တင်လဲရည်၊ အစေ့အဆန်များ၊ ပြောင်း၊ အသားများနှင့်အခြားစားသုံးနိုင်သော တိရစ္ဆာန်အစိတ်အပိုင်းများ၊ ရေဘဝဲ၊ အိမ်မွေးတိရစ္ဆာန်၊အစားအစာများ၊ ဆန်၊ ငါးနှင့် ဟင်းခတ်အမွှေးအကြိုင်များ ပါဝင်ပါသည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ဈေးကွက်များတွင် အာဆီယံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ဗြိတိန်၊ အိန္ဒိယ၊ နယ်သာလန်နှင့် ထိုင်ဝမ်တို့ပါဝင်ကြကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံအနေဖြင့် Zero Covid Policy မူဝါဒအရ အဓိကနယ်စပ်စစ်ဆေးရေးဂိတ်များကို ပိတ်လိုက်ခြင်းကြောင့် လတ်ဆပ်၊ အေးခဲနှင့် အခြောက်ခံထားသော သစ်သီးဝလံများမှလွဲ၍ အစားအစာ

ထုတ်ကုန်အများစုမှာ ပထမသုံးလပတ်တွင် တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း၊ နှစ်အလိုက်တွင် (၁၃%) တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်အတွက် အစားအစာပြည်ပတင်ပို့မှုအနေဖြင့်(၅%) တိုးတက်မည်ဟု ခန့်မှန်းခဲ့ကြောင်း၊ စီးပွားရေးပြန်လည်နာလန်ထူလာမှု၊ ကုန်သွယ်ဖက် နိုင်ငံများအကြား စီးပွားရေးဆိုင်ရာလှုပ်ရှားမှုများ တိုးတက်လာခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ကန့်သတ်ထိန်းချုပ်မှုများ၊ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် အစားအစာထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များနှောင့်နှေးမှုနှင့် စွမ်းအင်ဈေးနှုန်းကြီးမြင့်မှု၊ လယ်ယာထုတ်ကုန်ကုန်ကြမ်းစရိတ်များ၊ သယ်ယူပို့ဆောင်ရေးနှင့် ထုတ်ပိုးမှုစရိတ်စကများ စသည့်များပြားလှသည့် အန္တရာယ်ရှိသည့်အချက်များစွာ ကျန်ရှိနေသေးကြောင်း သိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

## ၂၀၂၂ ခုနှစ်၊ မတ်လအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

အီတလီနိုင်ငံ၊ ရောမမြို့အခြေစိုက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့( Food and Agriculture Organization- FAO) မှ ၂၀၂၂ ခုနှစ်၊ မတ်လအတွက် စာနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (FAO Food price Index-FFPI) သည် ပျမ်းမျှ ၁၅၉.၃ မှတ်သို့ ရောက်ရှိခဲ့ရာ ဖေဖော်ဝါရီလထက် ၁၇.၉ မှတ် မြင့်တက်ခဲ့သဖြင့် ၁၉၉၀ ခုနှစ်၊ နှစ်စပိုင်းမှစတင်၍ အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ သကြားနှင့် နို့ထွက်ပစ္စည်းအပါအဝင် ဟင်းသီးဟင်းရွက်ဆီ၊ နံစားသီးနှံနှင့် အသားဈေးနှုန်းတို့သည်လည်း မတ်လတွင် သိသာစွာမြင့်တက်ခဲ့ပါသည်။

နံစားသီးနှံညွှန်းကိန်း (FAO Cereal price Index) သည် ၂၀၂၂ ခုနှစ်၊ မတ်လတွင် ပျမ်းမျှ ၁၇၀.၁ မှတ်သို့ရောက်ရှိခဲ့ပြီး၊ ဖေဖော်ဝါရီလထက် ၂၄.၉ မှတ်သို့ မြင့်တက်ခဲ့ခြင်းမှာ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ပို့ကုန်တင်ပို့မှု ပြတ်လပ်ခြင်းကြောင့်ဖြစ်ပါသည်။ ဟင်းရွက်ဆီဈေးနှုန်းညွှန်းကိန်း (FAO Vegetable Oil price Index) သည် မတ်လတွင် ပျမ်းမျှ ၂၄၈.၆ မှတ် ရောက်ရှိခဲ့ပြီး၊ ဖေဖော်ဝါရီလထက် ၄၆.၉ မှတ် မြင့်တက်ခဲ့ပါသည်။ နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်းညွှန်းကိန်း (FAO Diary

price Index) သည် မတ်လတွင် ပျမ်းမျှ ၁၄၅.၂ မှတ်သို့ ရောက်ရှိခဲ့ပြီး၊ ဖေဖော်ဝါရီလထက် ၃.၇ မှတ် မြင့်တက်ခဲ့ရာ (၇)လဆက်တိုက် သိသိသာသာမြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။

အသားဈေးနှုန်းညွှန်းကိန်း (FAO Meat price Index) သည် ၂၀၂၂ ခုနှစ်၊ မတ်လတွင် ပျမ်းမျှ ၁၂၀.၀ မှတ်သို့ရောက်ရှိခဲ့ပြီး၊ ဖေဖော်ဝါရီလထက် ၅.၅ မှတ် မြင့်တက်ခဲ့ပါသည်။ သကြားဈေးနှုန်းညွှန်းကိန်း (FAO Sugar price Index) သည် မတ်လတွင် ပျမ်းမျှ ၁၁၇.၉ မှတ်သို့ ရောက်ရှိခဲ့ပြီး၊ ဖေဖော်ဝါရီလထက် ၇.၄ မှတ် မြင့်တက်ခဲ့၍ ကမ္ဘာ့သကြားဈေးနှုန်း မြင့်တက်ခြင်း၏ အဓိကအကြောင်းအရင်းမှာ ကမ္ဘာ့ရေနံဈေးနှုန်း တစ်ဟုန်ထိုး မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး
ရောမမြို့

……………………………………………………………………………………………………

Agribusiness & Trade

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

## စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၀/ ၂၀၂၂) ၂၀၂၂ ခုနှစ်၊ မေလ(၂၆) ရက်

| ၂၆-၅-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၉၇၇.၃ |
| စင်္ကာပူဒေါ်လာ | ၁၃၄၅.၇ |
| စတာလင်ပေါင် | ၂၃၂၆.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၄၅၉.၂ |
| တရုတ်ယွမ် | ၂၇၄.၈၆ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၆၈ |
| အိန္ဒိယရူပီး | ၂၃.၈၃၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၆.၁၉ |
| မလေးရှား ရင်းဂစ် | ၄၂၀.၆၅ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၃၂၅ |
| ထိုင်းဘတ် | ၅၄.၀၅၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၇၀၅ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


### သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဂျပန်နိုင်ငံတွင် သြစတြေးလျ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ယှဉ်ပြိုင်မှု မြင့်တက်လာခြင်း

➢ တရုတ်နိုင်ငံတွင် ကော်ဖီရေပန်းစားမှုက သြစတြေးလျ ကော်ဖီတင်ပို့မှု အခွင့်အလမ်းကို ဖြစ်ပေါ်စေခြင်း

➢ စားသောက်ကုန်ဈေးနှုန်း ကြီးမြင့်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ပို့ကုန် ကန့်သတ်ချက်များ မြင့်တက်လာခြင်း

- **အထွေထွေသတင်းများ**

➢ ဂျာမနီနိုင်ငံတွင် ဘီယာပုလင်းခွံထုတ်လုပ်မှုများ အခက်အခဲဖြစ်ပေါ်နိုင်ခြင်း

➢ အီးယူဒေသအတွင်း စီးပွားရေးတိုးတက်မှုနှုန်းနှင့် ငွေကြေးဖောင်းပွမှုအခြေအနေ

➢ အီးယူဒေသတွင်း စွမ်းအင်လုံလောက်မှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှု

## ဂျပန်နိုင်ငံတွင် ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ယှဉ်ပြိုင်မှု မြင့်တက်လာခြင်း

လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် အသစ်များသည် ဂျပန်နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးကုန်စည်အချို့အတွက် ဩစတြေးလျ၏ အကောက်ခွန်နှုန်းဆိုင်ရာ အားသာချက်များကို လျော့ကျစေရာ ယခုအခါ ဩစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ယခင်ကထက် ပိုအရေးကြီးလာကြောင်း သိရှိရသည်။

ဩစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ယုံကြည်စိတ်ချရသော ထောက်ပံ့မှုကိုထိန်းသိမ်းထားရန်၊ အစားအစာဘေးကင်းရေးနှင့် အရည်အသွေးသေချာမှုရှိစေရန်နှင့် ထူထောင်ထားသောလုပ်ငန်းချိတ်ဆက်မှုများကို တိုးပွားစေခြင်းဖြင့် ပို့ကုန်စဉ်ဆက်မပြတ်တင်ပို့မှုကို ထိန်းသိမ်းနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

သဘောတူစာချုပ်အသစ်များဖြစ်သည့် ဩစတြေးလျ-အိန္ဒိယ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နှင့် ဩစတြေးလျ-ဗြိတိန် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များသည် ဩစတြေးလျ၏ စိုက်ပျိုးရေးကုန်သွယ်မှု တိုးတက်မှုကိုအထောက် အကူဖြစ်စေနိုင်ကြောင်း သိရှိရသည်။ သို့သော်လည်း အနာဂတ်တိုးတက်မှုသည် ဂျပန်နိုင်ငံကဲ့သို့ တည်ထောင်ထားပြီးဖြစ်သည့် ဈေးကွက်များနှင့် ဆက်ဆံရေးခိုင်မာစေရန် နည်းလမ်းအသစ်များကို ရှာဖွေရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

သဘောတူညီချက်အသစ်များ၏ အကောက်ခွန်အစီအစဉ်ဇယားများအရ ဂျပန်နိုင်ငံတွင် ဩစတြေးလျ၏ အကောက်ခွန်နှုန်းထား အားသာချက် လျော့နည်းလာသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်သက်ဝင်ခဲ့သည့် ဂျပန်-ဩစတြေးလျ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်(JAEPA) သည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် အကောက်ခွန်နှုန်းထားလျှော့ချ၊ ပယ်ဖျက်မှုများက ဩစတြေးလျ တင်ပို့သူများအတွက် အခြားတင်ပို့သူများနှင့် ယှဉ်ပြိုင်အားသာမှုကို ဖြစ်ပေါ်စေကြောင်း သိရှိရသည်။

JAEPA သည် ဩစတေးလျ ပို့ကုန်လုပ်ငန်းရှင်များကို ဩစတြေးလျ၏ အကြီးဆုံး စိုက်ပျိုးမွေးမြူရေးပို့ကုန် (၃) ခုဖြစ်သည့် အမဲသား၊ ဒိန်ခဲနှင့် ဝိုင်တို့အတွက် ယှဉ်ပြိုင်နိုင်သည့် အခွင့်ကောင်းပေးစွမ်းခဲ့သည်။ သို့သော်လည်း ဂျပန်နိုင်ငံ၏ FTAs အသစ်များကြောင့် ဤထုတ်ကုန်များအတွက်

Agribusiness & Trade

ဩစတြေးလျနိုင်ငံ၏အကောက်ခွန်နှင့် ခွဲတမ်းနှုန်း အားသာချက်များမှာ လျော့နည်းလာကြောင်း သိရှိရသည်။

ဂျပန်၏ မကြာသေးမီက အမေရိကန်နှင့် Comprehensive and Progressive Agreement for Trans–Pacific Partnership (CPTPP) အဖွဲ့ဝင်များနှင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များ (FTAs) တွင် အမဲသားအတွက် အခွန်နှုန်းထားများမှာ JAEPA ထက်နည်းပါးသည်။ ဩစတြေးလျပို့ကုန်လုပ်ငန်းရှင်များသည် CPTPP အရ တန်းတူညီမျှစွာ ဝင်ရောက်ခွင့်ရှိသော်လည်း ဩစတြေးလျသည် ၎င်း၏ အဓိကပြိုင်ဘက်များထက် အကောက်ခွန် အသာစီးရနိုင်ခြင်း မရှိတော့ကြောင်းသိရှိရသည်။

၂၄–၃–၂၀၂၂ ရက်နေ့တွင် ဂျပန်–အမေရိကန် ကုန်သွယ်ရေး သဘောတူစာချုပ် (Japan–United States Trade Agreement– JUSTA)အရ အမဲသားအတွက် အကာအကွယ်ကို ပြင်ဆင်ရန် သဘောတူညီချက်တစ်ခုရရှိခဲ့ရာ အစီအမံအသစ်များသည် မြင့်မားသောအခွန်စည်းကြပ်မှု အန္တရာယ်ကိုလျှော့ချခြင်းဖြင့် ဂျပန်နိုင်ငံရှိ အမေရိကန် အမဲသား၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြင့်စေကြောင်း သိရှိရသည်။

ဂျပန်အမဲသားဈေးကွက်ရှိ ဩစတြေးလျ၏ဝေစုသည် ပမာဏအားဖြင့် ၂၀၁၈ တွင် ၅၁.၃ % မှ ၂၀၂၁ ခုနှစ်တွင် ၄၀.၁ % သို့လျော့ကျသွားသည်။ ၎င်းမှာ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန်နှင့် မက္ကဆီကိုနိုင်ငံတို့မှ ပြိုင်ဆိုင်မှုတိုးမြင့်လာခြင်းနှင့် ဩစတြေးလျလယ်သမားများ၏ နွားများကိုပြန်လည်စုဆောင်းခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရှိရသည်။

ဩစတေးလျအမဲသားသည် ဂျပန်နိုင်ငံတွင် အထူးသဖြင့် လက်လီရောင်းချမှုကဏ္ဍတွင် အလွန်အမင်း ရေပန်းစားလျက်ရှိနေသည်။ COVID–19 ကပ်ရောဂါကို ဖြေလျှော့ပေးခြင်းဖြင့် အမဲသားဝယ်လိုအားကို ပိုမိုပံ့ပိုးပေးမည်ဖြစ်သော်လည်း ဂျပန်အမဲသားဈေးကွက်သည် လာမည့်နှစ်များတွင် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ဒိန်ခဲတွင်လည်း JAEPA အပြင် အီးယူ၊ နယူးဇီလန်နှင့် အမေရိကန်နိုင်ငံတို့က ဂျပန် နိုင်ငံသို့ တင်ပို့မှုအတွက် ကုန်သွယ်ရေး သဘောတူညီချက်များအရ ကောင်းမွန်သောဈေးကွက် ဝင်ခွင့်ရရှိထားပြီးဖြစ်သည်။ သို့သော် ဂျပန်နိုင်ငံသည် ဒိန်ခဲတင်သွင်းမှုအတွက် နိုင်ငံအလိုက် ခွဲတမ်းစနစ်ကျင့်သုံးရာ ဂျပန်ဈေးကွက်တွင် ယှဉ်ပြိုင်မှုများမြင့်တက်လာစေကြောင်း သိရှိရသည်။

Agribusiness & Trade

JAEPA အရ လက်မှတ်ရေးထိုးစဉ်ကတည်းက သြစတြေးလျ ဝိုင်များသည် ဂျပန်ဈေးကွက်တွင် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိနေပြီဖြစ်ပြီး၊ ဂျပန်နိုင်ငံသို့ သြစတြေးလျ ဝိုင် တင်ပို့မှုသည် ၂၆.၆ % တိုးလာခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဒေါ်လာ ၄၀.၄ သန်းမှ ၂၀၂၁ ခုနှစ်တွင် ၅၁.၂ သန်းအထိတိုးလာခဲ့ကြောင်း သိရှိရသည်။ ဂျပန် – ဗြိတိန် သဘောတူစာချုပ်အရ ၂၀၁၈ ခုနှစ်တွင် ဝိုင်အတွက် အကောက်ခွန်ကင်းလွတ်ခွင့် ရရှိနေပြီဖြစ်သည်။ သို့သော် CPTPP နှင့် JUSTA တို့အရ ဝိုင်ကို ၂၀၂၆ ခုနှစ်တွင် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး၊ RCEP အရ ၂၀၃၆ ခုနှစ်တွင် အကောက်ခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

လက်ရှိတွင် အီးယူ၊ ချီလီနှင့် သြစတြေးလျတို့က ဝိုင်ကို အကောက်ခွန် ၀ ရာခိုင်နှုန်းဖြင့် ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ ယင်းက အမေရိကန်၊ တောင်အာဖရိကနှင့် အာဂျင်တီးနားတို့ကဲ့သို့ပြိုင်ဘက်များထက် သာလွန်ကောင်းမွန်စေပြီး၊ သြစတေးလျဝိုင်သည် ဂျပန်နိုင်ငံတွင် ထူးထူးခြားခြားထုတ်ကုန်တစ်ခုအဖြစ် ရှိနေသေးကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံ၏ လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်အသစ်များက သြစတြေးလျစိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဂျပန်ဈေးကွက်တွင် ယှဉ်ပြိုင်မှုများမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………

## တရုတ်နိုင်ငံတွင် ကော်ဖီရေပန်းစားမှုက သြစတြေးလျ ကော်ဖီတင်ပို့မှု အခွင့်အလမ်းကို ဖြစ်ပေါ်စေခြင်း

တရုတ်နိုင်ငံ၏ မြို့ပြနှင့် ချမ်းသာသောလူဦးရေသည် ယခင်ကထက် ကော်ဖီကို ပိုမိုသောက်သုံးလာကြရာ ၂၀၁၈–၂၀၁၉ ခုနှစ်မှ ၂၀၂၀–၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးမှု ၁၄၀ % တိုးလာကြောင်း USDA အစီရင်ခံစာအရ သိရှိရသည်။ ကော်ဖီယဉ်ကျေးမှုသည် တရုတ်နိုင်ငံရှိလူအများနှစ်သက်သည့် အရှိန်အဟုန်ဖြင့် တိုးမြင့်လာသော မြို့ပြလူနေမှုပုံစံနှင့် ကိုက်ညီနေကြောင်း သိရှိရသည်။

တရုတ်ကော်ဖီတင်သွင်းမှုသည် ၂၀၂၁ ခုနှစ်တွင် ၁၄၄ % တိုးလာခဲ့ပြီး ဩစတြေးလျ ဒေါ်လာ ၁.၁၂ ဘီလီယံအထိ ရှိခဲ့သည်။ မလေးရှား၊ ဗီယက်နမ်၊ ဂျပန်၊ ဂွါတီမာလာနှင့် ကိုလံဘီယာ တို့သည် ထိပ်တန်းတင်သွင်းသူ(၅) ဦးဖြစ်ပြီး၊ စုစုပေါင်း ကော်ဖီတင်သွင်းမှု၏ ၅၇ % ခန့်ရှိကြောင်း တရုတ်အကောက်ခွန်ဌာန၏ ထုတ်ပြန်သော စာရင်းများအရ သိရှိရသည်။

ကော်ဖီလှော်အတွက် ဈေးကွက်ဝေစု အနည်းငယ်သာရှိသော်လည်း ဩစတြေးလျတွင် စိုက် ပျိုးပြီး လှော်ထားသော ကော်ဖီသည် အရည်အသွေးအတွက် ကျော်ကြားသည်။ Flat White (သို့) Ao Bai (Australia White) သည် တရုတ်ကော်ဖီဆိုင်များတွင် ပို၍ရေပန်းစားလာကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် ယခုအခါ ကမ္ဘာ့ကော်ဖီဈေးကွက်တွင် အလျင်မြန်ဆုံး ကြီးထွားလာ နေပြီး၊ ၂၀၂၂ ခုနှစ်၊ ဧပြီလအထိ တရုတ်နိုင်ငံတွင် ကော်ဖီဆိုင်ပေါင်း ၁၁၀,၀၀၀ ခန့်ရှိသည်။ တရုတ်နိုင်ငံ၏ တတိယအကြီးဆုံး ကော်ဖီသောက်သုံးသောမြို့ဖြစ်သော ချန်ဒူးမြို့တွင် ၂၀၂၀ ပြည့် နှစ်က တစ်ရက်လျှင် ကော်ဖီဆိုင်တစ်ဆိုင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ တရုတ်နိုင်ငံသည် Starbucks ဆိုင်ပေါင်း ၅,၄၀၀ ကျော်ရှိပြီး၊ Luckin Coffee ကဲ့သို့သော ဒေသတွင်း ပြိုင်ဘက်များ သည်လည်း လုပ်ငန်းများကို တိုးချဲ့လျက်ရှိကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အလယ်အလတ်ကော်ဖီထုတ်လုပ်သူဖြစ်ပြီး၊ ထုတ်လုပ်မှုအများ စုမှာ ပြည်တွင်း၌ စားသုံးကြကြောင်း သိရှိရသည်။ တရုတ်ကော်ဖီသောက်သုံးမှုသည် ပြည်တွင်း ထုတ်လုပ်မှုထက် ပိုမိုမြန်ဆန်စွာ တိုးမြင့်လာနေရာ ယင်းက ကမ္ဘာတစ်ဝှမ်းရှိ ကော်ဖီတင်ပို့သူများ အတွက် အခွင့်အလမ်းများ ဖန်တီးပေးနေသည်။

USDA မှ ပညာရှင်များက ၂၀၂၁-၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ကော်ဖီထုတ်လုပ်မှုသည် ၆၀ ကီလိုဂရမ် အိတ် ၁.၇၅ သန်းအထိ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။ တရုတ် ကော်ဖီထုတ် လုပ်သူများသည် ကော်ဖီထုတ်လုပ်မှုတွင် အမြတ်အစွန်းနည်းပြီး၊ အခြားသီးနှံများဆီသို့ ပြောင်းလဲ နေကြသည်။ တရုတ်နိုင်ငံ၏ ကော်ဖီတင်သွင်းမှုသည် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၆၀ ကီလိုဂရမ် အိတ် ပေါင်း ၄ သန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

တရုတ်ကော်ဖီဈေးကွက်သို့ ဝင်ရောက်ရန် ကြိုးပမ်းနေသည့် ဩစတြေးလျ ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူများသည် Austrade က ပြုစုထားသည့် တရုတ်ဈေးကွက်ဆိုင်ရာ အချက်အလက်များ ကို လေ့လာသင့်ကြောင်းနှင့် တရုတ်နိုင်ငံက ထုတ်ပြန်ထားသည့် ကော်ဖီစေ့အစိမ်းနှင့် လှော်ထား သောကော်ဖီစေ့များ တင်သွင်းရာတွင် လိုအပ်ချက်များ လက်စွဲစာအုပ်ကိုလည်း လေ့လာရန်လိုအပ်

Agribusiness & Trade

ကြောင်း အကြံပြုပြောကြားထားသည်။ USDA ကလည်း တရုတ် ကော်ဖီဈေးကွက် အစီရင်ခံစာကို ပြုစုထားကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## စားသောက်ကုန်ဈေးနှုန်း ကြီးမြင့်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ပို့ကုန်ကန့်သတ်ချက်များ မြင့်တက်လာခြင်း

ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ စံချိန်တင်မြင့်မားလာခြင်း၊ စွမ်းအင်နှင့် ဓာတ်မြေဩဇာကုန်ကျစရိတ်များ မြင့်တက်လာခြင်းနှင့် ရုရှား-ယူကရိန်း ပဋိပက္ခတို့ကြောင့် နိုင်ငံအချို့သည် အစားအစာတင်ပို့မှု ကန့်သတ်ချက်များကိုစတင်စေခဲ့ကြောင်း သိရှိရသည်။ ၁၅-၅-၂၀၂၂ ရက်နေ့အထိ၊ နိုင်ငံတကာ စားနပ်ရိက္ခာမူဝါဒ သုတေသနအဖွဲ့အစည်း (International Food Policy Research Institute-IFPRI) သည် အစားအစာနှင့်ဓာတ်မြေဩဇာ ထုတ်ကုန်များအပေါ်တင်ပို့မှု ကန့်သတ်ပြုလုပ်ထားသည့်နိုင်ငံပေါင်း ၂၃ နိုင်ငံကို မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာဈေးကွက်တွင် မသေချာမရေရာမှုများသည် IFPRI က ဖော်ပြခဲ့သော ပို့ကုန်ကန့်သတ်ချက်များကို ပိုမိုမြင်တွေ့လာဖွယ်ရှိသည်။ ယင်းကန့်သတ်ချက်များက ကုန်သွယ်မှုအတွက်ရရှိနိုင်သော ကုန်စည်အချို့၏ ထောက်ပံ့မှုကို လျှော့ချနိုင်သည့်အပြင် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများကိုလည်း တိုးမြင့်လာစေမည်ဖြစ်သည်။

ပို့ကုန်ကန့်သတ်ချက်များသည် ပို့ကုန်များကို ရပ်တန့်ရန် (သို့) ရပ်တန့်ရန် ရည်ရွယ်သော မူဝါဒများဖြစ်သည်။ စားနပ်ရိက္ခာတင်ပို့မှု ကန့်သတ်ချက်များသည် ပြည်တွင်းစားနပ်ရိက္ခာ ဈေးနှုန်းများကိုလျှော့ချရန်နှင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ရန် ရည်ရွယ်သည်။ ပို့ကုန်ကန့်သတ်ရေးမူဝါဒများတွင် ပို့ကုန်ခွန်ကောက်ခံခြင်း၊ ပို့ကုန်လိုင်စင်ခွင့်ပြုချက် လိုအပ်ခြင်းနှင့် ပို့ကုန်တားမြစ်ခြင်းတို့ပါဝင်သည်။

ပို့ကုန်ကန့်သတ်ခြင်းကို တစ်နိုင်ငံတည်းဆောင်ရွက်ပါက အချို့သော အခြေအနေများတွင် ပြည်တွင်းဈေးနှုန်းများကို လျှော့ချရန် အလားအလာရှိသော်လည်း နိုင်ငံအများအပြားက ကန့်သတ်

ချက်များကို ကျင့်သုံးလာသည်နှင့်အမျှ စျေးနှုန်းမတည်ငြိမ်မှု၊ ထိတ်လန့်တကြား ဝယ်ယူမှု၊ ရှားပါးမှုနှင့် သိုလှောင်မှုတို့ ဖြစ်နိုင်ခြေ ပိုများလာနိုင်သည်။

အာဂျင်တီးနား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကာဇက်စတန်နှင့် ရုရှားကဲ့သို့ အဓိကအစား အစာတင်ပို့ရောင်းချသူများဖြစ်သည့် အယ်လ်ဂျီးရီးယား၊ တူရကီနှင့် ဆားဘီးယားတို့ကဲ့သို့ အသေးစား တင်ပို့သူများမှာ အစားအသောက်တင်ပို့မှု ကန့်သတ်ချက်များကို စတင်ဆောင်ရွက်ခဲ့သည်။ ယနေ့ အထိ ကမ္ဘာ့စျေးကွက်အပေါ် သက်ရောက်မှုအကြီးဆုံး အစားအစာတင်ပို့မှု ကန့်သတ်ချက်များမှာ အင်ဒိုနီးရှားက စားအုန်းဆီတင်ပို့မှုကို တားမြစ်ထားခြင်း၊ အိန္ဒိယနိုင်ငံက ဂျုံတင်ပို့မှု ထိန်းချုပ်ထားခြင်းနှင့် ရုရှားက အစေ့အဆံ၊ ဆီထွက်သီးနှံများနှင့် သကြားတင်ပို့မှုကို ကန့်သတ်ထားခြင်းနှင့် ကာဇက်စတန်က ဂျုံနှင့် ဂျုံမှုန့်ကိုခွဲတမ်းဖြင့် တင်ပို့စေခြင်းတို့ဖြစ်ကြောင်း သိရှိရသည်။

သြစတြေးလျသည် ၂၀၂၂-၂၀၂၃ ခုနှစ် သီးနှံစိုက်ပျိုးရာသီအတွက် အပြုသဘောဆောင်သော အလားအလာကောင်းများရှိနေရာ သြစတြေးလျပို့ကုန် လုပ်ငန်းရှင်များသည် ပို့ကုန်ကန့်သတ်ချက်များကြောင့် ဖန်တီးထားသော ထောက်ပံ့မှုဆိုင်ရာ ကွာဟချက်အချို့ကို ဖြည့်ဆည်းပေးနိုင်မည့်အနေအထားသို့ ရောက်ရှိနေသည်။ ကမ္ဘာ့စျေးကွက်များတွင် မသေချာမရေရာမှုများ တိုးလာနေချိန်တွင် သြစတြေးလျ၏ အရည်အသွေးမြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ယုံကြည်စိတ်ချရသောကုန်ပစ္စည်းများ ထောက်ပံ့သူအဖြစ် ဂုဏ်သတင်းက အထူးအရေးကြီးကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## ဂျာမနီနိုင်ငံတွင် ဘီယာ ပုလင်းခွံထုတ်လုပ်မှုများ အခက်အခဲဖြစ်ပေါ်နိုင်ခြင်း

ဂျာမနီနိုင်ငံတွင် ထုတ်လုပ်မှုစရိတ်များမြင့်မားမှုနှင့် သယ်ယူပို့ဆောင်မှုအခက်အခဲများကြောင့် ဘီယာ ပုလင်းခွံထုတ်လုပ်မှုများ ပြတ်လပ်မှုကြုံတွေ့ရနိုင်ကြောင်း ဘီယာချက်စက်ရုံလုပ်ငန်းပိုင်ရှင်များက ပြောဆိုလာကြပါသည်။ **German Brewers' Federation** က အကြီးတန်းအမှုဆောင် အရာရှိ **Mr.Holger Eichele** က လာမည့်နွေရာသီအတွက် ဘီယာပုလင်းခွံများ လုံလောက်မှုမရှိတော့ဘဲ အသေးစားအလတ်စား ဘီယာချက်လုပ်ငန်းလုပ်ကိုင်သူများကို အများဆုံးထိခိုက်မှုရှိနိုင်ကြောင်း၊

Agribusiness & Trade

အခြားအကြောင်းတစ်ချက်မှာ ထရပ်ကားမောင်းသူများ ရရှိရန်ခက်ခဲလာခြင်းဖြစ်ပြီး **supply chains** ကို တည့်မတ်စေရန်အခက်အခဲများရှိလာကြောင်း၊ ရေရှည်စာချုပ်ချုပ်ဆိုလုပ်ကိုင်ခြင်း မရှိထားသည့် လုပ်ငန်းများအနေဖြင့် လွန်ခဲ့သည့်တစ်နှစ်ကထက် ဘီယာပုလင်းခွံအသစ်များကို ၈၀ ရာခိုင်နှုန်းပိုမို ပေး၍ ဝယ်ယူကြရမည့် အနေအထားတွင် ရှိနေကြောင်း၊ စားသုံးသူများအနေဖြင့် ဘီယာပုလင်းခွံ အလွတ်များကို ပြန်လည်အပ်နှံခြင်းဖြင့်ကူညီပေးကြစေလိုကြောင်း ထုတ်ဖော်ပြောဆိုပါသည်။ **Bitburger Brewery** လုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူကလည်း ဘီယာပုလင်းခွံများ ဝယ်လိုအားသည် ရောင်းလိုအားထက် ပိုမိုများပြားနေကြောင်း၊ ပြောဆိုပါသည်။ လက်ရှိတွင် လောင်စာစွမ်းအင်ထုတ် လုပ်မှုစရိတ်များမြင့်တက်လာမှုက ဘီယာပုလင်းခွံများထုတ်လုပ်မှုကို နှေးကွေးစေလျှက်ရှိပါသည်။

ဂျာမနီနိုင်ငံတွင် ဘီယာသောက်သုံးသူများအနေဖြင့် ဘီယာဝယ်ယူသောက်သုံးချိန်တွင် ဘီယာပုလင်းနှင့် ပလပ်စတစ်ဘူးခွံများအတွက် ကြိုတင်ပေးချေဝယ်ယူကြရပြီး ပုလင်းခွံ ဘူးခွံများ ကို ပြန်လည်ပေးသွင်းလျှင် မူလပေးချေထားသော တန်ဘိုးပြန်လည်ရယူနိုင်ပါသည်။ ကိုရိုနာဗိုင်း ရပ်စ်ရောဂါဆိုင်ရာ ထိန်းချုပ်ကန့်သတ်မှုများဖြေလျော့ပေးထားပြီးဖြစ်၍ ယခုနှစ်နွေရာသီတွင် ဆိုင်များ၌ ဘီယာသောက်သုံးမှုကို ကပ်ရောဂါကာလမတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင် မည်ဟု သတ်မှတ်စီစဉ်ထားကြပါသည်။

Source: https://www.dw.com/en/beer-bottle-shortage-for-summer-season-german-breweries-warn/a-61833275

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

…………………………………………………………………..

## အီးယူဒေသအတွင်း စီးပွားရေးတိုးတက်မှုနှုန်းနှင့် ငွေကြေးဖောင်းပွမှုအခြေအနေ

အီးယူဒေသအတွင်း ရုရှား-ယူကရိန်းပဋိပက္ခ၏ ရိုက်ခတ်မှုကြောင့် စွမ်းအင်နှင့်ကုန်စည် ဈေးနှုန်းများမြင့်တက်လာနေပြီး စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးလာကာ ငွေကြေးဖောင်းပွမှုနှုန်း များလည်းမြင့်မားလာပါသည်။ ဥရောပကော်မရှင်က ၂၀၂၂ ခုနှစ် ယူရိုဇုန်၏ စီးပွားရေးတိုးတက်မှု နှုန်းကို ယခင်ခန့်မှန်းထားသည့် ၄ ရာခိုင်နှုန်းမှ ၂.၂ ရာခိုင်နှုန်းသို့ လျော့ချပြောင်းလဲခန့်မှန်းထားပါ သည်။ အီးယူစီးပွားရေးကော်မရှင်နာ Mr.Paolo Gentiloni က အီးယူဒေသစီးပွားရေးကို ကပ်ရောဂါ

ကာလအလွန်တွင် ရေရှည်တောင့်တင်းခိုင်မာစွာ တိုးတက်မှုရရှိစေရန် မျှော်မှန်းထားခဲ့သော်လည်း ထောက်ပံ့ပို့ဆောင်မှုနှင့် supply chain ပိုင်း ယိုယွင်းမှုများဖြစ်ပေါ်စေပြီး ကုန်ကြမ်းတင်သွင်းမှု ဈေးနှုန်းများမြင့်တက်လာကာ ထုတ်လုပ်မှုပိုင်း ဝန်ထုပ်ဝန်ပိုးများဖြစ်လာစေကြောင်း၊ တရုတ်နိုင်ငံတွင် ကိုဗစ် ၁၉ ဆိုင်ရာထိန်းချုပ်ကန့်သတ်မှုများကလည်း ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်ပိုင်းကို အဟန့်အတားတစ်ခုဖြစ်စေကြောင်း၊ ၂၀၂၁ ခုနှစ် အတွင်း စီးပွားရေးနလန်ပြန်ထူလာနိုင်ခဲ့မှုများက ယခုလက်ရှိအကြပ်အတည်းများကို ပြန်လည်ထောက်ကူပေးနိုင်ပြီး ပြည်သူ့ကြွေးမြီနှင့် ဘတ်ဂျက် လိုငွေပြနေမှုများကို လျော့ပါးသက်သာစေမည်ဟု မျှော်လင့်ကြောင်း ပြောဆိုပါသည်။

ဥရောပကုန်သွယ်ရေးကော်မရှင်နာ Mr.Valdis Dombrovskis ကလည်း အီးယူဒေသ၏ စီးပွားရေးအခြေခံလိုအပ်ချက်များသည် ခိုင်မာအားကောင်းမှုရှိကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခ မတိုင်မီက အီးယူဒေသ၏ စီးပွားရေးအခြေအနေသည် ပြန်လည်အားကောင်းလာသည့် တိုးတက်မှု လမ်းကြောင်းတစ်ခုပေါ် ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ အလုပ်အကိုင်သစ်များ ဖန်တီးနိုင်ပြီး အလုပ်လက်မဲ့နှုန်းများကျဆင်းလာခဲ့ကြောင်း၊ ယခုအခါ စီးပွားရေးတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုအခြေအနေများသည် လက်ရှိအကြပ်အတည်းနှင့် စွမ်းအင်ဈေးကွက်ပေါ် ရိုက်ခတ်မှုများအား များစွာ မှီတည်နေကြောင်း ပြောဆိုပါသည်။

အီးယူအနေဖြင့် စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကြောင့် ၂၀၂၂ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းကို ၆ ရာခိုင်နှုန်းနှင့် ဒုတိယလေးလပတ်တွင် ၆.၉ ရာခိုင်နှုန်းထိ ရောက်ရှိနိုင်ပြီး ၂၀၂၃ ခုနှစ် တွင် ၂.၇ ရာခိုင်နှုန်း ရှိနိုင်ကြောင်း၊ အလုပ်အကိုင်ရရှိမှုနှုန်းကို ၁.၂ ရာခိုင်နှုန်းအားဖြင့် တိုးတက်နိုင်ကြောင်း၊ ခန့်မှန်းထားရှိပါသည်။

Source: https://www.dw.com/en/eu-lowers-economic-growth-expectations-amid-ukraine-war/a-61811671

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.................................................................

## အီးယူဒေသတွင်း စွမ်းအင်လုံလောက်မှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှု

အီးယူဒေသအတွင်း ရုရှားနိုင်ငံမှ လောင်စာစွမ်းအင်တင်သွင်းနေရခြင်းကို လျှော့ချနိုင်ရန် ဥရောပကော်မရှင်က ယူရို ၃၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်စီစဉ်ဆောင်ရွက်လျှက်ရှိသည်။ ဥရောပကော်မရှင် ဥက္ကဋ္ဌ Ms.Ursula von der Leyen က ဦးစွာ LNG terminals ကဲ့သို့ သောဂက်စ်အခြေခံအဆောက်အအုံတည်ဆောက်ရန် ယူရို ၁၀ ဘီလီယံကို စတင်ရင်းနှီးမြှုပ်နှံဆောင်ရွက်မည်ဖြစ်ပြီး ၂၀၃၀ ခုနှစ်တွင် ယူရို ၃၀၀ ဘီလီယံထိ ရောက်ရှိရန် ထောက်ပံ့ငွေနှင့် ချေးငွေတို့ဖြင့် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီးယူ (၂၇) နိုင်ငံခေါင်းဆောင်များက ဂက်စ်၊ LNG နှင့် ဟိုက်ဒရိုဂျင်များ ဖက်စပ်ပူးပေါင်းဝယ်ယူမှုအတွက် ပလက်ဖောင်းတစ်ခုတည်ထောင်ရန် သဘောတူညီချက်ထားရှိကြောင်း၊ အီးယူဒေသ စွမ်းအင်လုံလောက်စွာရရှိမှုကို ၂၀၃၀ ခုနှစ်တွင် ၉ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းသို့ တိုးမြှင့်သွားရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် လုံလောက်မှုကို ၄၀ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းသို့ တိုးမြှင့်သွားရန် ရည်ရွယ်ထားကြောင်း ပြောကြားပါသည်။

အီးယူက ရုရှားနိုင်ငံမှ ကျောက်မီးသွေးတင်သွင်းခြင်း တားမြစ်မှုကို လာမည့်ဩဂုတ်လတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ဂက်စ်တင်သွင်းမှု၏ သုံးပုံနှစ်ပုံအား ကန့်သတ်တားမြစ်ခြင်းအား ယခုနှစ်ကုန်ပိုင်းတွင် ဆောင်ရွက်ရန်ရှိပါသည်။ တစ်ဖက်တွင်လည်း ဟန်ဂေရီနိုင်ငံနှင့် အခြားကုန်းတွင်းပိတ် နိုင်ငံများအနေဖြင့် လောင်စာဆီတင်သွင်းမှုကန့်သတ်ချက်များအပေါ် လိုက်ပါဆောင်ရွက်ရန်အခက်အခဲများ ရှိနေကြဆဲဖြစ်သည်။

ဂျာမနီနိုင်ငံ၏ ပထမဦးဆုံး LNG terminal တည်ဆောက်မှုကို မြောက်ပိုင်းပင်လယ်ကမ်းခြေဒေသတွင် စတင်ဆောင်ရွက်နေပါသည်။ Ministry of Economic Affairs and Climate Action ဝန်ကြီး Mr. Robert Habeck က ယခုအပတ်အတွင်း LNG terminals တည်ဆောက်နေရာသို့ Lower Saxony ပြည်နယ်မှ Ministry of Environment and Energy ဝန်ကြီး Mr. Olaf Lies နှင့် အတူလာရောက်လေ့လာကြည့်ရှုခဲ့ပြီး ယခုနှစ်ကုန်ပိုင်းတွင် LNG terminals နှစ်ခု စတင်လည်ပတ်နိုင်ရန် ရည်မှန်းထားကြောင်း၊ အစောပိုင်းတွင် အခက်အခဲတစ်ချို့ရှိနိုင်မည်ဟု ယူဆကြောင်း၊ စီမံကိန်းနေရာဒေသအနီး ရေနေသတ္တဝါများအား ကာကွယ်စောင့်ရှောက်ရန်လိုအပ်ပြီး ဥပဒေပိုင်းအရ ကာကွယ်ပေးမှုများနှင့် Marine Conservation တွင် ထည့်သွင်းဖော်ပြခြင်းတို့ဆောင်ရွက်ရန် လိုအပ်ကြောင်းပြောဆိုပါသည်။ ဂျာမနီနိုင်ငံသည် အဆိုပါ LNG terminals တည်ဆောက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ဆောင်ရွက်ခဲ့ပြီး Open Grid Europe (OGE) ကဲ့သို့သော နိုင်ငံတွင်းရှိအကြီးဆုံး

ပိုက်လိုင်း ကွန်ယက်အော်ပရေတာ(Pipeline Network Operators) များအပါအဝင် ကုမ္ပဏီများစွာနှင့်လုပ်ငန်း စာချုပ်ချုပ်ဆိုလုပ်ကိုင်ထားရှိပါသည်။

Source: https://www.dw.com/en/eu-unveils-300-billion-plan-to-reduce-its-energy-dependency-on-russia/a-61838801

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………………………………………………..

Agribusiness & Trade